# ကျိန်စာ နှင့်

## ရသစာတမ်းများ

**ကိုမြင့်ထွန်း(Quality)**



စာအုပ်အမှတ်[ ၃၃၈ ]

**Quality Publishing House**

အမှတ် - ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။
mail: qualityph@gmail.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာရေးသူ | ကိုမြင့်ထွန်း(Quality) |
| ပုံနှိပ်ခြင်း | ပထမအကြိမ် (၂၀၁၅ ခုနှစ်၊ မတ်လ) |
| ပုံနှိပ်သူ | ဖြိုးဝေလျှံပုံနှိပ်တိုက် (၀၀၆၅၉) |
| စီစဉ်/ထုတ်ဝေသူ | Quality Publishing House<br>ကိုမြင့်ထွန်း (၀၀၂၆၇)၊<br>အမှတ် ၅၀၈/၅၁၂ (၂-ခ) ပထမထပ်၊<br>ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃ |
| အတွင်းဖလင် | Eagle |
| စာအုပ်ချုပ် | တင်မေထွန်း |
| က်နှာဖုံးအပြင်အဆင် | ပန်းချီ မျိုးမြင့် |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၀၀၀ ကျပ် |




# ကျွန်စာ နှင့် ရသစာတမ်းများ

ကိုမြင့်ထွန်း(Quality)

# မာတိကာ


| | |
|---|---|
| ကိုယ်ရေးအကျဉ်း | ၅ |
| အမှာစာ | ၆ |
| ရှက်တတ်ကြပါ | ၇ |
| ကုသိုလ်ကံ အကျိုးပေးများ | ၁၆ |
| အတ္တလျှော့ပေးကြပါ | ၂၇ |
| မင်းဆိုးမင်းညစ်ဘေးမှ ကင်းဝေးကြပါစေ | ၃၄ |
| နိုင်ငံတော်သီချင်းထဲက မွှေ | ၄၃ |
| မြေမြေမြေ | ၅၃ |
| ဇရာ | ၆၃ |
| အချိန်ရဲ့ဆုံးမစကား | ၇၂ |
| ကျိန်စာ | ၇၉ |
| ပရဟိတလုပ်ငန်းဟူသည် | ၈၇ |
| ဆရာ့ကျေးဇူး | ၉၉ |
| ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှုဂုဏ် | ၁၀၉ |



## ကိုယ်ရေးအကျဉ်း –

၁၉၇၀ ခုနှစ် မတ်လတွင် ဦးစိန်ဟုန် + ဒေါ်ကျင်အေးတို့မှ ဇလွန်မြို့၌ မွေးဖွားခဲ့ပါသည်။ ၁၉၈၃ ခုနှစ်မှစ၍ မြို့နယ်ထုတ် လူငယ်စာစောင်လေးများတွင် ကဗျာများ စတင်ရေးသားခဲ့ပါသည်။ ၁၉၈၇ ခုနှစ် ဒီဇင်ဘာလတွင် စာပေရုပ်ရှင်စတားမဂ္ဂဇင်းတွင် "ကံ့ကော်ရွာသူသို့" ဝတ္ထုတိုဖြင့် စာပေနယ်ထဲ ရောက်ရှိခဲ့ပါသည်။


ကလောင်အမည် မောင်ဇော်ထွန်း(ဇလွန်)ဖြင့် ငွေတာရီ၊ ရွှေသမင်၊ ရုပ်ရှင်မျက်မှန်၊ အိပ်မက်ဖူး၊ အပျိုမ၊ စာပေရုပ်ရှင်စတား၊ စံပယ်ဖြူ၊ သစ္စာ ဘာသာရေးစာစောင်၊ မြစ်မခမွေ့စာသဝဏ်၊ ဂန္ထဝင်၊ ပိတောက်နွယ်နှင့် အခြားစာစောင် မဂ္ဂဇင်းများတွင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများ ရေးသားခဲ့ပါသည်။ အခြားကလောင်ရှင်များနှင့်အတူ ၁၉၈၇ ခုနှစ် စက်တင်ဘာလတွင် "ပန်းအလင်္ကာ" ကဗျာစာအုပ် ထုတ်ဝေခဲ့ဖူးပါသည်။ လုံးချင်းအက်ဆေးစာအုပ်အဖြစ် နာမည်နှင့်နိဗ္ဗာန်၊ စိတ်ကောင်းရှိသောပညာတတ်၊ Name & Nivæna နှင့် ယခု ထုတ်ဝေသော ကျိန်စာနှင့် ရသစာတမ်းများ ဟူ၍ စာအုပ် (၄) အုပ် ထုတ်ဝေထားပြီး စာပေများ ဆက်လက်ရေးသားလျက် ရှိပါသည်။

ယခုအခါ စာပေထုတ်ဝေရေးဖြစ်သော Quality Publishing House နှင့် ဆုပြည့်စုံထွန်းစာပေတို့ကို တည်ထောင်ကာ လုံးချင်းစာအုပ်များနှင့် လစဉ်ထုတ် သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဂမ္ဘီရလောကမဂ္ဂဇင်း၊ HappyTime ကလေးရုပ်စုံစာစောင်၊ ပုံပြင်ကမ္ဘာကလေးရုပ်စုံစာစောင်၊ ဓမ္မဒူတ ဘာသာရေးမဂ္ဂဇင်းတို့တွင် အယ်ဒီတာနှင့် ထုတ်ဝေသူအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ စာ[illegible] ထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတွင် အတွင်းရေးမှူးအဖြစ် လည်းကောင်း ဆောင်ရွက်လျက် ရှိသည်။ ဇနီး ဒေါ်ခင်မာရွှေနှင့် သမီး မဆုပြည့်စုံထွန်းတို့နှင့်အတူ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်တွင် နေထိုင်လျက် ရှိပါသည်။

# အမှာစာ

စာရေးပျင်းသော ကျွန်တော်၏ တတိယမြောက်စာအုပ်လေး ဖြစ်ပါသည်။ ဓမ္မဒူတ ဘာသာရေးစာစောင်တွင် ရေးသားသော စာများ ဖြစ်သော်လည်း မကျေနပ်မှု ခံစားချက်များက လွှမ်းမိုးနေပါသည်။ ကိုယ့်မိသားစု တစ်စုတည်းအတွက် အေးချမ်းစွာ နေနိုင်သော်လည်း အစစအရာရာ အောက်ကျ နောက်ကျဖြစ်နေသော တိုင်းပြည်အတွက် စိုးရိမ်ပူပန် အားမရမှုများက နေ့စဉ်လိုလို ခံစားနေရပါသည်။ ၂၀၁၅ ခုနှစ် အာဏာလုပွဲနှင့်အတူ နယ်ပယ်အသီးသီးက ပွဲတင်လာသော အသံများက မိမိ၏ စိတ်မျက်စိ၊ စိတ်နားတွင် ရိုက်ခတ်လာသည်။ ပြည်သူတို့နှင့် ထပ်တူထပ်မျှ ခံစားရေးသားရသော စာတို့တွင် မရိုးသားသူတို့အပေါ် ဒေါသသံကဲနေမည်မှာ သေချာပါသည်။ သို့သော် မတတ်နိုင်။ စိတ်ထဲက လာသည့်အတိုင်း ရေးသားမိသဖြင့် တစ်စုံတစ်ရာလည်း တွေးမကြောက်တော့။ ထို့ကြောင့် စာအုပ်ခေါင်းစဉ်ကို ကျိန်စာနှင့် အခြားရသစာတမ်းများ ဟု ရဲရဲတပ်လိုက်ပါသည်။ ဖတ်ရှုခံစားကြပါကုန်။

ချင်ခင်လေးစားစွာဖြင့်
ကိုမြင့်ထွန်း(Quality)



# ရှက်တတ်ကြပါ

နွေဦးရောက်လေပြီ။

ကလေးများ အတန်းတင်စာမေးပွဲပြီး၍ နွေရာသီ ကျောင်းရက်ရှည် ပိတ်လေတော့မည်။ ယနေ့ခေတ် ကလေးငယ်များမှာ ကျောင်းပိတ်ချိန်တွင်လည်း အနားယူချိန်မရှိ။ နောက်နှစ်အတန်းအတွက် ကျူရှင်များတက်ခြင်း၊ ဘာသာစကားနှင့်ပတ်သက်သော သင်တန်းများတက်ခြင်း၊ ကွန်ပျူတာနှင့် အခြားသောသင်တန်းများက ကျောင်းပိတ်ရက်အ[illegible] နေရာယူထားလေသည်။ ကျွန်တော်တို့ ငယ်ငယ်ကကဲ့သို့ အပူအပင်ကင်းစွာ ခုန်ပေါက်ပြေးလွှားကစားခြင်းမျိုးကို ယခုခေတ်ကလေးငယ်များ

မရနိုင်ပါ။ ရန်ကုန်ကဲ့သို့ မြို့ကြီးတွင်နေရသော ကလေးများက ပိုမိုဆိုးဝါး လှပါသည်။ တိုက်ခန်းကျဉ်းကျဉ်းလေးထဲတွင် TV ကြည့်ရင်း၊ Game ဆော့ရင်း ပျော်ရွှင်ကြရသည်။

ထိုသို့ TV များ Game များနှင့် Online မှ သတင်းအချက်အလက်များက ကြည့်ခါစတွင် ဖျော်ဖြေစရာ တစ်ခုအနေဖြင့် စတင်သုံးစွဲခဲ့သော်လည်း နောက်ပိုင်းတွင် စိတ်ဖိစီးမှု ပိုများလာစေသည်။ ၎င်းအပြင် မှားယွင်းသော အတုမြင်အတတ်သင်သည့် ကိစ္စရပ်များကိုလည်း ရင်ဆိုင်လာရပေသည်။ အရှိန်အဟုန်နှင့် ပြောင်းလဲလာသော ခေတ်ကြီး၏ အံ့မခန်းသော တီထွင်ဖန်တီးမှုစွမ်းအားများကြောင့် မိမိအိမ်ရှိ မိမိအခန်းငယ်လေးအတွင်း၌ပင် တစ်ကမ္ဘာလုံးက အဖြစ်အပျက်များကို သိမြင်ခွင့်ရရှိသကဲ့သို့ မိမိ၏အကျင့်စာရိတ္တကိုလည်း ချိုးဖောက်ခွင့်ရနေသည့် ခေတ်ကြီး ဖြစ်နေပါသည်။

မနှစ်က ဖေဖော်ဝါရီလ (၁၄) ရက်နေ့ ချစ်သူများနေ့က မြေနီကုန်းရှိ မီးပွိုင့်လမ်းလယ်ကျွန်းတွင် လူငယ်စုံတွဲနှစ်ဦးက ထိုမီးပွိုင့်၌ပင် မိမိချစ်သူ ကောင်မလေးအား ဒူးထောက်၍ ပန်းစည်းပေးသော သတင်းလေးကို ကြားလိုက်ရသည်။ လူများ၊ ကားများ လွန်စွာရှုပ်ထွေးပြည့်နှက်နေသော နေရာတွင် ကိုရီးယားကားထဲမှ မင်းသမီး၊ မင်းသား၏ ချစ်ခန်းကြိုက်ခန်းကို အတုယူကာ ဤကဲ့သို့ပြုမူကြောင်း ထင်ရှားပါသည်။ ၎င်းကိစ္စအတွက် ရှက်ခြင်း၊ ကြောက်ခြင်း မရှိသည့်အပြင် ဂုဏ်ယူဝံ့ကြွားစွာဖြင့် ပြုမူခဲ့ခြင်း ...ည်း ဖြစ်ပါသည်။ မြန်မာတို့၏ထုံးတမ်းဓလေ့အရ ချစ်သူရည်းစားဘဝ၌ပင် ပဝါတစ်ကမ်း လက်တစ်လှမ်းဆိုသော ခေတ်သည်လည်း တော်တော်ပြတ်၍ ကျန်ခဲ့ပေပြီ။ သုံးနှစ်သုံးမိုး စောင့်စားသည်ဆိုသည့်ကိစ္စ

မှာလည်း ဘိုးတော်ဘုရားခေတ်က အတွေးအခေါ်များအဖြစ် ကျန်ရစ်ခဲ့လေသည်။ ဤအခြေအနေများအားလုံးသည် ခေတ်မီမီဒီယာများ၏ ပြုပြင်မှုများသာ ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူထုတ်လွှင့်ပေးနေသည့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များတွင် ကြည့်ပါ။ လူရွှင်တော်များ၏ စကားနှင့်ဆိုရသော် ရင်ထုပြီး လင်လုသောဇာတ်ကွက်များပါသည့် ကိုရီးယားကားများကသာ ချယ်နယ်တိုင်းမှာ ဖုံးလွှမ်းလျက် ရှိပါသည်။ ၎င်းကားများမှာ ဖော်မြူလာအတိုင်း လူစိတ်ဝင်စားအောင် ဇာတ်ကွက်ချရေးသားထားသောဇာတ်လမ်းများနှင့် သရုပ်ဆောင်များကြောင့် ကြည့်မိသူတော်တော်များများကလည်း ကြိုက်နှစ်သက်ကြပါသည်။ သို့သော် ဇာတ်လမ်းတိုင်းတွင် အိမ်ထောင်ရေးဖောက်ပြန်သည့်အကြောင်း၊ သူများအိမ်ထောင်အား ဖျက်ဆီးသည့်အကြောင်း၊ မိန်းကလေးများ ဆိုဂျူးသောက်၍ မူးသည့်ဇာတ်လမ်း၊ မိန်းကလေးက စတင်၍ ချစ်စကား ကြိုက်စကား ပြောသည့်အခန်း၊ မိန်းကလေးအား ကုန်းပိုးသည့်အခန်း စသော ဇာတ်ဝင်ခန်းများမှာ ဇာတ်ကားတိုင်းလိုလို ပါရှိနေပါသည်။ ထိုဇာတ်ကားများကို စိတ်ဝင်တစား ကြိုက်နှစ်သက်စွာ ကြည့်ရှုဖန်များလာသည့်အခါ မီဒီယာ၏ စိမ့်ဝင်မှုသဘောတရားအရ ကြည့်ရှုသူတို့၏စိတ်ထဲသို့ တစိမ့်စိမ့် ဝင်ရောက်လာခဲ့ပါသည်။ ကြာလာသောအခါ ရိုးသလို ဖြစ်လာသည်။ ထိုအခါ ဤအပြုအမူများကို အခြားသူများ ပြုမူခဲ့သောအခါတွင်လည်း မထူးဆန်းသလို ဖြစ်လာပါသည်။ မိမိကိုယ်တိုင် ပြုမူရန်လည်း အလိုရှိ ရဲဝံ့လာပါသည်။ ယခုအခါ မြန်မာတစ်ပြည်လုံး ကိုရီးယား wave ခေါ် ကိုရီးယားယဉ်ကျေးမှု လှိုင်းလုံးကြီး အရိုက်ခံနေရပြီ ဖြစ်ပါသည်။

မြန်မာလူမျိုးတို့သည် ကိုယ့်ရိုးရာ၊ ယဉ်ကျေးမှုဓလေ့စရိုက်ဖြင့် နေထိုင်ခဲ့ကြသော်လည်းယခုအခါမိမိ၏ယဉ်ကျေးမှုဓလေ့များကိုထိန်းသိမ်းရန် ခက်ခဲလာပြီဖြစ်ပါသည်။ အိမ်နီးချင်းတို့၏ ယဉ်ကျေးမှု၊ အနောက်တိုင်း ယဉ်ကျေးမှု စသော ယဉ်ကျေးမှုများက ပွင့်လင်းမြင်သာစွာ ကူးစက်လာပြီ ဖြစ်ပါသည်။ ၎င်းတို့၏ အကျိုးဆက်ကား နေ့စဉ်ထုတ် သတင်းစာများတွင် ဖတ်ရှုနေရသည့် အဓမ္မပြုကျင့်မှုများက သက်သေအဖြစ် တွေ့မြင်နေရပါသည်။

လူငယ်များ၏ လွဲမှားသော ဂုဏ်ယူတတ်မှုများမှာလည်း ခေါင်မလုံသော လူကြီးများ၏ အကျင့်စရိုက်များမှ ကူးစက်ပြန့်ပွားလာခြင်းပင် ဖြစ်ပါသည်။ စစ်အစိုးရခေတ် တစ်ခေတ်လုံး လာဘ်ပေးလာဘ်ယူမှု အမြင့်မားဆုံး ဖြစ်ခဲ့ပါသည်။ လစာတစ်သိန်းခွဲခန့်ရရှိသော ပြန်တမ်းဝင် အရာရှိတစ်ဦးက သိန်းတစ်ထောင်တန် ကားစီးနိုင်ခြင်း၊ လစာ ငါးသိန်းခြောက်သိန်းထက် မပိုသော ဗိုလ်ချုပ်တစ်ယောက်က ဒေါ်လာငါးသန်းတန် အိမ်ဝယ်နိုင်ခြင်း စသည်တို့ကို လေ့လာကြည့်လျှင် မချိမဆန့် လာဘ်စားထားကြောင်း သိသာထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပါသည်။ ၎င်းတို့၏ သားသမီးများကလည်း ဖခင်၏ လစာထက် ဘေးဘီရငွေအား ပိုမိုဂုဏ်ယူတတ်ကြသည်။ လူငယ်အများစုကလည်း ၎င်းတို့ ခွင်ကောင်းကောင်းရရှိနိုင်မည့် ရာထူးနေရာမျိုးအား ပိုမိုမက်မောလာကြသည်။

ငွေကြေးကို အလွယ်တကူရရှိကြသော အရာရှိကြီးများ၊ လုပ်ငန်းရှင်ကြီးများကြောင့် အစိုးရခေတ်တစ်လျှောက်လုံး စပွန်ဆာဆိုသော စကားကကြီးစိုးခဲ့သည်မှာ ယနေ့အထိ ဖြစ်သည်။ တစ်ရာနှင့် ဖျက်ဆီး၍မရပါက တစ်ထောင်ပေး၍ ဖျက်ဆီးတတ်သော ခရိုနီကြီးများ၏ စရိုက်ကြောင့်

အနပညာလောကအပါအဝင်နယ်ပယ်အသီးသီးသည်လည်းပျက်စီးလာခဲ့ပါသည်။ ၎င်းကဲ့သို့ အခွင့်အရေးနှင့် ငွေကိုပေး၍ ဖျက်ဆီးခြင်းများမှာ ဘာသာရေးနယ်ပယ်အထိ ရောက်ရှိလာသောအခါမြန်မာတို့၏ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများက စိတ်ဓာတ်ပြင်းပြသူ အချို့ထံတွင်သာ ကျန်ရစ်နေပေတော့သည်။ အများစုမှာ မိုးခါးရေသောက် ဖြစ်ကြသူများ ဖြစ်သွားကြပါသည်။ ဤအခြေအနေအားလုံးကို ဆန်းစစ်ကြည့်ပါက အဖြေတစ်ခုတည်းသာ တွေ့ရပါသည်။ ၎င်းမှာ သူတော်ကောင်းတရား (၇) ပါးတွင်ပါရှိသော ဟိရီနှင့် ဩတ္တပ္ပ ဆိုသည့် မကောင်းမှုပြုလုပ်ရမည်ကိုရှက်တတ်၊ကြောက်တတ်သောစိတ်ဓာတ်မရှိတော့ခြင်းကြောင့် ဖြစ်ပါသည်။

အရှက်အကြောက်မရှိသော လူသည် တိရစ္ဆာန်နှင့် မခြားပေ။ တိရစ္ဆာန်တို့သည် အိပ်ခြင်း၊ စားခြင်း၊ မေထုန်မှီဝဲခြင်း သုံးမျိုးသာသိရှိကြသည်။ ရှက်တတ်၊ ကြောက်တတ်ခြင်း တရားမရှိသည့်အတွက် အိပ် စားကာမကိစ္စများအတွက်အချိန်နေရာရာသီမရွေးပြုမူကြပါသည်။ လူတို့မှာ တိရစ္ဆာန်ထက် အသိဉာဏ် မြင့်မားရုံမျှမက ယဉ်ကျေးသော လူမှုအသိုင်းအဝိုင်းကို ထူထောင်ထားသူများဖြစ်သည့်အတွက် အရှက်တရား၊ အကြောက်တရားများဖြင့် ထိန်းသိမ်းကာ ယဉ်ယဉ်ကျေးကျေး ပြုမူကြသည်ဟု ဆိုသည်။ ယခုခေတ်ကာလတွင်မူ လူနှင့်တိရစ္ဆာန် သိပ်မကွာတော့ပေ။ တစ်ခါတစ်ရံလူကပင် တိရစ္ဆာန်ထက် ဆိုးသော သတင်းများကို ကြားသိဖတ်ရှုနေရပါသည်။

လူတို့၏စိတ်မှာ တိရစ္ဆာန်များထက်ပို၍ လောဘကြီးကြပါသည်။ တိရစ္ဆာန်များမှာ မည်သည့်ကိစ္စမဆို တဒင်္ဂအတွက်သာ စဉ်းစားကြပါ

သည်။ အစားအသောက်စားရာတွင်လည်း နေ့ဖို့ညစာ ချန်ထားလေ့ မရှိ။ လူများကမူ တစ်သက်တာအတွက် ရှာဖွေစုဆောင်းရုံသာမကအချို့သော လောဘကြီးသူများမှာ တစ်နိုင်ငံလုံးစားသောက်နိုင်သည့်အတိုင်းအတာများကိုပါ မိမိတစ်ဦးတည်း အပိုင်စီးသည်အထိ လောဘများ ကြီးကြလေသည်။ လောဘကြောင့် အရှက်အကြောက်တရားလည်းကင်းမဲ့လာကြပါသည်။ မကြာသေးခင်က ပြည်ထောင်စုဝန်ကြီးတစ်ဦး၏အဖြစ်အပျက်ကို ဆန်းစစ်ကြည့်ပါက ရှက်ခြင်း၊ ကြောက်ခြင်း တရားများ ကင်းမဲ့ခြင်း၏ အဓိပ္ပာယ်ကို တွေ့မြင်နိုင်မည် ဖြစ်ပါသည်။ မီဒီယာများအား ပုဆိုးလှန်ပြရဲတယ်၊ နယ်လှည့်ပါးရိုက်ခဲ့သည့်သူဟု သူ့ကိုယ်သူ အမွှမ်းတင်ပြီး ရွာသားများရှေ့တွင် ပြောခဲ့သောကြောင့် တိုင်းသိပြည်သိ ဝေဖန်ခံခဲ့ရသည်။ ၎င်းဝန်ကြီး နုတ်ထွက်ပေးရန် ဆန္ဒပြပွဲများလည်း ပေါ်ပေါက်ခဲ့သည်။ သို့သော် ၎င်းဝန်ကြီးမှာ နုတ်ထွက်မည်ဟု တစ်ခွန်းမျှ မပြော။ မိမိအမှားကိစ္စအားလည်း တာဝန်မယူ။ အရှက်တရား ကင်းမဲ့စွာ ရာထူးအား ယနေ့တိုင် ဖက်တွယ်ထားလျက် ရှိပါသည်။

အလားတူအဖြစ်အပျက်မျိုး ဖြစ်ပျက်သည့် ဝန်ကြီးပေါင်း မြောက်မြားစွာလည်း ခြေထောက်နှင့်ကန်ထုတ်တောင် ထွက်မည့်ပုံမပေါ်။ အုပ်ချုပ်သူ လူတန်းစား၏ အရှက်တရားကင်းမဲ့မှုများကြောင့် နောင်လူငယ်များ အတုခိုးမှားမည်ကို စိုးရိမ်ရသည့် အခြေအနေဖြစ်ပါသည်။

လူနှင့်တိရစ္ဆာန် အဓိကကွာခြားချက်မှာ ဟီရိဩတ္တပ္ပသာ ဖြစ်ပါသည်။ အသိဉာဏ်ရှိသော လူတို့သည် မကောင်းမှုပြုရန် ရှက်တတ်ကြပါသည်။ မကောင်းမှုပြုရန် ကြောက်တတ်ကြပါသည်။ မကောင်းမှုပြုခြင်း၌ ရှက်ခြင်း ကြောက်ခြင်းတရား မရှိသူတို့သည် တိရစ္ဆာန်နှင့် အတူတူပင်

ဖြစ်ပါသည်။ မည်သည့်ကိစ္စမှ ဂရုစိုက်ရန် မလိုတော့ပေ။ ထိုအခါ အတ္တလည်း ပိုမိုကြီးမားလာပါသည်။ အတ္တကြီးသူတို့၏ ထုံးစံအတိုင်း မိမိအတွက်သာ တွေးတောတတ်ကြသည်။ ယနေ့ခေတ် တိုင်းပြည်ဦးဆောင်သူ အများစုမှာ ဟီရိဩတ္တပ္ပကင်းမဲ့သူများဖြစ်သည့်အတွက် တစ်နိုင်ငံလုံးရှိ ရေမြေတောတောင် သဘာဝသယံဇာတများအား မိမိပိုင်သကဲ့သို့ သိမ်းပိုက်စိုးမိုးခြယ်လှယ်ကာ ပြုမူနေကြခြင်းပင် ဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံတွင် ပြည်သူနှင့် တစ်သွေးတည်း တစ်သားတည်း ရပ်တည်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော ခေါင်းဆောင်မျိုး ပေါ်ပေါက်ခဲ့ဖူးပါသည်။ လမ်းဘေးတွင် အနွေးထည်မရှိ ချမ်းနေသော ဆင်းရဲသူတစ်ယောက်အား မိမိအနွေးထည်ကို ချွတ်ကာ ဝတ်ပေးခဲ့ရုံသာမက ခင်ဗျားဆင်းရဲတာ ကျွန်တော့်မှာ တာဝန်ရှိတယ်ဗျာဟု ပြောဆိုခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ ပုံရိပ်လေးအား သတိရမိပါသည်။ ၎င်းအပြင် ရှမ်းစော်ဘွားတစ်ယောက်က မိမိပိုင်သော ရွှေတုံးအား ဗိုလ်ချုပ်အသုံးပြုဖို့ လာရောက်လှူဒါန်းခဲ့သော်လည်း အားနာ၍ လက်ခံရုံသာ လက်ခံခဲ့ပြီး ၎င်းပြန်သွားသည်နှင့် ဖဆပလရုံးသို့ လွှဲပြောင်းလှူခဲ့သော ဗိုလ်ချုပ်၏ ပုံရိပ်များမှာ ယနေ့ခေတ် ဗိုလ်ချုပ်ကြီးများနှင့်ယှဉ်လျှင် "ဥတုနှင့် ပုဇွန်ဆီ၊ ဒွန်ပီပီယှဉ်တွဲလို့၊ စပ်ဖဲက အတွင်းခံ၊ ရိုင်းမိုက်တဲ့ညဏ်၊ မိုးကြိုးနှင့် အီးသံလို၊ ခရီးမိုင် ကွာဝေးလွန်းလှချည်လေး" ဟု စလေဦးပုညကဲ့သို့ ရေးရပေတော့မည်။ ထိုကဲ့သို့သော ခေါင်းဆောင်ကောင်းတစ်ယောက် ပေါ်ထွန်းခဲ့သော မြန်မာပြည်သည် ဗိုလ်ချုပ်သေဆုံးသည်မှ ယနေ့တိုင် မိမိကိုယ်ကျိုးစီးပွားကိုသာ ရှာဖွေသော အရက်တရားကင်းမဲ့သည့် ခေါင်းဆောင်များကိုသာ ကြုံခဲ့ရပါသည်။ ၎င်းခေါင်းဆောင်များ လက်အောက်

တွင် နေထိုင်ရသော ပြည်သူများမှာ စိတ်ဓာတ်အား စနစ်တကျ ဖျက်ဆီးခံကြရသူများသာ ဖြစ်ပါသည်။ ယနေ့ ပွင့်လင်းလာသောခေတ်တွင် ဘုန်းတော်ကြီးများအပါအဝင်လူတိုင်းပြောပြောနေသောစကားမှာ MindSelf ပြုပြင်ရမည်ဆိုသော စကားလုံးသာဖြစ်ပါသည်။ လူတို့၏မကောင်းသော စိတ်ဓာတ်၊ မကောင်းသော အမူအကျင့်များကို ပြုပြင်ရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ သို့သော် ပြုပြင်ဖို့ အခွင့်အရေး မတွေ့မြင်မိသေးပါ။

အစိုးရရုပ်သံမီဒီယာများအပါအဝင် သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ ရုပ်ရှင်၊ ဂီတ၊ အနုပညာလောက အားလုံးက မီဒီယာလွတ်လပ်ခွင့်ကို ရှေ့တန်းတင်ကာ အရက်၊ ဆေးလိပ်၊ သရုပ်ပျက်ဝတ်စားဆင်ယင်မှုနှင့် လိင်ကိစ္စ အသားပေး ဖျော်ဖြေမှုများကိုသာ အနုပညာခေါင်းစဉ် တပ်၍ ဆောင်ရွက်နေကြပါသည်။ ဆုတ်ခေတ်ရောက်၍လားတော့ မသိပေ။ ကမ္ဘာနှင့်အဝှမ်း မီဒီယာများမှာလည်း အထက်ပါကိစ္စများကိုသာ ဦးစားပေးသည့် အနေအထားမျိုးကြောင့် မိဘကလည်း သားသမီးကို ထိန်းကျောင်းရန် ပိုမိုခက်ခဲလာသော ခေတ်ဖြစ်လာပါသည်။


မနစ်က နွေရာသီတွင် သမီးအား ယဉ်ကျေးလိမ္မာသင်တန်းအိမ်တွင် ဖွင့်လှစ်သင်ကြားပေးခဲ့ဖူးပါသည်။ ယခုနှစ်တွင်မူ သမီး၏ယဉ်ကျေးလိမ္မာ သင်တန်းတွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများကိုပါ ခေါ်ယူသင်ကြားပေးရ မလားဟု စဉ်းစားမိပါသည်။ ၎င်းတို့ဖန်တီးသော အရက်တရားကင်းမဲ့သည့် ပတ်ဝန်းကျင်တွင် နေနယ်သော လူငယ်များ၏စိတ်ဓာတ်များ မည်မျှကြံ့ခိုင်နိုင်ပါမည်နည်း။ ၎င်းတို့၏လောဘကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး အခင်းအကျင်းများတွင် ကောင်းသော စိတ်ဓာတ်များ ရှင်သန်အောင် မည်ကဲ့သို့ မွေးမြူရပါမည်နည်း။ ဆရာကြီး

ဟံသာဝတီ ဦးဝင်းတင်၏ အကြံပြုချက်အတိုင်း ဝန်ကြီးယဉ်ကျေးလိမ္မာသင်တန်းကိုသာ ဆရာတော်များက အရင်ဖွင့်လှစ်သင်ကြားပေးနိုင်လျှင် ကောင်းမည်ထင်ပါသည်။ စံပြုထိုက်သော ပုဂ္ဂိုလ်မရှိသော အရပ်၌ မိမိနှစ်သက်သည့် ပုဂ္ဂိုလ်ကိုသာ စံပြုလေးစားတတ်ကြပါသည်။

●

နွေဦးရောက်လေပြီ။

ကျောင်းများလည်း မကြာခင်ပိတ်တော့မည်။ မနှစ်က သမီးဆုပြည့်စုံအား ယဉ်ကျေးလိမ္မာသင်တန်း အိမ်မှာပင် ဓမ္မဒူတမဂ္ဂဇင်း၏ ဒု-အယ်ဒီတာချုပ် ဆရာဦးထင်ဇော်နှင့် သင်ကြားပေးခဲ့ပါသည်။ ယခုနှစ်လည်း သင်ပေးရပါဦးမည်။ မကောင်းတာလုပ်ရမည်ကို ရှက်တတ်သောစိတ်၊ ကြောက်တတ်သောစိတ် ရှိစေချင်ပါသည်။ သို့သော် ခေါင်မိုးမလုံသော မြန်မာနိုင်ငံ၏ ရွံ့နွံများကြား သမီးကလေးမှာ ကြာပွင့် တစ်ပွင့်ဖြစ်လာနိုင်မည်လား၊ ကျွန်တော့်အနေဖြင့် စိုးရိမ်တကြီး စောင့်ကြည့်နေရဦးမည်သာ ဖြစ်ပါသည်။



# ကုသိုလ်ကံအကျိုးပေးများ

ကျွန်တော်တို့မြို့ကလေးသို့ ရုပ်မြင်သံကြားစက် စတင်ရောက်ရှိလာချိန်မှာ ၁၉၈၂ ခုနှစ် ဝန်းကျင်က ဖြစ်ပါသည်။ တစ်မြို့လုံးတွင် နှစ်အိမ်သုံးအိမ်လောက်သာရှိပြီး တရုတ်အိမ်တစ်အိမ်မှာ ညစဉ် ရုပ်မြင်သံကြားအား လူတစ်ယောက် ပြားငါးဆယ်နှုန်းယူ၍ ပြသပါသည်။ ရုပ်ရှင်ဇာတ်လမ်းများ ရှိသောနေ့တွင် ရုံပြည့်ရုံလျှံ အားပေးခြင်း ခံရပါသည်။ တစ်ရက်တွင် "မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ" ဟူသော အစီအစဉ်လေး ပြသပါသည်။ ထိုနေ့တွင် လူများမှာ ရုံအပြည့်ဖြစ်နေပါသည်။ ကျွန်တော် ရောက်သွားချိန် နောက်ကျသဖြင့် ရုံထဲဝင်ခွင့် မရတော့ပေ။ ဗီဒီယိုကဲ့သို့

သော နေ့စဉ် အခွေနင့်ပြနိုင်သော အခြေအနေမျိုး မဟုတ်သဖြင့် ထိုနေ့ မကြည့်လိုက်ရပါကနောက်ပိုင်းကြည့်ရဖို့မလွယ်ပေ။ ရုံပိုင်ရှင်ကိုတောင်း ပန်သော်လည်း နေရာ ပေးစရာ လုံးဝမရှိသောကြောင့် ရုံရှေ့ကနေ ငေး၍ သာပြန်ခဲ့ရပါသည်။ ထိုစဉ်က ကျွန်တော့်အသက်မှာ ၁၂ နှစ်ခန့်ဖြစ်သော် လည်း ထိုအဖြစ်အပျက်ကလေးကို မေ့၍မရခဲ့ပေ။

နောက်တစ်နှစ်လောက်အကြာတွင် တယ်လီဗေးရှင်းအပြင် ဗီဒီယို စက်များပါ မြို့ကလေးသို့ ရောက်ရှိလာပါသည်။ ပထမဦးဆုံး ဗီဒီယိုစက် ကို စတင်သွင်းခဲ့သူမှာ အိန္ဒိယလူမျိုး ဦးနိမ်နား ဖြစ်ပါသည်။ စီးပွားရေး အကွက်မြင်သူပီပီ ကျွန်တော်တို့တက်ရာ အထက်တန်းကျောင်းမှ ဆရာ များနှင့်ညှိ၍ ကျောင်းပိတ်ရက် တနင်္ဂနွေနေ့တွင် ကျောင်းစာကြည့်တိုက် ပေါ်၌စက်ကို သယ်ဆောင်ကာ ကျောင်းသားတစ်ယောက်လျှင် တစ်ကျပ် နှုန်းဖြင့် ပြသခဲ့ရာ တစ်နေ့လျှင် သုံးလေးကြိမ်နှုန်း ပြသခဲ့ရပါသည်။ ပထမ ဦးဆုံးကြည့်ခဲ့ဖူးသော ဇာတ်ကားမှာ ဂျက်ကီချန်းပါဝင်သော အရက်မူး သမား သိုင်းကား ဖြစ်ပါသည်။ ထိုစဉ်က ကလေးပီပီ တယ်လီဗေးရှင်း စက်များ လိုချင်သော်လည်း မိမိနှင့် လုံးဝမနီးစပ်သော၊ မတတ်နိုင်သော ကိစ္စဖြစ်သဖြင့် မေ့မေ့ပျောက်ပျောက် နေဖြစ်ခဲ့ပါသည်။ စက်ကို ဝယ်နိုင်ဖို့ နေနေသာသာအိမ်တွင်လျှပ်စစ်မီးမရှိဘဲမီးတိုင်ခွက်နှင့်စာကြည့်ရသော ကာလမျိုးဖြစ်နေပါသည်။

အသက် ၂၀ စွန်းခါစကာလအထိ တယ်လီဗေးရှင်း လုံးဝ မပိုင်ဆိုင် ခဲ့ပါ။ ၁၄ လက်မ အဖြူအမည်း တီဗီလေးတစ်လုံးအား မြို့နယ်သမဆိုင် တွင် ရောင်းချရန် တင်ထားသည်ကို တွေ့ရပါသည်။ ဈေးနှုန်းမှာ ကျပ် ၅၀၀၀ သာ ဖြစ်သော်လည်း လုံးဝမဝယ်နိုင်ခဲ့ပါ။ အသက် ၂၂ နှစ်သား

တွင် ရန်ကုန်သို့ အလုပ်လုပ်ရန် ထွက်ခွာလာခဲ့ပါသည်။ တစ်နှစ်ခန့် အကြာတွင် ငွေကြေးအတန်အသင့် အဆင်ပြေသောကြောင့် တီဗီတစ်လုံး စတင်ဝယ်ယူလိုက်သော်လည်း နယ်မှာရှိသော မိသားစုများအတွက် ပို့ပေးနိုင်ခဲ့ပါသည်။ ထိုစဉ်က အပြင်အရောင်းဆိုင်များ ကျယ်ကျယ်ပြန့်ပြန့်မရှိဘဲ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ ဒေါ်လာသွင်း၍ တိုရှီဘာဆိုင်တွင် ဝယ်ယူရသောစနစ်မျိုး ဖြစ်ပါသည်။

မိသားစုအတွက် အမေ့ထံမှ စိုက်ငွေအနည်းအကျဉ်းနှင့် တီဗီဝယ်ယူပေးနိုင်သော်လည်း ကျွန်တော့်အတွက်မူ မှတ်မှတ်ရရ ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားပွဲကျမှသာ ရုပ်မြင်သံကြားစက်တစ်လုံး ကိုယ်ပိုင်ဝယ်ယူနိုင်ခဲ့ပါသည်။ မိသားစုကိုဦးစားပေးခဲ့သည့် စေတနာကြောင့်လားတော့ မသိ၊ စမ်းချောင်းထဲတွင် တီဗီဂိမ်းများ ခေတ်စားသောအခါ ဂိမ်းဆိုင်သုံးလေးဆိုင် ဖွင့်ခဲ့ပါသည်။ တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါး ဖွင့်ခဲ့ပြီး ဆိုင်များ ပိတ်သိမ်းချိန်တွင် ကျွန်တော့်အိမ်ပေါ်တွင် တီဗီအလုံး ၂၀ ကျော် အမြတ်ကျန်ရစ်ခဲ့ပါသည်။ ပြန်ရောင်းသောအခါတွင်လည်း ဝယ်စဉ်ကာလက ဈေးထက် ပိုမိုရရှိခဲ့ပါသည်။

ရန်ကုန်ရောက်ခါစ အိမ်ငှားဘဝဖြင့် ကာလကြာအောင် နေထိုင်ခဲ့ရပါသည်။ ထိုက်သင့်သောငွေ စုဆောင်းမိသောကာလတွင် ရန်ကုန်တွင် တိုက်ခန်းဝယ်လို့ ရနိုင်ပါလျက်နှင့် နယ်မှ အသက်ကြီးသောမိဘများအား အိမ်ကောင်းကောင်းနေစေချင်စိတ်ဖြင့် စင်ကာပူ၌ အလုပ်လုပ်နေသော အစ်ကို့၏စိုက်ငွေနှင့် ကျွန်တော့်၏စိုက်ငွေတို့ဖြင့် နယ်မှ မိဘများအား

အိမ်တစ်လုံး ဝယ်ယူပေးခဲ့ပါသည်။ ထိုအချိန်ကာလအထိ ကျွန်တော်သည် အိမ်ငှားဘဝနှင့်သာ ရန်ကုန်တွင် ကျင်လည်နေခဲ့ရပါသည်။

ထိုကာလသည် တီဗီဂိမ်းဆိုင် ဖွင့်ခဲ့သောကာလ ဖြစ်ပါသည်။ ကျွန်တော်တို့ဂိမ်းဆိုင်ခွဲတစ်ဆိုင်မှာ ချင်းချောင်း ၂ လမ်းထိပ်တွင် အိမ်တစ်အိမ်၏ ရှေ့ပိုင်းကိုပိုင်း၍ ငှားဖွင့်ထားသောဆိုင် ဖြစ်ပါသည်။ ဆိုင်ဖွင့်၍ တစ်လသာသာအကြာတွင် အရေးပေါ်စီမံချက်တစ်ခုဖြင့် အိမ်ရှင်အိမ်ငှားစာရင်း ကောက်ယူရန် သက်ဆိုင်ရာကုမ္ပဏီများက ဗီဒီယိုရိုက်ကာ မှတ်တမ်းတင်ပါသည်။ နောက်မှကြားရသည်မှာ အိမ်ရှင်အား မြေညီထပ်ပေး၍ အိမ်ငှားအား အထပ်မြင့်တစ်နေရာတွင် ပေးမည်ဟု ဆိုပါသည်။ ထိုသတင်းကြားသောအခါ ကျွန်တော်တို့ဆိုင်ကို ငှားထားသော အဘွားကြီးမှာ ချုံးပွဲချ ငိုပါလေတော့သည်။ ကျွန်တော်တို့ကိုလည်း တောင်းပန်၍ ငွေပြန်အမ်းမည်ဖြစ်ကြောင်း၊ သူတို့မှာ ဆင်းရဲ၍ အိမ်လေးကို ပိုင်းကာ ငှားစားနေရတာဖြစ်ကြောင်း၊ သားသမီးများလည်း များကြောင်း၊ ဖြစ်နိုင်ရင် ဖယ်ပေးစေလိုကြောင်း တောင်းပန်ပါလေတော့သည်။

အမှန်အတိုင်းပြောရလျှင် ကျွန်တော်သည်လည်း အိမ်ငှားဘဝသာရှိသောကြောင့် ကုမ္ပဏီကပေးမည့် အထပ်မြင့်တစ်ခန်းအား အလွန်မက်မောပါသည်။ သို့သော် တစ်လသာသာ ငှားထားရုံဖြင့် တစ်ခန်းရမည်ဆိုသည်မှာလည်း အိမ်ရှင်အနေနှင့်ကြည့်လျှင် မိမိသားသမီး တစ်ယောက်ယောက်အား အိမ်ငှားအဖြစ် စာရင်းသွင်းကာ တစ်ခန်းထပ်ပြီး ပိုင်ဆိုင်ချင်မည်မှာ အမှန်ပင် ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်တော်၏ ဦးနှောက်ထဲတွင် မိမိကိုယ်တိုင် ဖန်တီးခြင်းမဟုတ်ဘဲ၊ မတရားယူခြင်းမျိုး မဟုတ်ဘဲ ရလာသော အခွင့်အရေးအား အိမ်ရှင်တောင်းပန်ရုံဖြင့် စွန့်

လွှတ်ဖို့ သင့်မသင့် စဉ်းစားစရာ ဖြစ်လာပါသည်။ မိတ်ဆွေအများစုက တော့ ကိုယ်ထိုက်လို့ ကိုယ်ရတာပဲဟု အားပေးကြပါသည်။

နှစ်ရက်သုံးရက်ခန့် အသည်းအသန် စဉ်းစားပြီး ထိုအိမ်ရှင်အဘွား ထံမှ ပြန်အမ်းငွေကို လက်ခံရန် ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။ ခဏ တစ်ဖြုတ် ငှားရမ်းရုံလေးဖြင့် အိမ်ခန်းတစ်ခန်း အချောင်ရမည်ကို ကျွန် တော်၏စိတ်က မဝံ့မရဲနှင့် ဖြစ်နေပါသည်။ မျှတမှုရှိသည်ဟုလည်း မထင် ပါ။ မိမိကိုယ်တိုင် နေစရာမရှိသော်လည်း စွန့်လွှတ်ဖို့ဆုံးဖြတ်ခဲ့ပါသည်။ ကျွန်တော်တို့ပြောင်းသည့်နေ့တွင် ဝမ်းသာအားရနှင့် ကျေးဇူးတတင် တင် ဖြစ်နေသော အဘွားကြီးအား မြင်ယောင်မိပါသည်။

ထိုအဖြစ်အပျက်များဖြစ်ပျက်ပြီးတစ်နှစ်ခန့်အကြာတွင်အိမ်ထောင် လည်းကျ၊ ဝါးခယ်မလမ်းတွင်လည်း အိမ်ခန်းလေးတစ်ခန်း စတင်ဝယ် ယူနိုင်ခဲ့ပါသည်။ ထိုအိမ်ခန်းလေးအား ညီအစ်ကိုမောင်နှမများက ထိုက် သင့်သလောက် ပံ့ပိုးမှုဖြင့် ဝယ်ယူနိုင်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ စာပေ လုပ်ငန်းများ စတင်လုပ်ဆောင်ချိန်တွင် မြို့ထဲတွင် နေထိုင်ခြင်းက ပိုမို အဆင်ပြေသည်ဟု ယူဆကာ ဆိပ်ကမ်းသာလမ်းသို့ ပြောင်းရွှေ့နေထိုင် လာခဲ့ပါသည်။ ငွေကြေးလည်း အသင့်အတင့် ပြေလည်နေသောကာလ ဖြစ်ပါသည်။

ထိုအချိန်တွင် မိမိတိုက်ခန်းအောက်ထပ် မြေညီထပ်မှ အိန္ဒိယလူမျိုး အဘိုးအဘွားနှစ်ယောက်က ကျွန်တော့်အထပ်နှင့် ကပ်လျက်အခန်း အား သူတို့ပိုင်ဆိုင်သော အခန်းဖြစ်ကြောင်း၊ ထိုအခန်းအား ရှစ်ကျပ်တိုး ဖြင့် ပေါင်နှံချင်ကြောင်း၊ အရောင်းအဝယ်စာချုပ်များကို ထုံးစံအတိုင်း ချုပ်ဆိုပေးမည်ဖြစ်ကြောင်း လာရောက်ကမ်းလှမ်းကြပါသည်။ ကျွန်

တော် တွက်ချက်စဉ်းစားကြည့်ရသလောက် ထိုအဘိုးကြီး၏ ဝင်ငွေနှင့် ၎င်းတို့ပေါင်နှံသည့် အတိုးများကို ရှင်းနိုင်ဖို့ရာ မလွယ်ပေ။ လေးငါး ခြောက်လအတွင်း၌ပင် ထိုတိုက်ခန်းအား ကာလပေါက်ဈေး သုံးပုံတစ်ပုံ လောက်ဖြင့် အလွယ်တကူပိုင်ဆိုင်သွားနိုင်မည့် အနေအထားမျိုး ဖြစ်ပါ သည်။ ရှစ်ကျပ်တိုး ဆိုသည်ကလည်း သူတို့ကမ်းလှမ်းသည့် အတိုးနှုန်း သာ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် ထိုအိန္ဒိယအဘိုးကြီး ဖနီးမောင်နှံအား သေချာတွက်ချက် ပြသပါသည်။ အဘိုးတို့အနေဖြင့် တစ်ခါတည်း ဈေး လျှော့ရောင်းလိုက်ခြင်းဟာ ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ယခုလို ပေါင်ခြင်းအတွက် တန်ရာတန်ကြေးမရဘဲ တိုက်ခန်းဆုံးရှုံးနိုင်သည့် အတွက် စဉ်းစားသင့်ကြောင်း နားချပြောဆိုပါသည်။

ထိုစဉ်ကာလက သင်္ကြန်သရာဓမ္မစာစောင် ထုတ်ဝေနေသော ကာလ ဖြစ်သဖြင့် ဓမ္မစာပေရေးသားသော စာရေးဆရာတချို့နှင့် တိုင်ပင်ကြည့် ရာတွင် သူကိုယ်တိုင် လာရောက်ပေါင်နှံသည့်အတွက် ကျွန်တော့်၏ ပယောဂကင်းကြောင်း၊ လက်ခံမည်ဆိုလျှင်လည်း စိတ်ရှင်းရှင်းနှင့် လက်ခံသင့်ကြောင်း ပြောဆိုကြပါသည်။

သို့သော် ကျွန်တော့်စိတ်ထဲမှာမူ အတိုးနှုန်းကြီးစွာဖြင့် လာရောက် ပေါင်နှံသောတိုက်ခန်းအား ခြောက်လအတွင်း အချောင်ရမည့်အနေ အထားကို ကျိန်းသေတွက်ချက်ရမိနေသဖြင့် စိတ်ထဲတော့ တစ်မျိုးကြီး ဖြစ်နေပါသည်။ နောက်ဆုံးတွင် နိုင်နိုင်မာမာ ဆုံးဖြတ်ချက်ချကာ အပေါင် မခံကြောင်း၊ ဈေးလျှော့ရောင်းလျှင် ဝယ်မည့်အကြောင်း စေတနာထား၍ ပြောလိုက်ပါသည်။ ထိုအခါ ကျွန်တော့်စေတနာကို နားမလည်သည့်

အပြင် ထိုအိန္ဒိယအဘိုးကြီး လင်မယားမှာ ကျွန်တော့်ကိုတောင် စိတ်ဆိုးသွားပါသည်။ ပွဲစားများဖြင့် အခြားအပေါင်ခံသူအား ရှာဖွေပြီးပေါင်နှံရာ ကျွန်တော်မှန်းသည့်အတိုင်းပင် ခြောက်လအတွင်း အိမ်အား ထိုးဆပ်လိုက်ရပါသည်။ ထိုအိမ်ခန်းအား ကျွန်တော် မရလိုက်သော်လည်း ယနေ့အထိ ဝမ်းမနည်းမိပါ။

ထိုကာလမှ နှစ်နှစ်ခန့်ကြာသောအခါ လမ်းထိပ်ရှိ ကွန်ဒိုတွင် စတင်ဝယ်ယူနေထိုင်နိုင်ခဲ့ပါသည်။ မြို့လယ်ကောင် လမ်းမတန်းတွင် အခန်းကျယ်ကျယ်ဖြင့် ပထမဦးဆုံး နေခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ အိမ်ကိစ္စအဆင်ပြေခြင်းမှာ ယခင်က ကျွန်တော်ဆုံးဖြတ်ခဲ့သော ကျွန်တော့်၏ ကုသိုလ်များက အကျိုးပေးခြင်းဟု ဗုဒ္ဓဘာသာဝင်ပီပီ ယူဆမိပါသည်။

◆

သန္တရသမေ္ဘစာစောင် စတင်ထုတ်ဝေစဉ်ကာလကလည်း အမြတ်အစွန်းအား လုံးဝမမျှော်လင့်ခဲ့ပါ။ ခံနိုင်ရည်ရှိသလောက် အရှုံးခံမည်ဟု စဉ်းစားထုတ်ဝေခဲ့ခြင်းသာ ဖြစ်ပါသည်။ သို့သော် ကိုးအုပ်မြောက်တွင် မခံနိုင်တော့သဖြင့် ဝမ်းနည်းစွာ ရပ်ဆိုင်းခဲ့ရပါသည်။ သို့သော် သန္တရသ၏ အကျိုးဆက်က ထိုမျှနှင့်မပြီး၊ စာစောင်လေးကို သတိထားမိသော ဆရာတော်များက စာအုပ်များအား ဆက်လက်ခိုင်းစေခဲ့သောကြောင့် ယနေ့အထိ ဘာသာရေးစာအုပ်အမျိုးမျိုး လုပ်ဆောင်ပေးခွင့်ရရှိခဲ့ပါသည်။ ထိုသို့ လုပ်ဆောင်ပေးခွင့်ရရှိခဲ့သော အခြေအနေတွင်လည်း ထူးခြားသော အဖြစ်အပျက်တစ်ခုအား ပြောပြချင်ပါသည်။ နာမည်ကြီးဆရာတော်တစ်ပါး၏ စာအုပ်များကို စာစီ၊ စာရိုက်မှ စာအုပ်ဖြစ်အောင် ဆောင်ရွက်

ပေးသော်လည်း ဆရာတော့်ထံ ကျသင့်ငွေတောင်းခံဖို့ အခက်အခဲ ဖြစ်ခဲ့ပါသည်။ အချို့စာအုပ်များမှာ ကက်ဆက် နစ်လုံးသုံးလုံး ဝယ်၍အသံဖိုင်ကို သက်ဆိုင်ရာ စာရေးဆရာများကို အကူအညီတောင်း၍ ကူးရပါသည်။ စာရိုက်ပြီး ပြန်လည်တည်းဖြတ်ရပါသည်။ ထို့အတွက် ငွေကုန်ကြေးကျ တော်တော်များခဲ့သော စာအုပ်များ ဖြစ်ခဲ့ပါသည်။ သို့သော် ထိုဆရာတော်သည် ငင်းလုပ်နိုင်းသော စာအုပ်များအား ထုတ်ချင်မှ ထုတ်ပါသည်။ စိတ်ကူးရ၍ ခိုင်းသောအဆင့်မျိုးဖြစ်သောကြောင့် ကျသင့်ငွေကြေးတောင်းခံဖို့ မရဲဖြစ်ခဲ့ရပါသည်။ ပွင့်လင်းစွာဆိုရလျှင် တော်တော်များများ ဆုံးခဲ့ရပါသည်။ သို့သော် ကျွန်တော်သည် ထိုစာအုပ်များအား စိတ်ပါလက်ပါဖြင့် တကယ်လုပ်ပေးသော စာအုပ်များဖြစ်ပြီး ယနေ့တိုင် မှုကြမ်းဘဝဖြင့်သာ ရှိနေသဖြင့် ဆရာတော့်ထံမှ ငွေကြေးတစ်စုံတစ်ရာ မရရှိခဲ့ပါ။

ဆရာတော်၏ ဒကာရင်းတစ်ယောက်မှာ ကျွန်တော့်ထံသို့ လုပ်ငန်းရှင်တစ်ဦး စေလွှတ်ပေးပါသည်။ ထိုလုပ်ငန်းရှင်သည် ဆရာတော်၏ စာအုပ်များကို လုပ်ဆောင်နေကြောင်း သိရှိသည့်အတွက် ကျွန်တော့်အား မြင်မြင်ချင်း ယုံကြည်မှုအပြည့်ဖြင့် လုပ်ငန်းအပ်နှံခဲ့ပါသည်။ ထိုအပ်နှံသော လုပ်ငန်းမှ ဆရာတော့်ကို ဆောင်ရွက်ပေးခြင်းဖြင့် ကုန်ကျသောငွေများထက် အဆပေါင်းများစွာသော အမြတ်အစွန်းများ ရရှိခဲ့ပါသည်။ ထိုအခြေအနေကိုကြည့်၍ ကျွန်တော်ယုံကြည်သွားသော အချက်တစ်ခုမှာ မိမိကိုယ်တိုင် သန့်ရှင်းသောစိတ်ဖြင့်၊ မျှော်လင့်ချက် တစ်စုံတစ်ရာ မထားသော စိတ်ဖြင့် ဆောင်ရွက်ခဲ့ပါက တိုက်ရိုက်အကျိုးပေးခြင်း မရှိ

လျှင်တောင် သွယ်ဝိုက်သောနည်းဖြင့် ပြန်လည်အကျိုးပေးမည်ဖြစ်ကြောင်းပင် ဖြစ်ပါသည်။

ထိုနည်းတူစွာ အများနည်းတူ တက္ကသိုလ်တက်ခဲ့ချင်သော်လည်း ကျွန်တော် ဆယ်တန်းအောင်သောနှစ်တွင် ကျွန်တော့်အစ်ကိုက ဂုဏ်ထူးတန်းဝင်သောနှစ် ဖြစ်နေပါသည်။ ထို့ကြောင့် တက္ကသိုလ်မတက်ဖြစ်ဘဲ အဝေးသင်ဖြင့်သာ ဘွဲ့ကို ရယူခဲ့ရပါသည်။ ကျွန်တော်တို့ခေတ် ကျွန်တော်တို့အခါက ရန်ကုန်တက္ကသိုလ်ကြီး၏ နောက်ခံဝတ္ထုများကိုဖတ်ကာ စိတ်ကူးယဉ်ခဲ့ကြသော ကာလဖြစ်ပါသည်။ အဓိပတိလမ်း၊ သစ်ပုပ်ပင်၊ ဂျပ်ဆင်၊ အင်းလျားကန်၊ ကံ့ကော်တော စသော အရာများနှင့် ဝေးခဲ့ရပြီဟု ထင်ခဲ့ပါသည်။ ပထမနှစ်နှင့် ဒုတိယနှစ်အား ဟသ်ာတကောလိပ်တွင် တက်ခဲ့ရပါသည်။ တတိယနှစ်တွင် ပုသိမ်ကောလိပ်တွင် တက်ခဲ့ရပါသည်။ ၈၈ အရေးအခင်း ကျောင်းများပိတ်ပြီး ပြန်လည်ဖွင့်သော အချိန်တွင် ကျွန်တော်တို့အဝေးသင် တက်ရောက်ရမည့်နှစ်မှာ ငါးနှစ်ဖြစ်သွားပါသည်။ ထိုကာလတွင်လည်း ရေကြည်ရာမြက်နုရာ အလုပ်ရှာရင်း ရန်ကုန်သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် ရန်ကုန်တက္ကသိုလ်တွင် နှစ်နှစ် စာမေးပွဲဖြေခဲ့ရပါသည်။ အနီးကပ်တစ်လသင်တန်းတွင် ကျွန်တော်စိတ်ကူးယဉ်သော နေရာများသို့လည်း ရောက်ခဲ့ရပါသည်။

ဧင်းအပြင် ထုတ်ဝေသူဖြစ်၍ နှစ်ကာလ အတော်ကြာသောအခါ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ နှစ်ခြောက်ဆယ်ပြည့် အခမ်းအနားတွင် တွဲဖက်အတွင်းရေးမှူးတာဝန်ဖြင့် မဂ္ဂဇင်း၊ စာတမ်း စသော စာပေထုတ်ဝေရေး လုပ်ငန်းများတွင် ဆရာ/ဆရာမကြီးများ၊ ကျောင်းသားဟောင်းများဖြင့် ဌာနတွင် လက်တွဲလုပ်ကိုင်ခွင့် ရရှိခဲ့ပါသည်။ ယခုအချိန်

အထိ မြန်မာစာဌာနနှင့်ပတ်သက်သော ကိစ္စများရှိပါက ဆရာကြီး/ဆရာမကြီးများက သတိတရ ခေါ်ယူဆောင်ရွက်ခိုင်းလျက် ရှိပါသည်။

●

လောကကြီးတွင် ကုသိုလ်ကံ အကျိုးပေးများက ဆန်းကြယ်တတ်ပါသည်။ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်၊ မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်ဟု ယေဘုယျအားဖြင့် အားလုံးသိကြသော်လည်း မကောင်းတာလုပ်လျက်နှင့် အကောင်းများပြည့်စုံနေသောလူများအား တွေ့ရှိရသည့်အခါ ကုသိုလ်ကံအပေါ် သံသယဖြစ်လာတတ်ပါသည်။ သို့သော် ဗုဒ္ဓသည် ကုသိုလ်ကံနှင့်ပတ်သက်၍ အတိအကျဟောကြားထားပြီး ဖြစ်ပါသည်။ (၁) ယခုဘဝ၌ပင် ချက်ချင်းအကျိုးပေးတတ်သော ဒိဋ္ဌဓမ္မ ဝေဒနီယကံ၊ (၂) သေပြီးသည့်နောက်ဘဝ (ဒုတိယဘဝ)၌ အကျိုးခံစားရသော ဥပပဇ္ဇဝေဒနီယကံ၊ (၃) ဤဘဝမှ စတင်ရေတွက်လျှင် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အကျိုးအဆက်ဆက်ကိုပေးတတ်သောအပရာပရိယဝေဒနီယကံ၊ (၄) ကုသိုလ်အကုသိုလ်ကံများအကျိုးပေးရမည့်အချိန်၌အကြောင်းမပြည့်စုံ၍အကျိုးမပေးသော အဟောသိကံ ဟူသော ကံတရားတို့အား သေသေချာချာလေ့လာသုံးသပ်ပါက အမြဲတမ်း မှန်ကန်နေသည့်တရားများပင် ဖြစ်ပါသည်။

အချို့သူများသည် နေအိမ်ကြောက်မြားစွာ ပိုင်ဆိုင်ပါလျက် မိမိအိမ်တွင် မနေနိုင်သောသူများ ရှိပါသည်။ ကိုယ့်လုပ်စာ ကိုယ်မစားရသူများများစွာ တွေ့မြင်နိုင်ပါသည်။ အစားကောင်း စားနိုင်ပါလျက် မစားရက်

မသောက်ရက် သိမ်းဆည်းပြီး ပုပ်ခါနီးကျမှ ကွင်းပြီးလှီးဖြတ်စားသောက်ရသော သူများလည်း ရှိပါသည်။ ကြွယ်ဝချမ်းသာသော်လည်း ရောဂါဗရပွဖြင့် ကောင်းကောင်းမစားရ၊ ကောင်းကောင်း မသောက်ရ၊ ကောင်းကောင်း မဝတ်ရသော ကံအကျိုးပေး ဆန်းကြယ်ပုံများကိုလည်း တွေ့ရှိရပါသည်။

ဤသို့ အတိတ်ကံ၏ အကျိုးပေးကို ယခုဘဝတွင် ခံစားနေကြရသော်လည်း ပစ္စုပ္ပန်ကာလတွင် စိတ်ဓာတ်၊ စေတနာ သန့်ရှင်းရန် အရေးတကြီး လိုအပ်ကြောင်းကို ကျွန်တော်တို့ ဆင်ခြင်မိဖို့ လိုအပ်ပါသည်။

ကံဟူသည် ကမ္မဟူသော စကားမှ ဆင်းသက်လာပြီး ကမ္မဟူသည် အလုပ်ဖြစ်ပါသည်။အလုပ်ကောင်းမှကံကောင်းပါမည်။အလုပ်ကောင်းဖို့ အကောင်းများကို လုပ်ရပါမည်။ အကောင်းများများလုပ်မှသာ ကောင်းသော တရားများသာ မိမိထံသို့ ရောက်ရှိမည် ဖြစ်ပါသည်။ ထိုမှသာ ကောင်းသောအကျိုးပေးမှုကို ခံစားစံစားရမည် ဖြစ်ပါသည်။ ကံကို ယုံကြည်သော ဗုဒ္ဓဘာသာပီပီ ရှေ့ဆက်မည့်ဘဝတွင်လည်း ကောင်းသောအလုပ်များကိုသာ ကြံစည်တွေးတောလုပ်ကိုင်ပြီး အကောင်းကံများရအောင် ပြုစုပျိုးထောင်မည်ဟု ဆုံးဖြတ်မိပါသည်။



# အတ္တလျှော့ပေးကြပါ

ရန်ကုန်မြို့လယ်ရှိ ကျွန်တော်၏ စာအုပ်တိုက်ဝရန်တာမှ လမ်းပေါ်သို့ ငေးကြည့်လျှင် ပန်းဆိုးတန်းမှတ်တိုင်ကို တွေ့နေရပါသည်။မှတ်တိုင်ဖြစ်သည့်အားလျော်စွာ ဦးတည်ရာ အသီးသီးသို့ လိုင်းကားစီးမည့်သူများတိုးဝှေ့စောင့်ဆိုင်းနေကြပါသည်။ အမှန်အားဖြင့် ထိုနေရာသည် မှတ်တိုင်မဟုတ်ပါ။ လူကူးမျဉ်းကျားရှိသော နေရာသာ ဖြစ်ပါသည်။ ကားမှတ်တိုင်မှာ ၎င်းမှ ကိုက် (၂၀) ခန့်တွင် ရှိပါသည်။ ကားမှတ်တိုင်တွင်စောင့်ဆိုင်းနေကြသူများမှာ အမိုးအကာမရှိ။ မှတ်တိုင်ဟုဆိုသော်လည်းမည်သည့်သင်္ကေတမှ မရှိ။ ရန်ကုန်မြို့၏ ၄၀ ဒီဂရီစင်တီဂရိတ်ခန့်ရှိသော

ပူပြင်းလှသည့် နေရောင်အောက်တွင် စောင့်ဆိုင်းနေကြသူများ ဖြစ်ပါသည်။ ဆောင်းစရာထီးပါသူ အချို့ရှိသော်လည်း အများစုမှာ ချွေးသံတရွှဲရွှဲနှင့် ခရမ်းလွန်ရောင်ခြည် လွှမ်းကဲနေသော အကြောင်းအရာများကိုလည်း မတွေးတောအားဘဲ စားဝတ်နေရေးအတွက် နေ့စဉ်နှင့်အမျှ လှုပ်ရှားရုန်းကန်နေကြ ရပါသည်။

လမ်းဘေးဈေးသည်များမှာလည်း စည်ပင်ရဲများလာလျှင် သိမ်းလိုက်၊ ရဲများ ဝေးသွားသည်နှင့် ပြန်ထွက်လိုက်နှင့် လိုက်တမ်းပြေးတမ်း ကစားသကဲ့သို့ ရှိနေပါသည်။ အချို့သော လမ်းဘေးဈေးသည်များမှာ ဤနေရာတွင် နှစ်ပေါင်း (၃၀) ကျော် ဖွင့်လှစ်ခဲ့ကြပြီး ဤရပ်ကွက်၏ ကျောင်း၌ပင် သားသမီးမြေးမြစ်များအား ကျောင်းထား၍ အခြေချနေထိုင်ခဲ့ကြသူများ ဖြစ်ပါသည်။ ယခင်ကာလများက စည်ပင်သာယာမှ တာဝန်ရှိသူများက အခကြေးငွေယူ ခွင့်ပြုခဲ့ကြ၍ ဤမျှသက်တမ်းကြာအောင် ဖွင့်လှစ်နေကြခြင်း ဖြစ်ပါသည်။

ယခုအခါ တိုးတက်လာသော ကားအရေအတွက်များကြောင့် ကားပါကင်များ ထပ်မံချဲ့ထွင်သောအခါ ပလက်ဖောင်းများမှာ အများကြီး ကျဉ်းမြောင်းသွားသည်ကို တွေ့ရပါသည်။ လမ်းသွားလမ်းလာများအနေဖြင့် ပလက်ဖောင်း ကျဉ်းကျဉ်းလေးတွင် ဈေးသည်များနှင့် ကွေ့ရှောင်သွားရသည်မှာအဆင်မပြေဖြစ်ရပါသည်။ ၎င်းအပြင်တက္ကစီများအတွက် ရပ်နားရန် နေရာများ မရှိသောအခါ တက္ကစီစီး ခရီးသည်များအား ကြုံသည့်နေရာတွင်အတင်အချများပြုလုပ်ရပါသည်။ ထိုအခါလိုင်းကားများ၊ အိမ်စီးကားများနှင့် တက္ကစီများသည် မိမိခရီးစဉ်ချောမွေ့ဖို့အတွက် ကွေ့

ဝိုက်ကျော်ဖြတ်ရင်း ယာဉ်တိုက်မှုကဲ့သို့သော ပြဿနာများလည်း နေ့စဉ်နှင့်အမျှကြုံတွေ့နေရပါသည်။

၎င်းအပြင် အလွန်ပူပြင်းလှသော နေရောင်ခြည်အောက်တွင် အပူဒဏ်ခံစားနေရသကဲ့သို့ အိမ်များ၊ ရုံးများတွင်လည်း မီးမကြာခဏ ပျက်သောကြောင့် အလုပ်များ အဆင်မပြေဖြစ်ရခြင်း၊ ဝါယာရှော့များကြောင့် မီးလောင်မှုများ ဖြစ်ရခြင်း၊ သုံးစွဲရန် ရေများ ပြတ်တောက်ခြင်း စသော လူမှုဒုက္ခအပေါင်းကို ပြည်သူလူထုများအနေဖြင့် နေ့စဉ်ကြုံတွေ့နေရပါသည်။

ဤကဲ့သို့ ပြည်သူများ၏ တောင်းဆိုရန်မလိုသော မူလရပိုင်ခွင့်များကို သက်ဆိုင်ရာတာဝန်ရှိသော အစိုးရအနေဖြင့် ယနေ့ထက်တိုင် ဖြည့်ဆည်းပေးနိုင်စွမ်းမရှိသည်ကိုလည်းလက်တွေ့ခံစားနေရပါသည်။အခြားနိုင်ငံများနှင့်ယှဉ်လျှင် ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေး စသော အခြေခံအခွင့်အရေးပေါင်းစုံမှာ အောက်ကျနောက်ကျဖြစ်နေသောကြောင့် နိုင်ငံရပ်ခြားသို့ အလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်ကြသူများပြားသဖြင့် အချို့ကျေးရွာများတွင် လယ်ထွန်မည့်သူ ထန်းတက်မည့်သူများပင် မရှိသလောက် ဖြစ်နေကြပါသည်။

ထိုအခြေအနေတွင် စစ်အစိုးရမှ အသွင်ပြောင်းထားသော ဦးသိန်းစိန်အစိုးရအနေဖြင့်လည်း နိုင်နင်းစွာ စီမံခန့်ခွဲနိုင်ခြင်း မရှိသောကြောင့် ဒီမိုကရေစီဆိုသည်မှာ စာရွက်နှင့် နှုတ်ဖျားပေါ်တွင်သာ ကျန်ရှိတော့ပါသည်။ အောက်ခြေလူတန်းစားများမှာ အိမ်ငှားခနှင့် အထွေထွေ စားသောက်ကုန်ဈေးနှုန်းများ ကြီးမြင့်သဖြင့် ဒုက္ခပင်လယ်သို့ နစ်ပြီးရင်းနစ်နေဆဲပင် ဖြစ်ပါသည်။

အထက်ပါအကြောင်းကိစ္စရပ်များအားလုံးသည် စစ်အစိုးရနှင့် ခရိုနီကြီးများကြောင့်ဟု စွပ်စွဲပါက မည်သူမျှ ငြင်းနိုင်မည်မထင်ပေ။ ရာသီဥတုဖောက်ပြန်လာခြင်းသည်လည်း စစ်အစိုးရနှင့် ခရိုနီကြီးများ၏ သစ်တောသစ်ပင်များကို နောင်ရေးအတွက် မတွေးဘဲ မိမိအတ္တတစ်ခုတည်းအတွက် တစ်တောလုံးပြောင် တစ်တောင်လုံးရှင်းအောင် ခုတ်ထွင်ခဲ့သည့် အကြောင်းများကြောင့် ဖြစ်ပါသည်။ တိတိကျကျဆိုရလျှင် ၂၀၀၈ ခုနှစ်၊ မေလတွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြီးက သက်သေပင်ဖြစ်ပါသည်။ လူပေါင်းတစ်သိန်းကျော် သေဆုံးခဲ့ရသည့်အကြောင်းအရင်း၏ တရားခံမှာ စစ်အစိုးရပင် ဖြစ်ပါသည်။

အစိုးရနှင့် ပြည်သူကို သားသမီးနှင့် မိဘသဖွယ် တင်စားကြသော်လည်း မိမိသားသမီးထံမှ အနိုင်ကျင့် တိုက်ခိုက်လုယူတတ်သော မိဘဖြစ်နေသည့် စစ်အစိုးရကြောင့် ပြည်သူများစွာ နစ်မွန်းခဲ့ရပါသည်။ ၎င်းတို့အနေဖြင့် မိမိတစ်ဘဝစာ ကောင်းစားရေးအတွက်သာ ကြည့်၍ ပြည်သူများအပေါ် လျစ်လျူရှုခဲ့သည်။

နေ့စဉ်နှင့်အမျှ ဝရန်တာမှ ကြည့်ရှုတွေ့မြင်ရသော မြင်ကွင်းများမှာ ဘယ်တော့မှ ရိုးအီသွားမည်မဟုတ်ပေ။ နေ့စဉ်နှင့်အမျှ ဒုက္ခအသစ်အဆန်း၊ အဖြစ်အပျက်အသစ်အဆန်းများကိုသာ တွေ့မြင်နေရပါသည်။ အုပ်ချုပ်သူလူတန်းစားများအနေဖြင့် ထိုအခြေအနေများကို မသိ၍မဟုတ်၊ ပြည်သူလူထု ဘာပဲဖြစ်ဖြစ် မိမိမိသားစု စည်းစိမ်ပြည့်ဝစွာ နေရလျှင် ပြီးရောဟုဆိုသည့် နွားကဲ့သို့ တစ်ဘို့တည်းသမားများ ဖြစ်သောကြောင့် အရှက်အကြောက်ကင်းမဲ့စွာ ရပ်တည်နေကြခြင်း ဖြစ်ပါသည်။ မြန်မာပြည်သည် ကမ္ဘာပေါ်တွင် ကင်ဆာအဖြစ်အများဆုံးသောနိုင်ငံ

ဖြစ်ပါသည်။ ၎င်းအပြင် အခြားသောရောဂါတွင်လည်း ၁ မှ ၁၀ အတွင်း စံချိန်ဝင်နေသော နိုင်ငံဖြစ်ပါသည်။ ပိုက်ဆံချမ်းသာသူများအနေဖြင့် နိုင်ငံရပ်ခြားသို့ ဆေးသွားကုနိုင်သော်လည်း ပြည်သူအများစုမှာ ရောဂါရှိလျှင် ဆရာဝန်နှင့်ပြရန် ငွေကြေးအဆင်မပြေကြသူများ ဖြစ်ကြပါသည်။

ကမ္ဘာပေါ်တွင် အိမ်ခြံမြေဈေးအကြီးဆုံးနိုင်ငံတွင် ပါဝင်နေပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ယနေ့တိုင် ဝင်မလာရသေးသည့်အကြောင်းအရင်းမှာ မြေဈေးကြီးမှုပြဿနာနှင့် အခြေခံအဆောက်အအုံဖြစ်သော လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့်ဖြစ်ပါသည်။ ထိုအခြေအနေကို ဖန်တီးထားသူမှာလည်း အုပ်ချုပ်သူများသာ ဖြစ်ပါသည်။ စစ်အစိုးရလက်ထက်တွင် စစ်ခေါင်းဆောင်များနှင့် ခရိုနီများ သိမ်းယူထားသော မြေနေရာများသိမ်းသည့် ပြဿနာများမှာ ယခုတိုင် မဖြေရှင်းနိုင်သော ပြဿနာများဖြစ်နေပါသည်။ ဘိုးစဉ်ဘောင်ဆက် နေထိုင်ခဲ့သော မြေများ၊ မိရိုးဖလာ ဓားမဦးချလုပ်ကိုင်ခဲ့သော လယ်မြေများမှာ မည်သည့်အကြောင်းကြောင့်မှန်းမသိ တပ်ပိုင်၊ ကုမ္ပဏီပိုင်များ ဖြစ်သွားကြသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော လမ်းမတန်းကပ်လျက် နေရာများ၊ စီမံကိန်းရှိသော နေရာများအားလုံးတွင် ဗိုလ်ချုပ်ကြီးများနှင့် ခရိုနီကြီးများပိုင်ဆိုင်သော မြေဧကပေါင်း သိန်းသန်းချီ၍ ရှိကြသည်။ မြန်မာပြည်၏ မြေတစ်ဝက်ခန့်မှာ ၎င်းတို့ အသီးသီး ခွဲဝေပိုင်ဆိုင်ကြပြီး ဖြစ်ပါသည်။ ယုတ်စွအဆုံး သချိုင်းမြေများပါမကျန် ၎င်းတို့ သိမ်းယူပြီးဖြစ်ပါသည်။

အခွင့်ထူးခံ လူတန်းစားများအနေဖြင့် မတရားသဖြင့် အလကားရထားသော မြေများအား မရှိဆင်းရဲသားများအတွက် မျှဝေပေးရန်ဝေးစွ။

ကမ္ဘာပေါ်တွင် အမြင့်ဆုံးဈေးဖြင့် တင်ရောင်းရန် အုပ်စုဖွဲ့ ဈေးကစားကြပါသည်။ ၎င်းတို့အတွက်များ ကြီးစိုးနေသရွေ့ မြန်မာပြည်ရှိ ဆင်းရဲသားနင်းပြားများအဖို့ မြေကြီးအား ပုလင်းထဲထည့်၍ကြည့်ရမည့်အနေအထားမျိုးသို့ မကြာမီရောက်ရှိတော့မည်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်အတွင်း ကောက်ယူသော သန်းခေါင်စာရင်း ရန်ကုန်မြို့နေ လူဦးရေမှာ ၈ သန်းကျော် ရှိသွားပြီ ဖြစ်ပါသည်။ နိုင်ငံတကာတွင် လူဦးရေ ၁၀ သန်းရှိပါက Mega City ဟု သတ်မှတ်ပြီး အခြေခံလိုအပ်ချက်များအားလုံးကို သက်ဆိုင်ရာအစိုးရက စီမံကိန်းဆွဲ ဖြည့်စွမ်းပေးပါသည်။ ရန်ကုန်မြို့ကြီးမှာတော့ မိမိအိတ်ထဲထည့်လို့မရသော စီမံကိန်းများဆိုလျှင် မစဉ်းစား။ စီမံကိန်းတစ်ခု မည်မျှရမလဲဟူသော ကိစ္စကိုသာ တွေးတောနေကြသည် ဖြစ်ပါသည်။

လာမည့် ၂၀၁၅ တွင် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည်ဟု ဆိုပါသည်။ ယခုနှစ် အကုန်တွင်လည်း လစ်လပ်နေရာများအတွက် ရွေးကောက်ပွဲကျင်းပပေးဦးမည်ဟု ကြေညာထားပါသည်။ ၎င်းရွေးကောက်ပွဲများအတွက် လက်ရှိအစိုးရဖြစ်သော အာဏာရပါတီနှင့် အခြားသောပါတီများက ကြိုတင်ပြင်ဆင်နေကြပြီဖြစ်ပါသည်။ ရိုးသားစွာ ယှဉ်ပြိုင်ရန် ကြိုးပမ်းနေသူများရှိသကဲ့သို့ ကောက်ကျစ်ယုတ်မာရန် ပြင်ဆင်နေကြသူများလည်းတွေ့မြင်နေရပါသည်။ ပြည်သူတို့၏လိုအပ်ချက်များမဖြည့်စွမ်းနိုင်သေးဘဲ နောက်တစ်ကြိမ်အနိုင်ရရေးအတွက် ကြိုးပမ်းနေကြသူများမှာလည်း အသည်းနာဖွယ်ရာ ဖြစ်ပါသည်။


ဝရန်တာမှ ကြည့်ရှုထားသော မြင်ကွင်းများမှတစ်ဆင့် နိုင်ငံ၏အရေးကိစ္စများကို အတွေးပြန့်ပွားမိခဲ့ခြင်းမှာ မိမိနိုင်ငံအား ကောင်းစေချင်သော ဆန္ဒတစ်ခုတည်းကြောင့်သာ ဖြစ်ပါသည်။ သမ္မတရုံးဝန်ကြီး

တစ်ဦးက ရန်ကုန်မြို့ကြီးအား စင်ကာပူကဲ့သို့ လုပ်ကြမည်ဟု မီဒီယာရှေ့တွင် တရားဝင်ပြောဆိုခဲ့ဖူးပါသည်။ လှည်းတန်း၊ ရွှေဂုံတိုင် ခုံးကျော်တံတားများအား လေးလအတွင်း အပြီးဆောက်မည်ဟု ကြွားဝါခဲ့ဖူးပါသည်။ တစ်နှစ်ကျော်ကြာမှသာ ပြီးခဲ့ပါသည်။ မြေဈေးများကျအောင် အစိုးရက ဆောင်ရွက်ပေးမည်ဟု လျှာအရိုးမရှိတိုင်းပြောဆိုခဲ့ဖူးပါသည်။ သို့သော် ဘာတစ်ခုမှ ယနေ့အထိ ဖြစ်မလာပါ။

အုပ်ချုပ်သူလူတန်းစားတစ်စု၏ အတ္တသည် သန်း ၆၀ ကျော်သော ပြည်သူများအတွက် လွန်စွာဆိုးဝါးသည့်အခြေ အနေတစ်ခုသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ နိုင်ငံတော်၏ လုံခြုံမှုကိုလည်း ဂရုမစိုက်။ ထို့ကြောင့် အနောက်တံခါး ကျိုးပေါက်ခဲ့ရခြင်း အန္တရာယ်နှင့် တရုတ်၊ ကုလားများက နိုင်ငံတော်၏ သယံဇာတများသာမက အမျိုးသမီးငယ်များကိုပါ မယားအဖြစ် ငွေပေးသိမ်းပိုက်နေပြီ ဖြစ်ပါသည်။ မြို့နယ်အသီးသီးတွင်လည်း ပြည်သူလူထု၏မကျေနပ်မှုများကြောင့် ဆန္ဒပြပွဲများနေ့စဉ်နှင့်အမျှ ထုတ်ဖော်ပြသနေပြီ ဖြစ်ပါသည်။ လာမည့်ကာလများအတွက် အကောင်းမြင်ကြည့်သော်လည်း ကောင်းဖို့ရန် မမြင်မတွေ့ပါ။

ထို့ကြောင့် ပြည်သူများ တန်းတူညီမျှ၊ အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ဖို့အတွက် အုပ်ချုပ်သူလူတန်းစားများ အတ္တလျှော့ကြဖို့ ဤဆောင်းပါးဖြင့် ပန်ကြားအပ်ပါသည်။

❀ ❀ ❀



# မင်းဆိုးမင်းညစ်ဘေးမှ ကင်းဝေးကြပါစေ

ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် နေ့စဉ် ဘုရားရှိခိုးကြသည်။ ပထမဦးဆုံးသြကာသကန်တော့ချိုးထဲတွင်ပါဝင်သော "ဤသို့ကန်တော့ရသည့် အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး ... "စသော စာသားလေးအား သတိထားကြည့်ပါက ရန်သူမျိုးငါးပါးတွင် ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူဟူ၍ တွေ့ရပါမည်။ ရန်သူမျိုးငါးပါးထဲတွင် အုပ်ချုပ်သူအစိုးရမင်းများပါပါဝင်နေသည်ကို တွေ့ရပါသည်။ အစိုးရဟူသည် ပြည်သူအပေါ် တရားမျှတစွာ အုပ်ချုပ်ပါက နေ့စဉ်ရှိခိုးအပ်သော ခင်ပွန်းကြီးဆယ်ပါးတွင်

တစ်ပါးအပါအဝင်ဖြစ်ပါသည်။ သို့သော် ပြည်သူကို ဒုက္ခပေးသောအစိုးရမှာ ရန်သူမျိုးငါးပါးထဲတွင် ပါဝင်မည် ဖြစ်ပါသည်။ ယနေ့ ကျွန်တော်တို့ပြည်သူများမှာ ရန်သူမျိုးငါးပါး၏ဘေးရန်ကို နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရပါသည်။

၂၀၁၄ ခုနှစ် မေလ ၈ ရက်နေ့က စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းက နေပြည်တော်ရှိ အာဆီယံအစည်းအဝေးကို တက်ရောက်ရင်း ပျဉ်းမနားရှိလက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင်လက်ဖက်ရည်သောက်ကာ ပတ်ဝန်းကျင်ကိုလေ့လာခဲ့သည်။ ထိုနေ့က သူ၏ Facebook စာမျက်နှာတွင် "ပျဉ်းမနားဒေသကို ကြည့်ရှုခဲ့သည့်အခါတွင် လူအတော်များများ အဆင့်မီ Mobile Phone လေးများ ကိုင်ဆောင်ထားသည်ကလွဲ၍ ၁၉၆၀ ဝန်းကျင်က ပီနန်နှင့် စင်ကာပူ မြင်ကွင်းများ အတိုင်းပါပဲ" ဟူသော ထင်မြင်ချက်ကလေးကို ရေးသားခဲ့ပါသည်။ ထုံးစံအတိုင်း ထောက်ခံသူ၊ မထောက်ခံသူများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထင်ရှားသွားသော စာသားကလေး ဖြစ်ပါသည်။

စင်ကာပူနိုင်ငံကို စတင်တည်ထောင်သော လီကွမ်ယုသည် သူ၏ ပထမဦးဆုံးသော မိန့်ခွန်းတွင် တံငါရွာလေးသာသာမှ နိုင်ငံတစ်ခု ထူထောင်ရသည့်အတွက် ရန်ကုန်လိုဖြစ်ဖို့ အနှစ်နှစ်ဆယ်လောက် ကြိုးစားရဦးမည်ဟု ပြောခဲ့ဖူးပါသည်။ ထိုစဉ်က ရန်ကုန်မြို့ကြီးမှာ အာရှတွင် အသန့်ရှင်းဆုံးမြို့တော်၊ အကြီးဆုံးလေယာဉ်ကွင်းရှိသော မြို့တော် ဖြစ်ခဲ့ပါသည်။ မြန်မာ့ငွေကြေးသည် ဒေါ်လာနှင့် ရင်ပေါင်တန်း၍ နိုင်ငံတကာတွင် သုံးစွဲနိုင်သော ငွေကြေးဖြစ်ခဲ့ပါသည်။ အင်္ဂလိပ်ကိုလိုနီများ၏ ဖောက်လုပ်သွားသောမြို့ပြစီမံကိန်းများမှာသပ်ရပ်ကောင်းမွန်လှသဖြင့်

စင်ကာပူနိုင်ငံကပင် အတုယူခဲ့ရပါသည်။ ထို့ကြောင့် စင်ကာပူနိုင်ငံတွင် မော်လမြိုင်လမ်း၊ ပြည်လမ်း၊ ဆီးရန်ကုန်းလမ်း စသော လမ်းအမည်များမှာ မြန်မာနိုင်ငံမှ လမ်းအမည်များကို ယူထားပါသည်။ စင်ကာပူအမျိုးသားပြတိုက်တွင်လည်း မြို့ပြတည်ဆောက်စဉ်က ရန်ကုန်မြို့ကို အခြေတည်ပြီး ယူခဲ့သော Drawing စာရွက်များ ယခုတိုင် ပြသထားပါသည်။

ယနေ့စင်ကာပူသည် အာရှတွင် အကောင်းဆုံး နိုင်ငံစာရင်းထဲသို့ ပါဝင်သွားပြီ ဖြစ်ပါသည်။ တစ်နှစ်နှင့်တစ်နှစ် အစစအရာရာ တိုးတက်သောမြင်ကွင်းများကသာ နေရာယူနေရပါသည်။ ၁၉၉၅ ခုနှစ်လောက်က စင်ကာပူနိုင်ငံတွင် Mobile Phone များ လူတိုင်းကိုင်နိုင်ခြင်း မရှိသေးပါ။ ပေဂျာစနစ်ကိုသာ အများစု သုံးစွဲနေကြရပါသည်။ ယခု Mariana Bay တွင်လည်း ပင်လယ်စာ စားသောက်ဆိုင်အချို့သာ ရှိပြီး ယခုကဲ့သို့ သာယာလှပသော အခြေအနေမျိုး မဟုတ်သေးပါ။ အပန်းဖြေလည်ပတ်ရာ စန်တိုဆာနေရာသည်လည်း ယခုလောက် အဆင့်မမီသေးပါ။ ပြီးခဲ့သည့်သကြ်န်က မိသားစု စင်ကာပူသို့ အလည်အပတ်ထွက်သောအခါ ယူနီဗာဆယ်လ် စတူဒီယို၊ Marina Bay က လူတိုင်းစိတ်ဝင်စားသော သင်္ဘောကြီးအပါအဝင် နေရာအတော်များများသို့ ရောက်ခဲ့ပါသည်။ စင်ကာပူသို့ လေးငါးကြိမ်ရောက်ဖူးသည့်အားလျော်စွာ တစ်ခေါက်ရောက်တိုင်း ပြောင်းလဲမှု၊ တိုးတက်မှုများကိုသာ မြင်တွေ့နေရပါသည်။

ကျွန်တော်တို့နိုင်ငံသားများလည်း ဤကဲ့သို့ ရေမလာမှာ၊ မီးပြတ်မှာ မပူပင်ရသော ပြည်သူများ ဖြစ်ချင်ပါသည်။ သွားရေးလာရေးတွင် စိတ်ချမ်းချမ်းသာသာ သွားလာရသော ပြည်သူများ ဖြစ်ချင်ပါသည်။ အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ပြီး အပန်းဖြေစရာနေရာ ကျယ်ကျယ်ဝန်းဝန်းနှင့်

သင့်တင့်မျှတသော ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ဆိုင်များ တွင် စားသောက်စေချင်မိပါသည်။ သို့သော် ထိုအခြေအနေများသည် မည်သည့်အချိန်အခါမှသာ ဖြစ်လာနိုင်မည်ကို ခန့်မှန်း၍ မရပေ။

ပညာမတတ်သော၊ စေတနာမေတ္တာတရား နည်းပါးသော၊ စီမံခန့်ခွဲမှု ညံ့ဖျင်းသော၊ မိမိအတွက်သာ စဉ်းစားပြီး လာဘ်စားသော အစိုးရများ လက်ထက်တွင် တိုင်းပြည်ကောင်းလာဖို့ဆိုသည်မှာ မလွယ်ကူပေ။ မြန်မာပြည်ရှိ တစ်ခုတည်းသောအမြန်လမ်းမှာပင် လမ်းဖောက်လုပ်စဉ် က စံချိန်စံညွှန်းမမီခဲ့သည့်အတွက် သေဆုံးမှုများမှာ နေ့စဉ်နှင့်အမျှကြား သိနေရသည် ဖြစ်ပါသည်။ အိမ်နီးချင်းဖြစ်သော အလွန်ဆင်းရဲပါသည် ဆိုသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကပင် မြန်မာပြည်၏လမ်းများထက် သာသော အဝေးပြေးလမ်းများ၊ အဆောက်အအုံကြီးများ ရှိပါသည်။

တရုတ်ပြည်တွင် မြို့ကြီး ၃၆ မြို့သို့ ကျည်ဆန်ရထားဖြင့် နာရီပိုင်း အတွင်း သွားလာနိုင်သောလမ်းများ တည်ဆောက်ပြီး ဖြစ်ပါသည်။ အမြို့ မြို့အနယ်နယ်သို့သွားသော လမ်းများမှာလည်း သပ်ရပ်ကောင်းမွန်ရုံသာ မက မိုးပျံလမ်းများပါ အပြိုင်တည်ဆောက်ထားသည်ကို တွေ့ရပါသည်။ ပီကင်းမြို့တွင် လေထုညစ်ညမ်းမှုကြောင့် မြူတွေဆိုင်းနေသည်ဟု ဆို သော်ငြားလည်း လေဆိပ်မှ ထွက်ထွက်ခြင်း ဘေးဘယ်ညာနှစ်ဖက်တွင် သစ်ပင်များကိုလမ်းတစ်လျှောက်လုံးတွေ့မြင်ရပါသည်။ကျယ်ဝန်းသော ယာဉ်သွားလမ်းများအပြင် စက်ဘီး၊ ဆိုင်ကယ်များအတွက်ပါ သီးသန့် လမ်းများ ဖောက်လုပ်ထားပါသည်။ တရုတ်ပြည်ရှိ နယ်မြို့များတွင်လည်း အပင်ကြီးများအား ပုံစံသွင်း၍ စိုက်ပျိုးထားသော လမ်းများ၊ နစ်လမ်းသွား

များတွင် လမ်းလယ်ကျွန်းများရှိ ပန်းပင်များဖြင့် ဥယျာဉ်ကြီးသဖွယ် သာယာလှပစွာ အလှဆင်ထားရှိပါသည်။

မြို့လယ်တွင် တစ်ခါတစ်ရံ ဝင်ရောက်တိုက်ခိုက်တတ်သော အစွန်းရောက်များ၏ ရန်ကို ကြောက်ရွံ့နေရသည့် ဖိလစ်ပိုင်နိုင်ငံတွင်တောင်မှ အဆောက်အအုံများ၊ လမ်းများမှာ မြန်မာနိုင်ငံထက် အများကြီးသာသည်ကို တွေ့ရှိရပါသည်။ နိုင်ငံရေးပြဿနာ ရှုပ်ထွေးလျက်ရှိသော ထိုင်းနိုင်ငံသည်လည်း မြန်မာနိုင်ငံထက် အများကြီးသာကြောင်း ရောက်ဖူးသူတိုင်း သိရှိကြပါသည်။ မြန်မာ့အစိုးရတာဝန်ရှိသူများမှာ သကြံန်အမြောက်ပမာ လေလုံးကြီးထွားသည်မှလွဲ၍ ဘာတစ်ခုမျှ လုပ်ပြနိုင်စွမ်း မရှိသေးပေ။

အချင်းချင်း အာဃာတလုပြီး လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေးပဋိပက္ခများ ဖန်တီးပြီး ပြည်သူလူထုအပေါ် နည်းနည်းမျှ ဂရုမစိုက်ခဲ့ပါ။ မီတာခတက်သော်လည်း လျှပ်စစ်မီးပြတ်ဆဲ ဖြစ်ပါသည်။ ရန်ကုန်မြို့နေ လူထုများအတွက် ဂျိုးဖြူရေမှာ သန့်ရှင်းမှု လုံးဝမရှိ၊ မသုံးသင့်သော ရေမျိုးဖြစ်သော်လည်း ထိုရေကိုသာ အသုံးပြုနေရပါသည်။ လမ်းများ၊ တံတားများ၊ ယာဉ်ကြောပိတ်ဆို့မှုများ၊ အိမ်မြေဈေးနှုန်း မြင့်မားမှုများ၊ စားသောက်ကုန် ဈေးနှုန်းမြင့်မားမှုများ စသော လူမှုဒုက္ခများဖြင့်သာ နေ့စဉ်နှင့်အမျှ ခါးစည်းခံနေကြရပါသည်။ ထိုအခြေအနေကိုလည်း သိသိကြီးနှင့် မမြင်ချင်ယောင်ဆောင်နေခဲ့ကြပါသည်။ ထိုကဲ့သို့အစိုးရမျိုးကို ဗုဒ္ဓဘာသာဝင်များအနေဖြင့် ခင်ပွန်းကြီးဆယ်ပါးထဲတွင် ထည့်သွင်းရမည်လား၊ ရန်သူမျိုးငါးပါးတွင် ထည့်သွင်းရမည်လား တွေးကြည့်ရုံနှင့် သိနိုင်ပါသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် စိတ်ထားနူးညံ့သိမ်မွေ့ကြပါသည်။ သည်းခံနိုင်စွမ်းလည်း ရှိကြပါသည်။ မည်သည့်လူမျိုး၊ မည်သည့်ပုဂ္ဂိုလ်အပေါ်မဆို ရင်းနှီးဖော်ရွေကြပါသည်။ လောဘ၊ ဒေါသလည်းအလွန်နည်းကြရပါသည်။ ရသမျှနှင့် ရောင့်ရဲတင်းတိမ်နိုင်စွမ်းလည်းရှိကြပါသည်။ မည်သည့်အကြောင်းကြောင့်ပဲ ဒုက္ခရောက်သည်ဖြစ်စေ၊ ကုသိုလ်ကံကိုသာပုံချပြီး ဖြေသိမ့်တတ်သော လူမျိုးများဖြစ်ပါသည်။ ဟိုးယခင်ခေတ်က တိုင်းရင်းသားများသည် မည်သည့်ဒေသကိုပင်အလည်အပတ်သွားသွား တည်းခိုခန်း မလိုအပ်ပေ။ ဘုန်းကြီးကျောင်းများတွင် နေစရာ၊ စားစရာ မပူပင်ဘဲ တည်းခို၍ ရပါသည်။ ရေသန့်ကိုလည်း ဝယ်သောက်စရာ မလို၊ လမ်းတိုင်းတွင် ရေချမ်းစင်များဖြင့် ရေကုသိုလ်ပြုထားကြပါသည်။ မြန်မာလဆယ့်နှစ်လလုံးတွင် ဘာသာရေးနှင့်ဆိုင်သော ပွဲလမ်းသဘင်များဖြင့် လှူကြ၊ တန်းကြ၊ ကြည်နူးပျော်ရွှင်ခဲ့ကြသည်များသာ ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး မနာလိုဝန်တိုစိတ်လည်း နည်းပါးခဲ့ကြပါသည်။ ငါးပါးသီလကို ဆောက်တည်သူများပီပီအမှုအခင်းအဖြစ်အပျက်များမှာအလွန်ပင်နည်းပါးခဲ့ကြပါသည်။မိဘနှင့်သားသမီးဆက်ဆံရေး၊ ဆရာနှင့်တပည့်ဆက်ဆံရေးတို့မှာလည်းအခြားနိုင်ငံများကပင် စံယူရလောက်သည့် ယဉ်ကျေးမှုများ ရှိခဲ့ပါသည်။ ကျွန်တော်တို့ ငယ်စဉ်ကာလက အိမ်ထောင်ရေးဖောက်ပြန်သော အဖြစ်အပျက်များမှာ အလွန်ရှားပါးသော ဖြစ်ရပ်များဖြစ်ပါသည်။

ယခုကာလ၌မူ ထိုအကြောင်းအရာများအားလုံး ပြောင်းပြန်ဖြစ်သွားပါသည်။ နှစ်ပေါင်းခြောက်ဆယ်ခန့် စိတ်ဓာတ်ကောင်းများ စနစ်တကျဖျက်ဆီးခံခဲ့ရသည့်အတွက် မျိုးဆက်နှစ်ဆက်စာလောက် စိတ်ဓာတ်

များ ပျက်ပြားသွားပြီ ဖြစ်ပါသည်။ အစိုးရပိုင်းမှ တာဝန်ရှိသူများကိုယ်တိုင် အကြီးအကျယ် လာဘ်စားကြသည်။ မိမိလစာနှင့် မမျှသော ပိုင်ဆိုင်မှု များအား ကြွားလုံးထုတ်ကြသည်။ အာဏာကို အလွဲသုံးစားလုပ်ရင်း ပြည်သူအပေါ် ဖိနှိပ်ကြသည်။ ဌာနဆိုင်ရာ ဝန်ထမ်းအဆင့်ဆင့်ကလည်း လာဘ်ပေးလာဘ်ယူကိစ္စများ ပေါ်ပေါ်တင်တင် လုပ်ကိုင်လာကြသည်။ ယခုအခါ သမ္မတကြီးမှ သုံးသိန်းအထိ တရားဝင်လာဘ်ယူခွင့်ကို ခွင့်ပြု လိုက်သောအခါငင်းတို့၏တရားဝင်ရပိုင်ခွင့်ဟုပင် ထင်မြင်လာကြသည်။ သာမန်ပြည်သူတစ်ယောက်လောက်မျှပင် အတွေးအခေါ်မရှိသော အုပ်ချုပ်သူများ၏ စကားလုံးများမှာ နေ့စဉ်နှင့်အမျှ မရိုးနိုင်အောင် ကြား သိနေရဆဲ ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူတို့ မျှော်မှန်းနေသော တိုး တက်မှုဆိုသည်မှာ "ရွှေပြည်တော် မျှော်တိုင်းဝေး" ဖြစ်နေရဆဲ ဖြစ်ပါ သည်။

ယခုကာလတွင် မတူတာတွေ ချန်ထားပြီး တူတာတွေ တွဲလုပ်မည် ဆိုသော သမ္မတကြီး၏မိန့်ခွန်းကြောင့် တူသောကိစ္စရပ်အနည်းငယ်သာ အတိုက်အခံပါတီများနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ပြီး မတူသည့်အကြောင်း အရာများမှာ ချန်ထားခဲ့သောကြောင့် အမှိုက်ပုံကြီးသဖွယ် တည်ရှိနေပြီ ဖြစ်ပါသည်။ ထိုအမှိုက်ပုံကြီးသည် အနံ့အသက် မကောင်းသည့်အပြင် မီးရေး၊ ထင်းရေး ကြောက်နေရသော အမှိုက်ပုံကြီး ဖြစ်နေပါသည်။ ခရိုနီ စီးပွားရေးလုပ်ငန်းရှင်ကြီးများမှာလည်း မိမိတို့ဆယ်ဘဝစာ စားမကုန် ခန်းသည့် ပိုင်ဆိုင်မှုများဖြင့် မကျေနပ်နိုင်ဘဲ ယနေ့အထိ စီးပွားရေး လောဘ၊ နိုင်ငံရေးလောဘများ ငန်းဖမ်းဆဲဖြင့် တွေ့မြင်နေရသည့်အခါ တိုင်းပြည်အနာဂတ်အရေးအတွက် ရင်မအေးဖွယ် ဖြစ်နေရပါသည်။

ဗုဒ္ဓဘာသာဝင်များပီပီ ရဟန်းသံဃာများအပေါ် အကြွင်းမဲ့ကြည်ညိုသဒ္ဓါစိတ်ဖြင့် ကိုးကွယ်ဆည်းကပ်ခဲ့ကြသူများ ဖြစ်ပါသည်။ သို့သော် မကြာမီအချိန်က သံဃာများ ဖြေဆိုသော ဓမ္မာစရိယစာမေးပွဲ မေးခွန်း ပေါက်သည်ဟူသော သတင်းသည်လည်း တုန်လှုပ်ဖွယ် ကြားသိရပါသည်။ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်များအတွက် သက်ဆိုင်ရာ ဘုန်းတော်ကြီးများ၊ အရာရှိကြီးများထံ လာဘ်ထိုးရသည်ဟူသော သတင်းများကလည်း ပျံ့နှံ့နေပါသည်။ ဒီကြားထဲတွင် ရဟန်းသံဃာများကလည်း နိုင်ငံရေးနှင့်ပတ်သက်သောအဖွဲ့အစည်းများနှင့်ပူးပေါင်းခြင်း၊ဟောပြောခြင်း၊ စည်းရုံးခြင်းများပါ လုပ်ဆောင်လာရသောကြောင့် ဘာသာရေးလောကတွင်လည်း ရဟန်းအချင်းချင်း၊ ဒကာအချင်းချင်း နှစ်ပိုင်းကွဲမည့်အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

ဖိုရှယ်သော ရဟန်းသံဃာအများစုမှာလည်း ပစ္စည်းလေးပါးပြည့်ဝရေးသာမက ပိုလျှံရေးကိုပါ အာရုံထားပြီး ကြိုးစားဆောင်ရွက်နေသည်ကို တွေ့မြင်ရသောအခါ မည်သို့ပြောရမည်ကိုပင် မစဉ်းစားတတ်တော့ပါ။ သာမန်လူများက မိမိတို့၏ လောဘ၊ ဒေါသ၊ မောဟများ နည်းပါးချင်၍ မိမိထက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များ ကြီးမြတ်သော သံဃာတော်များထံ ဆရာအဖြစ် ကိုးကွယ်ဆည်းကပ်ကြခြင်း ဖြစ်ပါသည်။ ထိုသံဃာတော်များက သာမန်လူတို့ထက်ပင် လောဘ၊ ဒေါသ၊ မောဟကြီးနေပါက မည်သူ့ကို ကိုးကွယ်ဆည်းကပ်ရမည်ပင် မသိတော့ချေ။ သို့သော် အမှန်တကယ် ဝိနည်းစည်းကမ်း လိုက်နာကျင့်ကြံသော ရဟန်းတော်များ အများအပြား ရှိနေပါသေးသည်။ ပစ္စည်းလေးပါးအား မမက်မောဘဲ ရိုးကုပ်စွာ ကျင့်ကြံအားထုတ်နေသော ရဟန်းတော်များသာ

မရှိခဲ့လျှင် သာသနာရေးမှာလည်း တွေးဝံ့စရာပင် မရှိတော့။ ဘာသာရေးလောကကို ဤသို့ ဖျက်ဆီးခဲ့သည်မှာလည်း အစိုးရနှင့် မိမိတို့ မတရားစီးပွားရှာခဲ့သည်ကို နာမည်ကြီးဘုန်းတော်ကြီးများ၏ အကာအကွယ်လိုချင်သော ခရိုနီလုပ်ငန်းရှင်ကြီးများကြောင့် ဖြစ်ပါသည်။

ယခုအခါတွင် တစ်ယောက်နှင့်တစ်ယောက် လက်ညှိုးထိုး၍ စိတ်ဓာတ်ပြုပြင်ရမည်ဟူသော စကားလုံးမျိုးကို တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြပါသည်။ သို့သော် ပြောသူကော၊ လက်ညှိုးထိုးခံရသူပါ မည်သူမျှမပြင်ကြ။ အမှန်တကယ် စတင်ပြင်ရမည်မှာ အုပ်ချုပ်သူပိုင်းမှသာ ဖြစ်ပါသည်။ ခေါင်မိုးလုံဖို့ လိုအပ်ပါသည်။ ထိုသူများ မပြင်ဘဲ ပြည်သူများကိုသာ ပြင်ခိုင်းနေရုံဖြင့် အကျိုးရှိမည် မဟုတ်ပေ။ စားဝတ်နေရေးအတွက်နေ့စဉ်နှင့်အမျှ ရုန်းကန်နေရသော ဆင်းရဲပင်ပန်းမှုများသည် သီလကိုကျိုးပေါက်စေသည့် အခြေအနေများ ဖြစ်လာနိုင်ပါသည်။ ပြည်သူတို့၏စားဝတ်နေရေး ချောင်လည်ဖို့ အမှန်တကယ် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်သူမှာ အစိုးရသာ ဖြစ်ပါသည်။ မကောင်းသော အစိုးရအောက်တွင် ပြည်သူများလည်း ကောင်းနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် ကျွန်တော်တို့သည်လည်း နေ့စဉ် ဘုရားရှိခိုးတိုင်း ရန်သူမျိုးငါးပါးထဲမှ အဆိုးဝါးဆုံးဖြစ်သော အုပ်ချုပ်သူအစိုးရအန္တရာယ်မှ လွတ်မြောက်စေရန် နေ့စဉ် ဆုတောင်းနေရပါဦးမည်။


ရန်သူမျိုးငါးပါးဘေးမှ ကင်းလွတ်ကြပါစေ။ အထူးသဖြင့် ပြည်သူလူထုအပေါ် မထောက်ထားသော၊ မညှာတာသော မင်းဆိုးမင်းညစ်များအုပ်ချုပ်မှုဘေးမှ ကင်းဝေးနိုင်ကြပါစေ။

မရှိခဲ့လျှင် သာသနာရေးမှာလည်း တွေးဝံ့စရာပင် မရှိတော့။ ဘာသာရေး လောကကို ဤသို့ ဖျက်ဆီးခဲ့သည်မှာလည်း အစိုးရနှင့် မိမိတို့ မတရား စီးပွားရှာခဲ့သည်ကို နာမည်ကြီးဘုန်းတော်ကြီးများ၏ အကာအကွယ် လိုချင်သော ခရိုနီလုပ်ငန်းရှင်ကြီးများကြောင့် ဖြစ်ပါသည်။

ယခုအခါတွင် တစ်ယောက်နှင့်တစ်ယောက် လက်ညှိုးထိုး၍ စိတ် ဓာတ်ပြုပြင်ရမည်ဟူသော စကားလုံးမျိုးကို တွင်တွင်ကျယ်ကျယ် သုံးစွဲ နေကြပါသည်။ သို့သော် ပြောသူကော၊ လက်ညှိုးထိုးခံရသူပါ မည်သူမျှ မပြင်ကြ။ အမှန်တကယ် စတင်ပြင်ရမည်မှာ အုပ်ချုပ်သူပိုင်းမှသာ ဖြစ်ပါ သည်။ ခေါင်မိုးလုံဖို့ လိုအပ်ပါသည်။ ထိုသူများ မပြင်ဘဲ ပြည်သူများကို သာ ပြင်ခိုင်းနေရုံဖြင့် အကျိုးရှိမည် မဟုတ်ပေ။ စားဝတ်နေရေးအတွက် နေ့စဉ်နှင့်အမျှ ရုန်းကန်နေရသော ဆင်းရဲပင်ပန်းမှုများသည် သီလကို ကျိုးပေါက်စေသည့် အခြေအနေများ ဖြစ်လာနိုင်ပါသည်။ ပြည်သူတို့၏ စားဝတ်နေရေး ချောင်လည်ဖို့ အမှန်တကယ် အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးနိုင်မည့်သူမှာ အစိုးရသာ ဖြစ်ပါသည်။ မကောင်း သော အစိုးရအောက်တွင် ပြည်သူများလည်း ကောင်းနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် ကျွန်တော်တို့သည်လည်း နေ့စဉ် ဘုရားရှိခိုးတိုင်း ရန်သူ မျိုးငါးပါးထဲမှ အဆိုးဝါးဆုံးဖြစ်သော အုပ်ချုပ်သူအစိုးရအန္တရာယ်မှ လွတ် မြောက်စေရန် နေ့စဉ် ဆုတောင်းနေရပါဦးမည်။

ရန်သူမျိုးငါးပါးဘေးမှ ကင်းလွတ်ကြပါစေ။ အထူးသဖြင့် ပြည်သူ လူထုအပေါ် မထောက်ထားသော၊ မညှာတာသော မင်းဆိုးမင်းညစ်များ အုပ်ချုပ်မှုဘေးမှ ကင်းဝေးနိုင်ကြပါစေ။




# နိုင်ငံတော်သီချင်းထဲက ဗဗ္ဗ

တရားမျှတ လွတ်လပ်ခြင်းနှင့် မသွေ
တို့ပြည် တို့မြေ
များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့
ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်
တို့ပြည် တို့မြေ
ပြည်ထောင်စုအမွေ
အမြဲတည်တံ့စေ
အဓိဋ္ဌာန်ပြုပေ
ထိန်းသိမ်းစို့လေ။

Quality Publishing House

သားများ ယနေ့တိုင် နစ်မွန်းနေရဆဲပင် ဖြစ်ပါသည်။

ယနေ့ကာလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဆောင်၍ ၈၈ ပွင့်လင်းလူ့အဖွဲ့အစည်းများ ပါဝင်သော အခြေခံဥပဒေ ပုဒ်မ ၄၃၆ ပြင်ဆင်ရန်အတွက် လက်မှတ်ရေးထိုး လှုပ်ရှားမှုများ၊ ဟောပြောပွဲများကို မြန်မာပြည်တစ်ဝန်းတွင် ကျင်းပနေကြပါသည်။ ထိုဥပဒေပြင်ဆင်ရေးအား အချို့သော သူများက လက်မခံကြပါ။ ခေါင်းဆောင်ပိုင်းက လက်မခံကြခြင်းမှာ ထိုဥပဒေအား ပြင်ဆင်ခွင့်ပေးလိုက်လျှင် သူတို့ မတရားရှာဖွေထားသော စည်းစိမ်ချမ်းသာများအတွက် ထိခိုက်မှု တစ်စုံတစ်ရာဖြစ်မည်ကို စိုးရိမ်ကြသောကြောင့် ဖြစ်ပါသည်။ ထိုပုဒ်မအားမပြင်ရန် ဆန္ဒပြသော အောက်ခြေလူစု အနည်းငယ်မှာ ဥပဒေပုဒ်မ၏အဓိပ္ပာယ်ကို သေသေချာချာ ခြေခြေမြစ်မြစ်မသိဘဲ အထက်လူကြီးများ၏ အမိန့်တစ်စုံတစ်ရာကြောင့်သာ ကြောက်ရွံ့၍ ဆန္ဒပြခြင်းဖြစ်ပါသည်။

အခြေခံဥပဒေပါ ပုဒ်မ ၄၃၆ သည် ပြင်ကိုပြင်ရမည့် ပုဒ်မ ဖြစ်ပါသည်။ အဆိုပါပုဒ်မ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အခြေခံဥပဒေပုဒ်မ တစ်ခုခုအား ပြင်ဆင်လိုပါက လွှတ်တော်အတွင်း၌ ၇၅ % ကျော် ထောက်ခံဖို့ လိုအပ်ပါသည်။ လွှတ်တော်ထဲတွင် ၂၅ % သော ပုဂ္ဂိုလ်များမှာ ပြည်သူများ ရွေးချယ်တင်မြှောက်ထားသော ပုဂ္ဂိုလ်များ မဟုတ်ဘဲ ကာကွယ်ရေးဦးစီးချုပ် စိတ်ကြိုက်ရွေးချယ်ထားသော တပ်မတော်သားများသာ ဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် မိမိဆန္ဒ တစ်စုံတစ်ရာ ဆုံးဖြတ်ပိုင်ခွင့်မရှိဘဲ စစ်တပ်ထုံးစံအတိုင်း အထက်အမိန့်ရမှသာ ခေါင်းညိတ်ခေါင်းခါလုပ်ဝံ့သူများ ဖြစ်ကြပါသည်။ ကျန်သော ၇၅% အမတ်များမှာလည်း ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီဝင် အများစုသာ ဖြစ်ကြပါသည်။ အဆိုပါ ကြံ့ခိုင်ရေးပါတီဝင်များမှာလည်း စစ်ဗိုလ်ချုပ်

များမှ အဝတ်အစားပြောင်းဝတ်ထားသော လူများသာ ဖြစ်ပါသည်။ ဤအခြေခံဥပဒေကိုလည်း ၎င်းတို့ပါတီဝင်အများစုစိတ်ကြိုက် ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အခြေခံဥပဒေတွင် ဒေါ်အောင်ဆန်းစုကြည်၏ သမ္မတဖြစ်ရေးအတွက် အတားအဆီးဖြစ်နေသော ပုဒ်မ ၅၉(စ) အပါအဝင် ယခင်အစိုးရလုပ်ဆောင်ခဲ့သည့် အကြောင်းအရပ်များအား နောက်ကြောင်းပြန် အရေးမယူရဟူသော ပုဒ်မမျိုးပါ ထည့်သွင်းရေးဆွဲထားပါသည်။ အဆိုပါပုဒ်မများမှာ မည်သည့်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မှ မပါရှိသော ပုဒ်မများသာ ဖြစ်ပါသည်။ အဆိုပါအချက်အလက်များ ထည့်သွင်းရေးဆွဲရခြင်းမှာလည်း မိမိတို့၏ မတရားသဖြင့် ရယူထားသော စည်းစိမ်ဥစ္စာများနှင့် မိမိတို့၏လုံခြုံမှုအတွက် သေချာစေရန် ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်ပါသည်။ မိမိတို့ မတရားမှုများ အရိုးတွန်မည်စိုး၍ အခြေခံဥပဒေထဲတွင် စစ်တပ်မှ တရားဝင်အာဏာသိမ်းနိုင်သော ပုဒ်မများကိုပါ တစ်ပါတည်း ထည့်သွင်းရေးဆွဲထားပါ သည်။

ကျွန်တော်တို့၏ နိုင်ငံတော်သီချင်းနှင့် ကျွန်တော်တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဆန့်ကျင်ဘက် ဖြစ်နေပါသည်။ ၎င်းတို့ တွေးကြောက်နေသလို ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လျှင် အမျိုးဘာသာ သာသနာပျက်နိုင်သည်၊ ပုဒ်မ ၅၉ (စ) အား ပြင်ဆင်ခွင့်ပေးလိုက်လျှင် နိုင်ငံခြားသားများ လာရောက်အုပ်ချုပ်နိုင်မည်ဟူသော ဝါဒဖြန့်မှုကို အခြေခံဖွဲ့စည်းပုံဥပဒေ မဖတ်ဖူးသော သာမန်ပြည်သူ လူနည်းစုက နားယောင်ကြမည် ဖြစ်ပါသည်။ အမှန်တကယ်တွင်မူ ၅၉(စ)ကို ပြင်ရုံဖြင့် နိုင်ငံခြားက မည်သည့်လူမျိုးမှ သမ္မတဖြစ်လာရန် အကြောင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ပုဒ်မ ၅၉(ခ)တွင် **မိမိနှင့် မိမိ၏မိဘနှစ်ပါးစလုံး နိုင်ငံတော်၏အာဏာပိုင်နက်**

အတွင်း၌ မွေးဖွားလာသော တိုင်းရင်းသားမှဖြစ်သည့် မြန်မာနိုင်ငံသား ဖြစ်ရမည်ဟူသောအချက်က အားလုံးကို ချုပ်ကိုင်ထားပြီးဖြစ်သည့်အတွက် စိုးရိမ်ရန် မရှိပါ။ ပြည်သူများအနေဖြင့် မည်သည့်နိုင်ငံခြားသားကိုမျှ မဲထည့်ရွေးချယ်မည်မဟုတ်ပေ။ ပြည်သူ့အပေါ် အထင်သေးသော အစိုးရပါတကား။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း မိမိနိုင်ငံနှင့် အမျိုးဘာသာသာသနာ ပျက်စီးရာပျက်စီးကြောင်း တစ်ကြိမ်တစ်ခါမျှ လုပ်ကိုင်ခဲ့ဖူးသူမဟုတ်ပါ။ သူမအနေဖြင့် ဘုန်းကြီးများကို အကျဉ်းထောင်သွင်း မချဘူးပါ။ ဘုရားပေါ်သို့လည်း ဖိနပ်စီး၊ ကားစီး မတက်ဘူးပါ။ ရဟန်းသံဃာတော်များကို မီးလောင်ပုံးနှင့်လည်း မဖြိုခွင်းဘူးပါ။ တရားမဝင် နေထိုင်သော ဘင်္ဂါလီများကို White Card ထုတ်မပေးဘူးပါ။ မည်သည့်ဘုန်းတော်ကြီးများ၏ တရားပွဲများကိုမျှ မပိတ်ပင်ခဲ့ဘူးပါ။ တိုင်းပြည်၏ မည်သည့်သယံဇာတကိုမျှ ကိုယ့်အတွက် ရောင်းမစားဘူးပါ။ မည်သည့်တောင်သူလယ်သမားများထံမှ မြေယာ မသိမ်းခဲ့ဘူးပါ။ ပြည်သူများအပေါ်တွင်လည်း အကြွေးဆပ်ဖို့ ထမင်းတစ်နပ်လျှော့စားခိုင်းခြင်း မရှိခဲ့ဘူးပါ။ ပါးရိုက်မည်ဟုလည်း မိုက်မိုက်ရိုင်းရိုင်း မပြောခဲ့ဘူးပါ။ ပြည်သူများအား စက်သုံးဆီ၊ လျှပ်စစ် စသည်တို့ကို အရှုံးခံရောင်းချရသောကြောင့် နိုင်ငံဆင်းရဲရသည်ဟုလည်း အပြစ်မပြောခဲ့ဘူးပါ။ ငွေနစ်ထောင်လောက်နှင့်လည်း လောက်ငအောင် မသုံးနိုင်းခဲ့ဘူးပါ။ ရောဝတီမြစ်၊ သံလွင်မြစ်၊ လက်ပံတောင်းတောင်တို့ကို ရောင်းမစားခဲ့ဘူးပါ။ လယ်တီသိမ်များ၊ ဘုန်းကြီးကျောင်းများကို ဘူဒိုဇာနှင့်ထိုး၍ မဖျက်ဆီးဘူးခဲ့ပါ။ ဘင်္ဂါလီများအား လွှတ်တော်ထဲသို့ ခေါ်မသွင်းခဲ့ဘူးပါ။

၎င်းအပြင် မိသားစုအတွက် မတရားသော လာဘ်ငွေ တစ်စိုးတစ်စိမျှ မယူဘူးခဲ့ပါ။

၎င်းအနေဖြင့် ၈၈ အရေးအခင်းနောက်ပိုင်း အသက်နှင့်ဘဝကို မြန်မာပြည်သူများအတွက် စွန့်လွှတ်ခဲ့သူတစ်ဦးသာ ဖြစ်ပါသည်။ မည်သည့်နိုင်ငံတွင်မဆို ချမ်းချမ်းသာသာ၊ လွတ်လွတ်လပ်လပ် နေနိုင်ပါလျက်ကယ်နှင့်ခနေဖြူနှင့် ဒီပဲယင်းကဲ့သို့ အသက်အန္တရာယ် လုပ်ကြံခံခဲ့ရမှုများ၊ မစွတာဂျွန်ယက်တော၏ အမှုကဲ့သို့ ပြောင်းပြန်အမှုဆင်ခံခဲ့ရမှုများဖြင့် နေအိမ်အကျယ်ချုပ်တွင် နှစ်ပေါင်းများစွာကျခံခဲ့ပြီး တိုင်းပြည်အပေါ် အနစ်နာခံသူတစ်ဦးမျှသာ ဖြစ်ပါသည်။ နောက်ဆုံး လွှတ်တော်ထဲသို့ ဝင်ရောက်ဖို့ ဆုံးဖြတ်ပြီး နိုင်ငံရေးလုပ်ခွင့် ရရှိလာသောအခါတွင်လည်း သာမန်လွှတ်တော်အမတ်တစ်ဦးမျှဖြစ်သော ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံတော်အကြီးအကဲဆိုသူများ မလုပ်နိုင်ခဲ့သောအလုပ်များကို ပြောင်မြောက်စွာလုပ်ပြနိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် အနှစ်နှစ်ဆယ်ကျော် အလုပ်သမားဝန်ကြီးအဆက်ဆက်အလေး မထားခဲ့သော ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမား သိန်းပေါင်းများစွာအား ယာယီအလုပ်သမားကတ်နှင့် နိုင်ငံကူးလက်မှတ်များအား သက်ဆိုင်ရာနိုင်ငံ ဝန်ကြီးများနှင့် ညှိနှိုင်း၍ ထုတ်ပေးခဲ့ပါသည်၊ ကျန်းမာရေးဝန်ကြီးများ မလုပ်နိုင်ခဲ့သော ကျန်းမာရေးဘတ်ဂျက်များကို တိုးမြှင့်ပေးရန် လွှတ်တော်တွင် အခြေတင်ဆွေးနွေးခဲ့ပြီး နိုင်ငံတကာအကူအညီတောင်းခံကာ ရန်ကုန်ဆေးရုံကြီးနှင့် ကျန်းမာရေးလုပ်ငန်းများ အဆင့်မြှင့်နိုင်ဖို့ ညှိနှိုင်းအောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အတူပညာရေးဘတ်ဂျက်ကိုလည်း နှစ်ဆတိုးတောင်းဆိုနိုင်ခဲ့ပြီး ရန်ကုန်၊ မန္တလေးတက္ကသိုလ်များအပြင် ယခင်ကပိတ်ထားခဲ့သော ရန်ကုန်

တက္ကသိုလ်ကိုပါ နိုင်ငံတကာအကူအညီများ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်း၍ ပညာရေးအဆင့်မြင့် စီမံကိန်းများကိုလည်း အကောင်အထည်ဖော်နေပြီ ဖြစ်ပါသည်။ အစိုးရစရိတ် တစ်ပြားတစ်ချပ်မျှမပါဘဲ အမေရိကန်အပါအဝင် ဥရောပနိုင်ငံများ အာရှနိုင်ငံများသို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် ဖိတ်ကြားခံခဲ့ရပြီး နိုင်ငံရေး၊ စီးပွားရေး၊ ကြွေးမြီကိစ္စ၊ ဥပဒေရေးရာကိစ္စရပ်များအားခေါင်းဆောင်များနှင့်တွေ့ဆုံကာစွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့ခေါင်းဆောင် အသီးသီးလေးစားခံရသော မြန်မာ့ခေါင်းဆောင် အမျိုးသမီးတစ်ဦးဖြစ်ပါသည်။ ၎င်းအပြင် အစိုးရနှင့် နိုင်ငံခြားကုမ္ပဏီများ ပွင့်လင်းမြင်သာမှုမရှိဘဲ စာချုပ်ချုပ်လုပ်ကိုင်ခဲ့သည့် စီမံကိန်းများအား ပြည်သူများ အကျိုးခံစားခွင့် ထိုက်သင့်သမျှရရှိနိုင်ရန်အတွက် စာချုပ်အား ပြင်ဆင်ချုပ်ဆိုခဲ့ခြင်း၊ လျော်ကြေးခံစားခွင့်များတိုးမြှင့်ရရှိစေခဲ့ခြင်းစသည်တို့ကိုလည်းလုပ်ဆောင်နိုင်ခဲ့ပါသည်။ အချို့ကိစ္စများတွင် ပြဿနာမီးမွှေးခဲ့သော အစိုးရပိုင်းက မိမိတို့တာဝန်ကို မိမိတို့မယူဘဲ ဒေါ်အောင်ဆန်းစုကြည်အား ဓားစာခံအဖြစ် အသုံးချခဲ့သော်လည်း ဒေသခံများ၏အမုန်းတရားကို ခံယူကာ စွန့်လွှတ်အနစ်နာခံခဲ့သူလည်းဖြစ်ပါသည်။

အမှန်ဆိုရသော် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီကြီးမှာယခင်က လူမှုရေးအသင်းဟု အမည်ခံခဲ့သော အသင်းကြီး ဖြစ်ပါသည်။ ၎င်းအပြင် အစိုးရဝန်ထမ်းများ အပါအဝင် ပြည်သူလူထုအား နည်းအမျိုးမျိုးဖြင့် စည်းရုံးသိမ်းသွင်း၍ အသင်းဝင်များအား ပါတီနှင့် နိုင်ငံရေး မလုပ်ရန်စည်းကမ်းထုတ်ခဲ့သော အသင်းကြီး ဖြစ်ပါသည်။ သို့သော် ၎င်းတို့ ကြိုတင်

ကြံစည်ထားသော အချိန်အခါသို့ ရောက်သောအခါ ၎င်းတို့ထုတ်ခဲ့သော စည်းကမ်းကို ၎င်းတို့ကိုယ်တိုင် ပြောင်းပြန်လုပ်ပြီး ပါတီအဖြစ် ကြေညာခဲ့သော အဖွဲ့အစည်း ဖြစ်ပါသည်။ ၎င်းတို့သည် ၂၀၀၈ ဥပဒေကို စိတ်ကြိုက် ရေးဆွဲပြီး ပြည်သူလူထု ထွက်ပေါက်ပိတ်အောင် လုပ်ဆောင်ခဲ့သောပါတီ ဖြစ်ကြောင်း ယခု လက်မှတ်ရေးထိုးနေကြသော ပုဒ်မ ၄၃၆ က အထင် အရှားပင် ဖြစ်ပါသည်။ ဤကဲ့သို့ ပြောင်းလိမ်ပြောင်းစား လုပ်ခဲ့ခြင်းမှာလည်း နိုင်ငံတော်သီချင်းထဲမှ ဓမ္မရသနှင့် ဆန့်ကျင်ဘက်ဖြစ်နေခြင်း ဖြစ်ပါသည်။ အသက် ၇၀ အရွယ် လူထုချစ်သော အမျိုးသမီးခေါင်းဆောင်တစ်ဦးကြောင့်သာ မြန်မာပြည်သည် ဤအနည်းငယ်မျှသော လွတ်လပ်စွာ ရေးသားပြောဆိုခွင့်ကို ရရှိလာခဲ့ခြင်း ဖြစ်ပါသည်။ သေနတ်မိုးအုပ်ချုပ်ခဲ့သောခေတ်မှ အပြီးတိုင် လွတ်လပ်ပြီဟု မပြောဆိုနိုင်သေးသော်လည်း ၂၃ နှစ်လုံးလုံး အာဏာရှင်အုပ်ချုပ်သောစနစ်မှ ပါတီစုံစနစ်သို့ ကူးပြောင်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံသားတစ်ယောက်၏ မူလရပိုင်ခွင့်များ ရှိပါသည်။ စားဝတ်နေရေး အခြေခံလိုအပ်ချက်များဖြစ်သော ရေ၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသော အခြေအနေများအား သက်ဆိုင်ရာအစိုးရမှ စိတ်ချပြည့်စုံလုံလောက်အောင် စီမံဖန်တီးပေးရမည် ဖြစ်ပါသည်။ ၎င်းအပြင် အလုပ်အကိုင်အခွင့်အလမ်းများ၊ နေထိုင်စရာအိမ်များ၊ ပညာရေးအတွက် ကျောင်းများ၊ ၎င်းအပြင် ဝန်ထမ်းများ၊ အလုပ်သမားများ၊ သက်ကြီးရွယ်အိုများ၏ ဘဝနောင်ရေးအတွက် စောင့်ရှောက်မှုများ ကိုလည်း တာဝန်ယူရမည် ဖြစ်ပါသည်။ ဤအချက်အလက်များအားလုံးသည် နိုင်ငံတော် သီချင်းထဲတွင်ပါဝင်သော ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ ပြည်ဟူသော

စာသားတစ်ခုတည်းနှင့်ပင် အထက်ပါအကြောင်းအရာများကို လွှမ်းခြုံပြီး ဖြစ်ပါသည်။ ဤမျှလောက် အဓိပ္ပာယ်ပြည့်ဝသောသီချင်းကို ကျောင်းနေစဉ် ကာလ နေ့စဉ်နီးပါးဆိုခဲ့ကြသော်လည်း ယနေ့တိုင် မည်သူကမျှ သီချင်းထဲက ဓမ္မအရသာကို ခံစားခွင့် မရရှိခဲ့ကြသေးပါ။ ယခင်ကာလက လက်နက်ပြ၍ အာဏာသိမ်းခဲ့ပါသည်။ ယခုကာလအနေအထားမှာ ဒီမိုကရေစီဟူသော စကားလုံးကိုပြ၍ အာဏာသိမ်းထားခံရသော အခြေအနေမျိုးပင် ဖြစ်ပါသည်။

ကျွန်တော်တို့ အသက်အရွယ်သည် မွေးခါစမှာပင် တစ်ပါတီအာဏာရှင်၏ လောင်းရိပ်အောက်၌ ရှင်သန်ခဲ့ရပါသည်။ ပညာရေးစနစ်တွင် အစမ်းသပ်ခံ လူသားများအဖြစ် စမ်းသပ်သင်ယူခွင့်သာ ကြုံခဲ့ပါသည်။ တစ်ပါတီအာဏာရှင်မှ သာ၍ဆိုးဝါးယုတ်မာသော စစ်အာဏာရှင်လက်အောက်သို့ ကူးပြောင်းရောက်ရှိခဲ့သောအခါတွင် တစ်တိုင်းပြည်လုံး၏ သယံဇာတများ၊ အခွင့်အလမ်းများ လက်ဝါးကြီးအုပ်ခံရ၍ နိမ့်ကျသော လူနေမှုစနစ်တွင်သာ ဖြတ်သန်းခဲ့ရပါသည်။

ယခု ဒီမိုကရက်တစ်အစိုးရဟုခေါ်သော လက်ထက်တွင်လည်း အမှန်တကယ် လိုအပ်သော အပြောင်းအလဲများကို မတွေ့ကြုံရသေးပါ။ လက်ရှိသမ္မတကြီးမှာ စိတ်ထား နူးညံ့ရိုးသားသည်ဟု ယူဆရသော်လည်း ပြတ်သားမှုမရှိ၊ မိမိအဖွဲ့သားများအား ကာကွယ်ဖေးမလေ့ရှိသည့် ပျော့ညံ့သော ခေါင်းဆောင်မျိုး ဖြစ်သည်။ ထို့ကြောင့် သဘောထားတင်းမာသူများ၏ လွှမ်းမိုးချယ်လှယ်မှုကို ခံနေရသူ ဖြစ်ပါသည်။ ကျွန်တော်တို့ တိုင်းပြည်သည်လည်း မိမိကိုယ်ကျိုး ကာကွယ်လိုသည့် သဘောထားတင်းမာသော စစ်ဗိုလ်လူထွက်များ၏ လောဘနှင့် အတ္တအတွက်သာ ခါးစည်းခံရဆဲ ဖြစ်ပါ

သည်။ ထို့ကြောင့် နိုင်ငံတော်သီချင်းထဲက ဓမ္မအရသာများကို စားသုံးခွင့်၊ ခံစားခွင့်များ ကြုံချင်မိပါသည်။ မြန်မာပြည်သူလူထုများအနေဖြင့် လွတ်လပ်သော၊ တရားမျှတသော၊ ငြိမ်းချမ်းသော၊ သာယာသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်အဖြစ် ပျော်ရွှင်စွာ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် သမ္မတကြီးအပါအဝင် ဝန်ကြီးများ၊ လွှတ်တော်အမတ်များကို ကျွန်တော်တို့ ကလေးဘဝက ကျောင်းတွင်ဆိုခဲ့သော နိုင်ငံတော်သီချင်းအား နေ့တိုင်းဆိုစေချင်မိပါသည်။ သီချင်း၏အဓိပ္ပာယ်ကိုလည်း သတိပြုဆင်ခြင်မိစေချင်ပါသည်။ နိုင်ငံတော်သီချင်းထဲက ဓမ္မအရသာကိုလည်း မိမိကိုယ်တိုင်သာ စားသုံးရုံမက ပြည်သူများကိုပါ စားသုံးနိုင်ရန် ဝေငှစေချင်မိပါသည်။

❦ ❦ ❦




# မြေ မြေ မြေ

ကျွန်တော် ဆယ်တန်းနှစ်က ဖြစ်ပါသည်။ ဆယ်တန်းစာမေးပွဲကြီး ဖြေဆိုချိန်နီးသဖြင့် သူငယ်ချင်းဖြစ်သူ သိန်းတိုးနှင့် နွေလယ်ခင်းဘက် တွင် စာလုပ်နေချိန် ဖြစ်ပါသည်။ အိမ်တွင် အဖေကလွဲ၍ မည်သူမျှ မရှိကြ။ အမေနှင့် ကျန်ညီအစ်ကိုမောင်နှမများက ဈေးထဲတွင် ကုန်စုံ ဆိုင် ဖွင့်လှစ်ရောင်းချသောကြောင့် ညဘက်မှ ပြန်ရောက်တတ်ကြပါ သည်။ သူငယ်ချင်းနှင့် သင်္ချာတွက်နေချိန်တွင် ကျွန်တော့်အဖေ၏ ဒေါသတကြီး အော်ဟစ်ရန်ဖြစ်သံကို ကြားလိုက်ရပါသည်။ အဖေသည် နွေလယ်နေ့ခင်း ထမင်းစားပြီးချိန်တွင် ဓားတစ်လက်နှင့် ခြံဝင်းအတွင်းရှိ

သစ်ပင်ပန်းမန်များအား အမြဲပြုပြင်လေ့ရှိရာ ရန်ဖြစ်သံကြား၍ သွားကြည့်သောအခါ ခြံရှင်းသောဓားပါ တွေ့လိုက်ရသဖြင့် ကျွန်တော် စိုးရိမ်သွားပါသည်။ ကျွန်တော်နှင့် သချာအတူတွက်နေသော သတ္တိခဲသူငယ်ချင်းမှာလည်း ဝင်ဖြေရှင်းဖို့ နေနေသာသာ စာအုပ်ယူ၍ ထွက်ပြေးသွားပါသည်။ ထိုသူငယ်ချင်းမှာ ယခုအခါ နေပြည်တော်တွင် ဗိုလ်မှူးကြီးတာဝန်ဖြင့် ထမ်းဆောင်လျက် ရှိနေပါသည်။

ကျွန်တော်သည် အဖေနှင့် ပြဿနာတက်သော ဘေးခြံဝင်းကပ်လျက်ရှိ ဦးကံမြင့်(နာမည်လွှဲ)၏ ဖြေရှင်းသံကို နားထောင်ကြည့်သောအခါမှ ခြံစည်းရိုးမြေပိုင်ဆိုင်မှု ပြဿနာဖြစ်ကြောင်း သိလိုက်ရပါသည်။ ဘေးခြံမှ ကျွန်တော်တို့၏မြေအား အနည်းငယ်ခိုးယူ၍ ခြံစည်းရိုးခတ်ထားခြင်း ဖြစ်ပါသည်။ စည်းရိုးဘေးတွင် အုန်းပင်၊ ကုက္ကိုပင်ကဲ့သို့ အပင်ကြီးများရှိသောကြောင့် အများကြီး မယူနိုင်သော်လည်း ကျွန်တော့်စိတ်အထင် တစ်ပေသာသာ ခန့်ဝိုက်၍ စည်းရိုးခတ်ထားခြင်း ဖြစ်ပါသည်။ ကျွန်တော့်အဖေကတော့ ထိုစည်းရိုးကို ပြင်မပေးလျှင် ပြဿနာတက်သွားမည်ဟု ဓားကြီးတဝင့်ဝင့်နှင့် ဓားကြိမ်းကြိမ်းပါသည်။ အဖေ့ကိုကြောက်၍ စည်းရိုးပြင်ပေးမည်ဟု ကတိပေးသောအခါ ပြဿနာ ပြေလည်သွားပါသည်။

ထိုသို့ရန်ဖြစ်နေချိန်တွင် ကျွန်တော့်အဖေ၏ဒေါသတကြီး ပြောလိုက်သော စကားတစ်ခွန်းက ကျွန်တော့်နားထဲတွင် ယခုထက်အထိစွဲကျန်နေပါသည်။ "မင်းတို့ မြေခိုးတာ တစ်လက်မပဲခိုးခိုး၊ တစ်ပေပဲခိုးခိုး နှစ်သိန်းလေးသောင်း အထုရှိသော မြေကြီးဖြစ်တဲ့အတွက် တစ်သံသရာလုံး မင်းတို့ ခံရလိမ့်မယ်" ဟူသော စကားဖြစ်ပါသည်။ နောင်

သုံးနှစ်ခန့်အကြာတွင် ၈၈ အရေးအခင်းကြီး ပေါ်ပေါက်လာပါသည်။ ထိုအခါ စစ်အစိုးရအုပ်ချုပ်ရေး စတင်လာချိန်တွင် ထိုခြံစည်းရိုးအား ဖျက်၍ လမ်းအဖြစ် သိမ်းသွားပါသည်။ သီးပင်စားပင်နှင့် ဝါးပိုးတောကြီးပါ ဖျက်၍ ပေးလိုက်ရပါသည်။ ဦးကံမြင့်ဘက်အခြမ်းရော ကျွန်တော်တို့အိမ်ဘက် အခြမ်းရောမျှ၍ လမ်းဖောက်ရာတွင် ပေးလိုက်ရသည့်အတွက် ခြံစည်းရိုးပြဿနာ ရှင်းသွားပါတော့သည်။ စစ်အစိုးရက မည်သည့်လျော်ကြေးမှ မပေးဘဲ သတ်မှတ်ရက်အတွင်း ပြီးအောင်ရှင်းလင်းပေးရသည့်အတွက် အပင်ကြီးများ များသော ကျွန်တော်တို့ဘက်အခြမ်းမှာ သစ်ခုတ်သူများကိုပါခေါ်၍ ရှင်းရသည့်အတွက် ကုန်ကျစရိတ်များသည့်အပြင် အလွန်ပင်ပန်းခဲ့ရပါသည်။ ကျွန်တော်တို့ငယ်စဉ်ကာလက ဆော့ကစားခဲ့သော ခြံကျယ်ကျယ်ကြီးမှာလည်း ဆော့ကစားလို့ မရအောင်ပင် ကျဉ်းမြောင်းသွားခဲ့ပါသည်။

စစ်အစိုးရအနေဖြင့် မြေခံရမည်၊ မခံရမည်ကိုတော့ မသိ။

●

ယခုခေတ်ကာလတွင် မြေဈေးမှာ မမျှော်လင့်ထားသည့်အတိုင်း အတာအထိ တက်လျက် ရှိပါသည်။ ထိုမြေဈေးကြီးမြင့်မှုနှင့်အတူ မြေသိမ်းမှုများကလည်း နားမဆန့်လောက်အောင် ကြားနေရပါသည်။ ဘိုးဘွားအစဉ်အဆက် အိမ်မြေ၊ ယာမြေ၊ လယ်မြေများအဖြစ် ပိုင်ဆိုင်ခဲ့ကြသော်လည်း နိုင်ငံတော်၏ အထူးစီမံကိန်းများကို ပြကာ မြေယာသိမ်းယူကြသည်။ ဗိုလ်ချုပ်ကြီးများ အချင်းချင်းခွဲဝေကြသည်။ စာရွက်စာတမ်းများ ပိုင်ဆိုင်မှုများ ခိုင်မာအောင် ကလိမ်ကကျစ်နည်းများဖြင့် ရွှေ့ပြောင်း

ကြသည်။ မည်သည့်စီမံကိန်းမှ ဖြစ်ပေါ်မလာခင် လက်လွှဲ၍ ရောင်းစား ကြသည်။ မူလမြေပိုင်ရှင်များမှာ တစ်သိန်း၊ နှစ်သိန်းခန့် လျော်ကြေး ရ၍ ရောင်းစားကြသူများမှာ သိန်းပေါင်းသောင်းနှင့်ချီ၍ ရကြလေသည်။ အာဏာပြခြိမ်းခြောက်၍ အလွယ်တကူရရှိသော အကျိုးအမြတ်များမှာ မက်မောလောက်အောင် များပြားသောကြောင့် စစ်အစိုးရလက်ထက် တစ်လျှောက်လုံး နည်းအမျိုးမျိုးနှင့် မြေသိမ်းမှုများမှာ ယခုအစိုးရ လက်ထက်သို့ တိုင်အောင်ပင် သိမ်း၍ကောင်းဆဲပင် ဖြစ်သည်။ ဗိုလ်ချုပ် ကြီးများနှင့် ခရိုနီကြီးများမှာ သူတို့တာဝန်မကျ၍ မရောက်ဘူးသော နေရာဒေသ၌ပင် မြေယာဧကပေါင်းများစွာကို ပိုင်ဆိုင်နေကြသည်ကို တွေ့ရှိရပါသည်။

ထို့အတူ ရန်ကုန်မြို့လယ်ကဲ့သို့ မြေပိုမရှိသော နေရာများတွင်လည်း ခေတ်အဆက်ဆက်က မြို့တော်ဝန်များ၊ တိုင်းမှူးများ၊ ဌာနဆိုင်ရာ အရာရှိကြီးများ၏ လက်ဆောင်အဖြစ် အလကားရရှိခဲ့သော တိုက်ခန်း ပေါင်း မြောက်မြားစွာ တွေ့ရှိနေရပါသည်။ ၎င်းလာဘ်ယူသော တိုက်ခန်း များ၏ အကျိုးဆက်က ရန်ကုန်မြို့ကြီး ရေကြီးရေလျှံခြင်းပင် ဖြစ်ပါသည်။ စည်းမဲ့ကမ်းမဲ့ဆောက်လုပ်ခွင့်ကို အလွယ်တကူချပေးပြီး အရည်အသွေး ကို မစစ်ဆေးဘဲ နေထိုင်ခွင့်ပြုပေးခဲ့သည်။ ကျွန်တော်တို့လမ်းတွင် ဆောက်လုပ်ထားသော တိုက်ခန်းပေါင်း ၁၃၂ ခန်းပါ တိုက်ခန်းတွဲကြီး တွင် စစ်အစိုးရ တက်ခါစ မြို့တော်ဝန်၏အခန်းများ တွေ့ရှိရပါသည်။ ထို တိုက်ခန်းတွဲကြီးမှာ တိုက်သားထု မကောင်းမွန်ရုံမျှမက ရေမော်တာ အလုံး ၁၀၀ ကျော်မှာလည်း နောက်ဖေးလမ်းကြားတွင် ဖြစ်သလို တပ် ဆင်ထားပါသည်။ လာဘ်ယူထားသောအခန်းများဖြစ်သဖြင့် မည်သို့ပင်

တိုင်ကြားသော်လည်း ယနေ့တိုင် မထိရောက်ခဲ့ပါ။ ထို့အတူ အဆောက် အအုံအသစ်များ ဆောက်လုပ်လျှင် လက်ဆောင်အဖြစ်ရရှိကြသော တိုက်ခန်းများမှာ လက်ညှိုးထိုးမလွဲ ရှိနေတတ်ကြပါသည်။ ၎င်းတို့ကို ကာလတစ်ခုအထိ ငှားစားကာ နောက်ပိုင်းတွင် အပြတ်ရောင်း၍ နာမည် ဖျောက်ကြပါသည်။ ယခုကာလတွင်လည်း ၂၀၁၅ မတိုင်မီ ၎င်းတို့၏ ပိုင်ဆိုင်ထားသော မြေများ၊ အိမ်များကို အပြတ်ရောင်းချ၍ အိတ်ထဲ ထည့်ရန် ကြံနေသော ပိုလ်ချုပ်ကြီးများ၏ မိသားစုအသိုင်းအဝိုင်းများကို လည်း တွေ့မြင်နေရပါသည်။

ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ၁၂ ဘီလျံ အသုံးစရိတ် အား ရန်ကုန်မြို့တော်ဝန်က တောင်းယူအပြီးနောက် ယခုနှစ်ထက် နှစ်ဆ ပို၍ရေကြီးလာပါသည်။ မြို့တော်ဝန်အဆက်ဆက် နောက်ဖေးလမ်းကြား များ၊ အရေးပေါ်လမ်းကြားများ၊ လူထုအနားယူ အပန်းဖြေရန် ပန်းခြံများ၊ ပလပ်မြေများအပြင် ရေဆိုးထုတ် လေမှုတ်စက်ရုံ မြေနေရာပါမကျန် အဆောက်အအုံများဆောက်လုပ်ရန် ရောင်းစားခဲ့ကြသည်။ ယခုအခါ ရန်ကုန်မြို့တော်ကြီး၏ ရေကြီးမှုပြဿနာမှာ ငွေများသာ ကုန်အောင် အသုံးပြုနိုင်ခဲ့ပြီး ရေကြီးရေလျှံခြင်း ပြဿနာမှာ ပို၍ပင်ဆိုးဝါးလာခဲ့ပါ သည်။ စီမံကိန်းကြီးမှန်သမျှ ကိုယ့်အတွက် မကျန်လျှင်၊ ကိုယ့်အတွက် မကိုက်လျှင် မလုပ်ကြ။ အိတ်ထဲထည့်ဖို့လောက်ကြည့်ပြီး ခိုလို့ရသမျှ ခို၊ နိုးလို့ရသမျှ ခိုးပြီးမှ လုပ်ကိုင်ကြသဖြင့် လမ်းကောင်းကောင်းလည်း မရှိ၊ တံတားကောင်းကောင်းလည်း မရှိ၊ ပြင်ပြီးလျှင်လည်း မကြာခင် ပျက်နှင့် ရန်ကုန်မြို့ကြီးမှာ မြို့ပျက်ကြီးပမာ ဖြစ်ခဲ့ရပါသည်။

မိမိကိုယ်တိုင် အစိုးရလုပ်၍ မိမိပြည်သူပြည်သားများ၏ မြေယာများကို သူခိုးမျက်စိဖြင့် ကြည့်၍ အစဉ်အမြဲ ခိုးရန်ကြံစည်နေကြသော အစိုးရအဖွဲ့ကြီးအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းအဆက်ဆက်က ပိုင်ခဲ့သော မြေပိုင်နက်၊ ရေပိုင်နက်များကိုမူ အခြားသော တိုင်းပြည်များက ခိုးယူခြင်းကို တားဆီးနိုင်စွမ်း မရှိခဲ့။ ၁၇-၇-၂၀၁၄ နေ့စွဲပါ Daily Eleven သတင်းစာ၏ ဆောင်းပါးပါအချက်အလက်များအရ အိန္ဒိယနှင့် မြန်မာနယ်စပ်ပိုင်နက်သည်လည်း မြန်မာဘက်က နယ်မြေအချို့စွန့်လွှတ်ရမည့် အနေအထားမျိုး ဖြစ်နေပါသည်။ ၂၀၀၈ ခုနှစ် ဘင်္ဂလားဒေ့ရှ်နှင့် ပတ်သက်သော ပြဿနာတွင်လည်း စိန့်မာတင်ကျွန်းနှင့် ရေပြင်ဧရိယာ စတုရန်းကီလိုမီတာ ၁ သိန်းကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပေးအပ်ခဲ့ရပါသည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ရေမိုင် ၂၀၀ အကွာအဝေးထိ စီးပွားရေးဇုန်များအပြင် ရေပြင်ဧရိယာ စတုရန်းမီတာ ၁ သိန်းကျော် ရရှိခဲ့သည်ဟု သတင်းက ဆိုပါသည်။

အိန္ဒိယနှင့်ဖြစ်သော နယ်နိမိတ်ပြဿနာတွင် အိန္ဒိယဘက်က ကျေးရွာများက မြန်မာ့မြေပိုင်နက်တွင် ကျေးရွာများ ဆောက်လုပ်၍ နေထိုင်နေကြပြီဖြစ်သည့်အတွက် ထိုပြဿနာအား နှစ်နိုင်ငံအနေအထားဖြင့် ပြေလည်အောင် မဖြေရှင်းနိုင်သောကြောင့် မြန်မာဘက်က နယ်မြေအများအပြား ပေးရမည့်အနေအထားဖြစ်ပါသည်။ တရုတ်နိုင်ငံနှင့် ဖြစ်သော နယ်စပ်ပြဿနာကြောင့် မဆလခေတ်က ပြည်နယ်တချို့အား ကိုးကန့်တို့အား ပေးခဲ့ရပြီဖြစ်ပါသည်။ ယခုအခါတွင် ရှမ်းပြည်နယ်မူဆယ်နမ့်ခမ်းဘက်များတွင်လည်း တရုတ်တို့ ကျူးကျော်ထားသော မြေယာပြဿနာများစွာကို ပြတ်ပြတ်သားသား မဖြေရှင်းနိုင်သေးပေ။

ပြည်ပနိုင်ငံများနှင့် ယှဉ်လာလျှင် ပျော့ညံ့သော အစိုးရဖြစ်သော်လည်း မိမိတို့ပြည်တွင်းရှိ တိုင်းသူပြည်သားများ၏ မြေယာများကိုမူ တင်တင်းမာမာ သိမ်းယူလေ့ရှိပါသည်။ ဤကဲ့သို့ နယ်ခြားမှတ်တိုင်များတွင်ရှိသော မြန်မာ့ရေပိုင်နက်၊ မြေပိုင်နက်များသို့ အိမ်နီးချင်းနိုင်ငံများမှ နည်းအမျိုးမျိုးဖြင့် ကျူးကျော်သိမ်းယူမှုများမှာ အမြဲလိုလို ကြားနေရသော်လည်း ဖြေရှင်းပြီးသွားကြောင်းကိုမူ တစ်ခါတစ်ရံမှ မကြားခဲ့ရပေ။ ထိုင်းနိုင်ငံသည်လည်း နယ်စပ်အထိ ဝင်ရောက်၍ စိုက်ခင်းများ ပြုလုပ်ထားပြီး မြန်မာ့တိုင်းရင်းသားများကို ကျွန်သဖွယ် ခိုင်းစေကြပါသည်။ ၎င်းနယ်စပ်ထိုင်းနယ်စပ်များတွင် CP ကုမ္ပဏီကြီးများ၏ မွေးမြူရေးခြံများ၊ အခြားသော စိုက်ပျိုးရေးကုမ္ပဏီများ၏ ရာဘာခြံများ၊ မြန်မာ့ရေပိုင်နက်အတွင်းမှာ ရှိသော ထိုင်းတို့၏ ငါးဖမ်းစက်လှေများတွင် မြန်မာတိုင်းရင်းသားများကိုသာ အသုံးချကြပါသည်။ မကြာသေးခင်ကပင် CP life stock ကုမ္ပဏီကြီးမှ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကျေးကျွန်သဖွယ်ခိုင်းစေသောကြောင့် အမေရိကန်နိုင်ငံက ၎င်း CP နှင့် ပတ်သက်သော ထုတ်ကုန်များအား တားမြစ်ကြောင်း သတင်းကြားရသော်လည်း မြန်မာအစိုးရဘက်မှ တစ်စုံတစ်ရာ အရေးယူသံ မကြားခဲ့ရပေ။ ပျော့ညံ့ပြီးကိုယ်ကျိုးရှာသော အစိုးရလက်အောက်တွင် ပြည်သူများမှာ မည်မျှဆက်လက်၍ ဘေးဒုက္ခနှင့် ရင်ဆိုင်ရဦးမည်မသိ။

မြန်မာပိုင်နယ်နိမိတ်များအား ပြောင်ပြောင်တင်းတင်း ချဲ့ထွင်လာသကဲ့သို့ အိမ်နီးချင်းနိုင်ငံများသည် မြန်မာနိုင်ငံအတွင်း၌လည်း စီးပွားရေးနယ်ချဲ့ခြင်း၊ လူမျိုးရေးနယ်၊ ဘာသာရေးနယ်ချဲ့ခြင်း စသည်တို့ဖြင့် ချဲ့ထွင်လာကြပါသည်။ နောင်လာမည့် နှစ်အနည်းငယ်အတွင်း မြန်မာ့


ကလေးများ၏ ပထဝီဝင်သင်ခန်းစာများသည်လည်း သင်ရိုးညွှန်းတမ်း အများကြီး ပြောင်းရတော့မည် ထင်ပါသည်။ ကျွန်တော်တို့ ငယ်ငယ်က သင်ခဲ့ရသော စံပယ်တောင်၊ ကြေးစင်တောင်၊ လက်ပံတောင်းတောင်တို့ မှာလည်း တောင်အဖြစ် မရှိကြတော့။ အခြားသော နိုင်ငံများ ဖဲ့ယူသွား သောကြောင့် မြန်မာနိုင်ငံ၏ မြေပုံသည်လည်း ပြန်ပြင်ဆွဲရမည့် အနေ အထားမျိုး ဖြစ်နေပါသည်။ ဤသည်မှာ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ ကို မိမိအစိုးရကိုယ်တိုင် မစောင့်ရှောက်နိုင်ကြသည့် အခြေအနေမျိုး ဖြစ် ပါသည်။ လောဘဦးစီး၍ ဘီလူးကြီးသဖွယ် ဖြစ်နေကြသော ဗိုလ်ချုပ် ကြီးများနှင့် ခရိုနီကြီးများမှာ နိုင်ငံတော်အား မစောင့်ရှောက်အား။ ရှေး မြန်မာဘုရင်များ ဘိုးဘွားလက်ထက်ကတည်းက သွေးများ၊ ချွေးများဖြင့် ရင်းနှီးရယူခဲ့သည့် ပိုင်နက်များအား အခြားနိုင်ငံများလက်သို့ အလျှော့ ပေးကာ ထိုးအပ်နေရသည့်အဖြစ်မှာ ကြေကွဲစရာ ဖြစ်ပါသည်။

ရန်ကုန်လူဦးရေ တိုးတက်လာသော်လည်း ရန်ကုန်ဇရိယာနှင့် အချိုးချကြည့်ပါက တစ်အိမ်ထောင်လျှင် လေးဆယ် × ခြောက်ဆယ် မြေ ကွက်ထက်မက နေနိုင်သော အကျယ်အဝန်းများ ရှိပါသည်။ သို့သော် အများစုမှာ ငွေကြေးချမ်းသာသူများ၏ မြေကွက်များသာဖြစ်ပြီး ရန်ကုန် လူဦးရေ၏ သုံးပုံနှစ်ပုံခန့်မှာ အိုးပိုင်အိမ်ပိုင် မရှိကြပေ။ အစိုးရက ဦးစီး၍ ဆောက်သော တန်ဖိုးမျှအိမ်ရာဆိုသည်မှာလည်း မည်သည့်ဝန်ထမ်းမှ ဝယ်ယူနိုင်ခြင်း မရှိပေ။ ဝယ်ရောင်းကစားသူများ၏ လက်ထဲသို့သာ ရောက်သွားသည့်စနစ်မျိုး ဖြစ်ပါသည်။ စင်ကာပူကဲ့သို့သော နိုင်ငံများ တွင် မိမိနိုင်ငံသားများအား မျှတသည့်တိုက်ခန်း ရောင်းချပေးသည့်စနစ် မျိုးကို အစိုးရအနေဖြင့် လေ့လာပြီး ဖြစ်ပါလိမ့်မည်။ သို့သော် အတုယူ

ကျင့်သုံးနိုင်စွမ်းမရှိ။ စီမံကိန်းတစ်ခုရှိလာပြီဆိုလျှင် မိမိတို့ဆွေမျိုးများ၏ နာမည်ဝှက်၊ နာမည်လိမ်များဖြင့် အရင်ဦးထားသည့်စနစ်မျိုး၊ လမ်းတံတားတစ်ခု၊ စီမံကိန်းတစ်ခု စတင်မည်ဆိုလျှင် သတင်းကြိုဦးသည့် ဝန်ထမ်းနှင့် လုပ်ငန်းရှင်များ ပူးပေါင်း၍ နေရာဦးသည့်စနစ်မျိုးဖြင့်သာ အဆိုးသံသရာလည်နေပါသည်။

ဤကဲ့သို့သော ဆောင်းပါးများအား ရေးသားမိသူ ကျွန်တော်အား အဆိုးမြင်ဝါဒီဟု ဆိုလျှင်လည်း ငြင်းမည် မဟုတ်ပါ။ အဘယ့်ကြောင့် ဆိုသော် မွေးဖွားသည့်အချိန်ကာစ၍ ယနေ့တိုင် အကောင်းများကို မမြင်ဖူးခဲ့သောကြောင့် ဖြစ်ပါလိမ့်မည်။ မိမိအစိုးရအား မိမိချီးကျူးဂုဏ်ပြုသော ဆောင်းပါးများ ရေးချင်ပါသော်လည်း ရေးရန်အကွက်မတွေ့ခဲ့။ မိမိခြံဝင်း၏ ဆယ်ပေ × ပေခြောက်ဆယ်ခန့်ကို စစ်အစိုးရခေတ်ဦးတွင် ဖဲ့ပေးခဲ့ရသော ခံစားချက်အရ အိုးအိမ်ပျောက်လောက်အောင် အသိမ်းခံရသော ပြည်သူများကို စာနာမိပါသည်။ ဆူးလေဘက် လမ်းလျှောက်မိလျှင်လည်း မိကျောင်းကန် မြေယာသပိတ်စခန်း ယခုထက်ထိ တွေ့မြင်နေရဆဲ ဖြစ်ပါသည်။ သတင်းစာ၊ ဂျာနယ်များတွင် ကြည့်လိုက်လျှင်လည်း မြေယာပြဿနာများနှင့်ပတ်သက်သော သတင်းများ မပါသော ရက် မရှိသလောက်ပင်။ ရှေးလူကြီးများ ပြောခဲ့သော "မြေခံရမည်"ဟု ဆိုသော စကားကိုလည်း မကြောက်ကြတော့။ နောင်ဘဝဖြစ်မည့်ကိစ္စ နောက်ကိစ္စ၊ ယခုလောလောဆယ် တရားသည်ဖြစ်စေ၊ မတရားသည် ဖြစ်စေ အကျိုးအမြတ်ရှိဖို့က အရေးကြီးသည်ဟု နလုံးသွင်းထားကြပုံ ရပါသည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် မိမိ၏ သစ္စာတရားကို လည်းကောင်း၊ မိမိ၏ ကုသိုလ်များကိုလည်းကောင်း မဟာပထဝီမြေကြီးအား တိုင်တည်၍ သစ္စာဆိုလေ့ ရှိပါသည်။ အမျှဝေလေ့ ရှိပါသည်။ "ဝသုန္ဒြေ ဤမြေပံ့သုသေလာထုလည်း သက်သေအမှု တည်စေသော်" ဟု တိုင်တည်လေ့ ရှိပါသည်။ နှစ်သိန်းလေးသောင်းမျှ အထုရှိသော မဟာပထဝီမြေကြီးသည် ယခုအခါ လူမိုက်များအား ကြောက်ရွံ့သောကြောင့် ပြုသမျှ နေနေရပြီလား မပြောတတ်တော့ချေ။ လူမိုက်များကား ယနေ့ထိ ပန်းပန်နေကြဆဲပင်။



ဏ

လွန်ခဲ့သောတစ်နှစ်က ဒုပါမောက္ခချုပ် ကျိုက္ကလော့ဆရာတော် ဒေါက်တာစန္ဒာဝရာဘိဝံသ ဖိတ်ခေါ်သောကြောင့် ကျွန်တော်၏ဇာတိဖြစ်သော ဇလွန် အထကကျောင်းကထိန်ပွဲသို့ ဆရာတော်နှင့်အတူ လိုက်ပါခွင့်ရခဲ့ပါသည်။ ကထိန်တရားပွဲပြီး၍အချိန်အနည်းငယ်ရသောကြောင့် ကျွန်တော်နေခဲ့သော အိမ်လမ်းရှိ ဆရာတော့်ဒကာမတစ်ယောက်၏ အိမ်သို့ ခေတ္တသွားရောက်ခဲ့ပါသည်။ အိမ်ပေါ်သို့ တက်တက်ခြင်း တွေ့မြင်လိုက်ရသည့် မြင်ကွင်းမှာ ကျွန်တော်ငယ်စဉ်က သိကျွမ်းဖူးခဲ့သော အဘွားအိုတစ်ယောက်က ရေဇလုံထဲမှ ရေများကို ပါးစပ်တွင်ထည့်ကာ

ကလေးများ ဘူးမှုတ်သလို ဆော့ကစားနေသည်ကို တွေ့ရှိရပါသည်။ ဆရာတော်ကြွလာသည်ကိုလည်း ခရီးဦးကြိုပြုရန် သိပုံမရ။ ရေခွက်ကို ခပ်လိုက်၊ ရေတွေကို မှုတ်ထုတ်လိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေပေသည်။ ထိုအဘွားကြီး၏သမီးဖြစ်သူက ဆရာတော်အား ခရီးဦးကြိုပြုရင်း စကားစမြည် ပြောပါသည်။ ကျွန်တော်၏မျက်လုံးမှာ ရင်းနှီးခဲ့ဖူးသော ထိုအဘွားကြီး လုပ်ဆောင်နေပုံကို ကြည့်ရှုနေမိပါသည်။ သမီးဖြစ်သူ ရှင်းပြရာတွင် သူငယ်ပြန်နေသောကြောင့် ထမင်းစားပြီးမှန်း မပြီးမှန်း မသိ၊ တစ်နေကုန် ရေပုံးတစ်လုံးနှင့် စိတ်ကျေနပ်အောင် ထားပေးရသည်ဟု ပြောပါသည်။ မြင်ကွင်းကို စိတ်မကောင်းဖြစ်မိပါသည်။ မိမိအသက်ကြီးလာလျှင်ကော ဤသို့ ဖြစ်မည်၊ မဖြစ်မည်ကို မခန့်မှန်းနိုင်ပါ။ ဖြစ်မှာကိုတော့ ကြောက်မိပါသည်။

ရန်ကုန်ရောက်ခါစ စမ်းချောင်းထဲတွင် အိမ်ငှားနေစဉ် ကာလကလည်း အိမ်ရှင်ဖြစ်သူ အန်တီကြီး၏မိဘများမှာ အသက်အရွယ်ကြီးသော အဘိုးကြီးအဘွားကြီးများပင်ဖြစ်ပါသည်။ နံနက်ဘက်တွင်အဘိုးအဘွားနှစ်ယောက်လုံးအားမနက်စာကျွေးသောအခါအဘိုးသည်သူ့ပန်းကန်ထဲမှ မုန့်များကို ကုန်အောင်စား၍ အဘွားကြီး ပန်းကန်ထဲမှ မုန့်များကိုပါ ယူငင်၍ စားတတ်သည်။ ခဏကြာလို့ အဘိုး မနက်စာစားပြီးပြီလားဟု မေးလျှင်မစားရသေးကြောင်းသူ့သမီးကမကျွေးကြောင်းပြောလေ့ရှိပါသည်။ အဘွားဖြစ်သူမှာလည်း သူစားပြီးခြင်း မပြီးခြင်းကို မဆုံးဖြတ်နိုင်။ လမ်းမလျှောက်နိုင်သဖြင့် ဒယဉ့်တိုက်သွားနေရပါသည်။ တစ်မနက်ခင်းကဆို

လျှင် အဘိုးသည် ပုဆိုးမပါဘဲ အိမ်ရှေ့ထွက်လာပါသည်။ အဘိုး ပုဆိုး ဘာလို့ မဝတ်သလဲ မေးလျှင်လည်း နားမကြားသောကြောင့် မဖြေပါ။ စကားပြောလျှင်လည်း သွားများမရှိသည့်အတွက် အသံမှာ ပီသမှုမရှိပေ။ မနည်းပင် နားထောင်ရပါသည်။ အသက်ကြီး၍ ဇရာထောင်းလာသော အခါတွင် မှတ်ဉာဏ်များ အသိဉာဏ်များ ပျောက်ဆုံးပြီး မိမိခန္ဓာကိုမိမိ မသယ်နိုင် ဖြစ်ရပါသည်။ အချို့များဆိုလျှင် အိပ်ရာထဲကပင် တုံးလုံးပက်လက်မထနိုင် ဖြစ်ကြရပါသည်။ ဇရာသည် ကြောက်ဖို့ကောင်းလေစွ။

ကျွန်တော်ငယ်စဉ်ကာလ သုံးလေးတန်းလောက်က ဖြစ်သည်။ ခေါင်းရင်းအိမ်တွင် ဒေါ်သန်းဆိုသော အဘွားကြီး ရှိသည်။ ခြေထောက်တစ်ဖက်မသန်၊ မျက်လုံးနှစ်လုံးမှာလည်း တိမ်စွဲထားသောကြောင့် မျက်ခွံမှာလည်း လန်သလို ဖြစ်နေသည်။ ပါးစပ်မှာလည်း သွားရည်ကျလျက်ရှိသည်။ ထိုဒေါ်သန်းသည် ကျွန်တော်တို့အိမ်သို့ တစ်နေ့ အနည်းဆုံးနှစ်ခေါက်တော့ လာလေ့ရှိသည်။ လာပြီးလျှင်လည်း တစ်ခုခုကျွေးမှသာ ပြန်တတ်လေသည်။ ကျွန်တော်သည် ကလေးပီပီ ဒေါ်သန်းကြီးကို ကြည့်မရ။ ရုပ်ဆိုးသည့်အပြင် စားချင်သောက်ချင်စိတ်ကြောင့် လာသည်ဟု ထင်မြင်မိသဖြင့် ထိုအဘွားကြီးကို အိမ်သို့ မလာစေချင်ပါ။ သို့သော် ဒေါ်သန်းကြီးသည် အိမ်သို့မှန်မှန်သာ လာလေ့ရှိသည်။ တစ်ခါ ကျွန်တော် ဒေါ်သန်းကြီးကို တိုးတိုးလေး ပြန်လွှတ်ဖူးသည်။ သို့သော် မပြန်။ အမေက နောင် အဲဒီလိုမလုပ်ရန်ပြောပြီး ဒေါ်သန်းအား လက်ဖက်ချကျွေးလေသည်။ ထိုအဘွားကြီးမှာ စားသောက်ပြီးမှသာ ပြန်သွားလေသည်။

ယခုလို အသက်ကြီးသော ကာလမျိုးတွင် ပြန်လည်တွေးကြည့်သောအခါ ထိုအပြုအမူအား တော်တော်ကြောက်မိပါသည်။ ငယ်စဉ်ကာလက မိမိအသက်ကြီးလာခဲ့လျှင်ဟူ၍ မတွေးမိဘဲ နေခဲ့ပါသည်။ ယခုအသက်ကြီးပိုင်း ရောက်လာသောအခါ ဒေါသန်းကြီးတို့ အရွယ်ကဲ့သို့ အိုမင်းလာခဲ့သော် မိမိကိုယ်တိုင် သတိနှင့်အသိ ရှိမည်၊ မရှိမည်ကို သေချာစဉ်းစားကြည့်သောအခါ ကြောက်စရာကောင်းလာပါသည်။ သို့သော် ဇရာသည် တားဆီး၍မရ။ ငယ်ငယ်ရွယ်ရွယ်နှင့် မသေဆုံးခဲ့ပါက ဇရာဟူသောဒဏ်ကို ခံရပေဦးမည်။ ကံအကြောင်းမလှပါက ရောဂါနှင့်ပါ တွဲ၍ ခံရလျှင် ပိုမိုဆိုးဝါးမည်သာ ဖြစ်ပါသည်။ မိမိကိုယ်မိမိ မစွမ်းဆောင်နိုင်ပါက သားသမီးမြေးမြစ်များ၏ အကူအညီဖြင့် ရပ်တည်ရပေဦးမည်။

ငယ်ရွယ်စဉ်က မည်မျှပင် ကျန်းမာရေးကောင်း၍ လှပကျော့ရှင်းစေကာမူ ဇရာအရွယ်သို့ ရောက်လာသည့်အခါ ထိုအလှအပများအားလုံးပျောက်ကွယ်သွားမည် ဖြစ်ပါသည်။ ပါးရေနားရေတွန့်ကာ ဆံဖြူသွားကျိုးနှင့် ရောဂါအမျိုးမျိုးကပ်ငြိကာ ရုပ်ဆိုးသည့် အနေအထားမျိုးကို မလွဲမသွေ ရောက်ရပေမည်။ အသက်ကြီးလာလျှင် အထီးကျန်လာတတ်ပါသည်။ မိမိလုပ်နိုင်ကိုင်နိုင်နေစဉ် ကာလအတွင်း လူများစွာနှင့် ဆက်ဆံခဲ့ရသော်လည်း အသက်ကြီး၍ အလုပ်မလုပ်နိုင်သောအချိန်တွင် မိမိအနားတွင် လူများနည်းပါးသွားမည် ဖြစ်ပါသည်။ သားသမီးကိုယ်တိုင်က လူရာမသွင်းသည့် အနေအထားမျိုး ရောက်သွားတတ်ပါသည်။ အိမ်တွင်လည်း ဩဇာမရှိသည့် အနေအထားမျိုး မဟုတ်သည့်တိုင် သားသမီးမြေးမြစ်တို့အား မလွှဲမသွေ နေရာပေးလာရပါသည်။ ဆရာဦးအောင်သင်းစကားနှင့်ပြောလျှင် လူလတ်ပိုင်း အိမ်ထောင်ဦးစီးအဖြစ် ရှာဖွေကျွေးမွေး

နေစဉ်ကာလက ဧည့်ခန်းတွင် ဧည့်သည်နှင့် စကားပြောနေလျှင် သား သမီးများက တစ်နေရာရှောင်ပေးရပါသည်။ အသက်အရွယ်ကြီး၍ အလုပ်မှ အနားယူသောအနေအထားမျိုး ဖြစ်သွားသည့်အချိန် မိမိ သား သမီးများက ဧည့်ခန်းတွင် အလုပ်ကိစ္စ ဧည့်သည်နှင့် စကားပြောနေပါက မိမိကိုယ်တိုင် ရှောင်ပေးရသည့် အနေအထားမျိုးသို့ ရောက်သွားတတ်ပါ သည်။ အသက်ကြီးပြီး အထီးကျန်စိတ်မဝင်စေရန်အတွက် မိမိလုပ်နိုင် သေးသော အပင်စိုက်ပျိုးခြင်း၊ ရပ်ရေးရွာရေးတွင် ပါဝင်ဆောင်ရွက်ခြင်း မျိုးဖြင့်သာ အားမာန်မွေးရမည် ဖြစ်ပေ သည်။

မကြာသေးမီက လူကြည့်များသော Youtube ဖိုင်တစ်ဖိုင်က ဇာတ် လမ်းလေးအကြောင်း ပြောပြချင်ပါသည်။ အိမ်ရှေ့တန်းလျားတစ်ခုတွင် အသက် (၇၀) ကျော်အရွယ် လူကြီးတစ်ဦးနှင့် သားဖြစ်သူ အသက် (၃၀) ကျော်အရွယ် လူငယ်တစ်ဦးတို့ ထိုင်နေကြပါသည်။ ထိုအဘိုးအိုက အပင် ပေါ်ရှိ ငှက်လေးတစ်ကောင်ကို လက်ညှိုးထိုးပြီး သားဖြစ်သူအား မေးပါ သည်။ သားဖြစ်သူကလည်း "အဲဒါ ငှက်လေ အဖေ ရဲ့" ဟု ပြန်ဖြေပါသည်။ ခဏနေသောအခါ အဖေဖြစ်သူက ထိုငှက်ကလေးကိုပဲ လက်ညှိုးထိုးပြီး ထပ်မေးပြန်သည်။ သားဖြစ်သူကလည်း သတင်းစာဖတ်ရင်း ငှက်ဖြစ် ကြောင်း ထပ်ဖြေပါသည်။ ခဏကြာသောအခါ အဘိုးကြီးက အဆိုပါ ငှက်ကိုပဲ လက်ညှိုးထိုးပြီး ထပ်မေးပြန်ပါသည်။ ထိုအခါ သားဖြစ်သူ လူရွယ်မှာ စိတ်မရှည်တော့ပေ။ သူ့အဖေအား အော်ဟစ်ငေါက်ငမ်းကာ ပြောဆိုတော့ပါသည်။ အဘိုးကြီးမှာ သားဖြစ်သူ၏ ဆူပူကြိမ်းမောင်းမှု အားငြိမ်လျက် ဘာတစ်ခွန်းမှပြန်မပြောခဲ့ပေ။ ခဏကြာသောအခါ အဘိုး ကြီးသည် အိမ်ထဲသို့ထသွား၍ ဒိုင်ယာရီစာအုပ်အဟောင်းလေး တစ်ခု

အားယူလာခဲ့ပါသည်။ ထို့နောက် စာမျက်နှာတချို့ကို လှန်လှောကာ သားဖြစ်သူအား ပေး၍ဖတ်စေသည်။ ထိုစာမျက်နှာလေးအား ဖတ်ပြီးလျှင် သားဖြစ်သူမှာ ဝမ်းနည်းလျက် သူ့အဖေအား ပြန်လည်တောင်းပန်သည့် ဇာတ်လမ်းလေး ဖြစ်ပါသည်။ ထိုဒိုင်ယာရီစာအုပ်လေးထဲတွင် ရေးထားသော စာကလေးမှာ *"ဒီနေ့ သားရဲ့ သုံးနှစ်ပြည့်တဲ့နေ့ ဖြစ်ပါတယ်၊ သားနဲ့ အိမ်ရှေ့ခုံတန်းလျားလေးပေါ်တွင် ထိုင်နေစဉ် ငှက်ကလေးတစ်ကောင်အား လက်ညှိုးထိုး၍ အဲဒါဘာလဲဟု မေးခဲ့ပါသည်၊ ငှက်ဖြစ်ကြောင်း အကြိမ်ကြိမ် ဖြေဆိုပေးခဲ့ရပါသည်၊ သားမေးခဲ့သည့် အကြိမ်အရေအတွက်မှာ နှစ်ဆယ့်သုံးကြိမ်တိတိ ရှိခဲ့ပါသည်၊ သားကို ချစ်စိတ်ဖြင့် မညည်းမညူ မေးသည့်အခါတိုင်း ပြန်လည်ဖြေပေးခဲ့ရသည့်နေ့ ဖြစ်ပါသည်၊"* ဟူသော စာပိုဒ်ကလေးပင် ဖြစ်ပါသည်။

ထိုဇာတ်လမ်းလေးကို ကြည့်မိလိုက်သည့်အခါ သက်ကြီးရွယ်အိုတို့နှင့် ငယ်ရွယ်သူတို့၏ စိတ်ရှည်သည်းခံနိုင်မှု အတိုင်းအတာကို တွေ့ရပါသည်။ မိဘဟူသည် ငယ်စဉ်ကတည်းက မိမိတို့သားသမီးများအတွက် ဤသို့သော သာမန်ကိစ္စလေးများတွင်တောင် မည်မျှစိတ်ရှည်သည်းခံခဲ့သည်ကို သိရှိရပါသည်။ အသက်ကြီးသည့် မိဘများအပေါ်တွင် မိမိတို့၏ သည်းခံနိုင်စိတ် ပိုမိုများပြားလာအောင် ကြိုးစားရမည်သာ ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် အသက်ကြီးသူတို့၏ နားမလည်မှု၊ မေ့လျော့မှုကြောင့် သည်းမခံနိုင်လောက်အောင် ဖြစ်သည့်အခါ ပြန်လည်အော်ငေါက်ခဲ့ဖူးပါသည်။ ယခုအခါ မိမိတို့၏ အသက်အရွယ်သည်လည်း ဇရာနား နီးလာသည့်အရွယ်ရောက်သောအခါ တန်ပြန်ဝဋ်လည်မည်ကို ကြောက်ရွံ့လာ

ပါသည်။ မိမိအသက်အရွယ်နှင့် ဤသို့တွေးသော်လည်း မိမိ၏ သားသမီး များမှာမူ ဆုံးမသည့်တိုင်အောင် ဤသို့ မတွေးတောနိုင်ပေ။

ကျွန်တော်တို့မိသားစုတွင်လည်း အသက်အရွယ်ကြီးသော အမေ နှင့် ယောက္ခမတို့ ရှိပါသည်။ အမေသည် ကျွန်တော့်အစ်ကို မိသားစုနှင့် နေသော်လည်း ယောက္ခမဖြစ်သူမှာ ကျွန်တော်တို့နှင့် တစ်အိမ်တည်းနေ သည်။ တစ်ခါတစ်ရံတွင် ရေဖွင့်ပြီး ပြန်မပိတ်ထားခြင်း၊ ဟင်းအိုးတည်ပြီး သတိမေ့ခြင်း၊ အလုပ်များအား ဝင်မလုပ်ရလျှင် မကျေနပ်ခြင်း၊ သမီး၏ စာကြည့်စားပွဲများအား ဝင်ရောက်ရှင်းလင်းခြင်းကြောင့် စာအုပ်များ ပျောက်ခြင်း စသောအသေးအဖွဲပေါင်းများစွာ နေ့စဉ်တွေ့ကြုံနေရသည်။ ထိုအချိန်တွင်ကျွန်တော်ကိုယ်တိုင်မသိချင်ယောင်ဆောင်၍စိတ်ရှည်စွာ နေလေ့ရှိပါသည်။ သို့သော် သမီးမှာ ငယ်ရွယ်သော ကျောင်းသူဖြစ်သော ကြောင့် သည်းမခံတတ်ပေ။ တစ်ခါတစ်ရံ အဘွားဖြစ်သူအား အော်ငေါက် တတ်သည်။ ထို့ကြောင့် သမီးဖြစ်သူအား အသက်အရွယ်ကြီးသူတို့၏ ဖြစ်တတ်သော မေ့လျော့မှုအကြောင်းအားရှင်းပြ၍ သည်းခံဖို့ နားချရ လေသည်။ သမီးကိုယ်တိုင်လည်း ထိုအသက်အရွယ်သို့ရောက်လျှင် ဤ သို့ပင် ဖြစ်တတ်သည့်အကြောင်း ပြောပြရသည်။ ဆုံးမမှုကြောင့် အတန် အသင့် လျော့ပါးသွားသော်လည်း တစ်ခါတစ်ရံတော့ ဖြစ်နေပါသေး သည်။ ဒါတောင်မှ ကျန်းမာရေး ထိုက်သင့်သလောက်ကောင်း၍ သတိ လည်း ထိုက်သင့်သလောက် ရှိနေသေးသော အဘွားမျိုးဖြစ်နေ၍ တော် ပါပေသေးသည်။

အာရှတွင် မြန်မာနိုင်ငံပြီးလျှင် ယဉ်ကျေးမှုရှိသော နိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံတွင် သက်ကြီးရွယ်အိုများမှာ စားသောက်ဆိုင်များတွင်

အမှိုက်သိမ်းရသောလုပ်ငန်း၊သတင်းစာနှင့်အချိုဘူးခွံများကောက်သည့် အလုပ်များတွင် လုပ်ကိုင်နေကြရပါသည်။ သားသမီးများမှာလည်း နာရီနှင့်အမျှ လစာငွေကြေးရရှိနေသော အလုပ်များတွင်သာ နစ်မြုပ်နေကြသဖြင့် မိဘများအား အချိန်ပြည့်မစောင့်ရှောက်နိုင်ကြပေ။ ထို့ကြောင့်ပင် လီကွမ်ယုဝန်ကြီးချုပ်ဖြစ်စဉ်ကပင် မိဘများအားစောင့်ရှောက်ရန် အမိန့်ထုတ်ခဲ့ရသည်။ ထိုနည်းတူ တရုတ်တွင်လည်း မိဘများအား မစောင့်ရှောက်ပါက ငွေဒဏ်တပ်သည့်အမိန့်များ ထုတ်ပြန်ခဲ့ရပါသည်။ မြန်မာနိုင်ငံတွင်မူ နွေးထွေးသောမိသားစု အသိုင်းအဝိုင်း ရှိသည့်အားလျော်စွာ သားသမီးနှင့် မိအိုဖအိုတို့၏ ဆက်ဆံရေးမှာ အထူးကောင်းမွန်နေဆဲပင် ဖြစ်ပါသည်။ ဤအချက်သည် ကမ္ဘာ့နိုင်ငံများတွင် မည်သည့်နိုင်ငံနှင့်မျှ နှိုင်းယှဉ်မရသောအချက်ပင် ဖြစ်ပါသည်။ မိဘများအား ဘုရားရှင်နှင့် တစ်ဂိုဏ်းတည်းထားကာ အမြဲတမ်းပူဇော်စောင့်ရှောက်လေ့ရှိသည့် ဗုဒ္ဓဘာသာ၏ ကောင်းမွန်သော စရိုက်လက္ခဏာပင် ဖြစ်ပါသည်။

အားလုံးသိရှိပြီးဖြစ်သော ပုံပြင်လေးတစ်ပုဒ် ရှိပါသည်။ အသက်ကြီးလာသော မိအိုဖအိုတို့အား ခြင်းတောင်းနှင့်ထည့်ကာ တောင်ပေါ်သို့ သွားရောက်စွန့်ပစ်သည့် ပုံပြင်လေး ဖြစ်ပါသည်။ မိဘများအား သွားရောက်စွန့်ပစ်ရန် လုပ်ကိုင်နေစဉ် သားဖြစ်သူက အဖေတို့ခြင်းလေးတော့ ပြန်ယူခဲ့ပါ။ အဖေတို့အလှည့်ကျလျှင်လည်း ဤခြင်းကို အသုံးပြုပြီး အဖေတို့ကို စွန့်ပစ်ရမှာ ဖြစ်ပါတယ်ဟု သားဖြစ်သူက ပြောသောအခါမှ နောင်တရသည့် ပုံပြင်လေးဖြစ်ပါသည်။ ထိုပုံပြင်လေးသည် မြန်မာနိုင်ငံတွင်သာမက ဂျပန်၊ တရုတ်နှင့် တခြားသောနိုင်ငံများတွင်လည်း ဤပုံပြင်နှင့် တူသော ပုံပြင်လေးများ ရှိပါသည်။

ကျွန်တော်တို့ တစ်ရက်ထက်တစ်ရက် ဇရာဘက်သို့ တဖြည်းဖြည်း ချဉ်းကပ်လာနေပါသည်။ ထို့ကြောင့် ဘဝတွင် ဇရာနှင့် မရဏအား ကြို တင်ပြင်ဆင်ရန် စီမံကိန်းများ ရေးဆွဲထားရမည် ဖြစ်ပေသည်။ မိမိ အသက်ကြီးလာလျှင်မည်သို့နေမည်၊မည်သို့ထိုင်မည်၊မည်သည့်အလုပ် လုပ်မည် စသည်ဖြင့် ဘာသာရေး၊ လူမှုရေး လုပ်ငန်းစဉ်များအား မည်သို့ လုပ်ကိုင်မည် စသည်ဖြင့် ငယ်ရွယ်စဉ်ကပင် ကြိုတွေးထားနိုင်လျှင် ကောင်းမည်ဟု ထင်မိပါသည်။ သို့တိုင်အောင် ရုတ်တရက်ကြုံတွေ့ရမည့် ရောဂါများနှင့် ရေးကုသိုလ်ကံ တရားများကိုမူ ပြင်ဆင်နိုင်ဖို့ရာ ခက်ပါ သေးသည်။ အသက်ကြီးမှ ဒုက္ခအမျိုးမျိုးကြုံရသည့် မြင်ကွင်းများကို လည်း တွေ့မြင်နေရပါသည်။ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ အခြေအရံပေါ ခြင်း စသော လောကဓံတရားများကား မည်သို့ကြုံရဦးမည် မသိ။ မိမိ ယုံကြည်ရာ ဘာသာတရား အဆုံးအမဖြင့်သာ နေထိုင်နိုင်မည်ဆိုပါက အသက်ကြီးသော်လည်း အဓိပ္ပာယ်ရှိသော ရှင်သန်ခြင်းမျိုး ဖြစ်ပါလိမ့် မည်။

"ဖြည်းဖြည်းလာပါ အိုဇရာ" ဟု တားဆီး၍မရသော ဇရာသည် တစ် ချိန်ချိန်တွင် ကျွန်တော်တို့လည်း ကြုံတွေ့ရမည် ဖြစ်ပါသည်။ မလွဲမသွေ ရောက်ရှိလာမည့် အိုခြင်းတရားကို ယခုကတည်းကပင် ကြိုတင်ပြင်ဆင် ရမည် ဖြစ်ပါသည်။



# အချိန်ရဲ့ ဆုံးမစကား

မကြာသေးခင်က ကျောင်းဝန်းထဲတွင် ဦးဇင်းများ၊ ကိုရင်များ ဘောလုံးကန်နေသော ဓာတ်ပုံတစ်ပုံ Facebook ပေါ်တွင် တွေ့လိုက်ရပါသည်။ ထိုဓာတ်ပုံကို အကြောင်းပြု၍ ဝေဖန်မှုများစွာ ပေါ်ထွက်လာပါသည်။ထုံးစံအတိုင်းCommentများဖြင့်Onlineတွင်ဆူညံသွားခဲ့သည်။ အများစု ယူဆကြသည်မှာ ဦးဇင်းများအနေဖြင့် ဆော့ကစားရန် မသင့်ဟူသော အယူအဆ ဖြစ်ပါသည်။ တကယ်တမ်းဆိုလျှင် ကိုရင်ရော ဦးဇင်းရောပါ လူငယ်များဖြစ်သည့်အလျောက် ကျန်းမာရေးအတွက် သော်လည်းကောင်း၊ စိတ်ပျော်ရွှင်ရေးအတွက်သော်လည်းကောင်း

ငယ်ရွယ်သူပီပီ ဆော့ကစားကြမည် ဖြစ်ပါသည်။ လူများအနေဖြင့် သက်န်းဝတ်ထားသည့်အတွက် အကြည်ညိုပျက်မည်စိုး၍ ဝေဖန်ကြခြင်း ဟုယူဆမိပါသည်။ ကျွန်တော်ကိုယ်တိုင် ဘုန်းကြီးကျောင်းဝင်းအနီးတွင် နေထိုင်ကြီးပြင်းခဲ့သူမို့ ငယ်စဉ်ကာလက အကြောင်းကလေးများကို ပြန်လည် စဉ်းစားမိပါ သည်။

"ဟော့ကောင် ဥတ္တရ... မင်းသေနေပြီ ထွက်ခဲ့၊ မညစ်ပတ်နဲ့နော်"

"ငါ မသေသေးဘူးကွ။ မင်း ပစ်လိုက်တုန်းက ကုက္ကိုပင်နဲ့ ကွယ်ထားတာ..."

"မင်း... ကိုရင်ဖြစ်ပြီး ညစ်ပတ်တဲ့ကောင်"

"မင်းသာ ညစ်ပတ်တာ... အပင်ကြီးနဲ့ ကွယ်နေတာကို။ ငါ ဘာလို့ သေရမှာလဲ"

"မင်းကို ငါ ဆွဲထိုးမိတော့မယ်..."

"သတ္တိရှိရင် ထိုးကြည့်ပါလား"

အိမ်ဘေးက ဘုန်းကြီးကျောင်းဝန်းကျယ်ထဲတွင် ကျွန်တော့်တူ သူရိန်ထွန်းနှင့် ကိုရင်ဥတ္တရတို့ သေနတ်ပစ်တမ်း ကစားရင်း ငြင်းခုံနေသံ ဖြစ်သည်။ ကိုရင်ကို "မင်းတွေ၊ ငါတွေ" နဲ့ ပြောသည်။ ဆော့သည်။ ရန်ဖြစ်သည်။ ပြန်တည့်သည်။ တစ်ခါတစ်ရံ စိတ်ဆိုးလာလျှင် ဆဲတတ်ကြသေးသည်။

ကျောင်းထိုင်ဆရာတော် ဦးရေဝတကတော့ ခပ်အေးအေးနေသူမို့ အရာရာဝင်မပြော။ သူ့ကျောင်းဝန်းအတွင်းတွင် ကျွန်တော်တို့ငယ်စဉ်က

တစ်နေကုန် ဆော့ကစားခဲ့ကြသည်။ လသာသောညများတွင် ညပိုင်းအထိ ဆော့ခဲ့ကြသည်။ ကျောင်းဝန်းအတွင်းရှိ အပင်များအားလုံး မတက်ဘူးသော အပင်မရှိ။ မောလျှင် ရေသောက်သည်။ ရှိသည့်အပင်မှ သရက်သီး၊ မာလကာသီး၊ ဇွေးချိုသီး၊ ရဲယိုသီးပါမကျန် ခူးစားကြသည်။ ဆရာတော်က မဆူ။ လွှတ်ပေးထားသည်။ သေချာတွေးကြည့်လျှင် ပျော်စရာအကောင်းသား။

ယခု ကျွန်တော့်တူတို့ ကစားနေကြခြင်း ဖြစ်သည်။ ကျွန်တော့်အဖေသည် အသက်ကြီးလာတော့ နားပူသိပ်မခံနိုင်။ တစ်ခါတစ်ရံ ဆဲသောသူများကို တုတ်နှင့် လိုက်ရိုက်တတ်သည်။ ကိုရင်ဥတ္တရကို ကျောင်းပေါ်အထိ လိုက်ရိုက်ဖူးသည်။ ရပ်ကွက်ထဲတွင် အော်ကြီးဟစ်ကျယ်ဆဲ၍ ဖြစ်သည်။ မြို့ထဲသို့ ဆွမ်းခံချိန်တွင် သင်္ကန်းကန်တော့ထိုး၍ တည်ငြိမ်စွာ ဆွမ်းခံလေ့ ရှိသည်။ နေ့ဆွမ်းစားပြီးချိန်တွင်တော့ ကိုရင်လေးများမှာ မျောက်ရှုံးအောင် ဆော့ကြလေသည်။ ကျွန်တော့်တူကဲ့သို့ ရွယ်တူ အပေါင်းအဖော်များစွာဖြင့် ဆော့ကစားတတ်ကြသည်။ နောက်ပိုင်းတွင် စာလိုက်သောအခါကျမှသာ ဆော့ကစားချိန် နည်းသွားလေသည်။

နယ်မြို့လေးများတွင် သီတင်းသုံးကြသော ဘုန်းတော်ကြီးများအား အထူးကြည်ညိုမိပါသည်။ ဘုန်းတော်ကြီးများထဲတွင် စာတတ်ပေတတ်ပုဂ္ဂိုလ်များ ရှိသကဲ့သို့ စာပေမတတ်ကျွမ်းသော်လည်း ဘုန်းတော်ကြီး၏ ဝိနည်းသိက္ခာနှင့်အညီ ရိုးရှင်းစွာ နေထိုင်လေ့ရှိသော ဘုန်းကြီးများစွာ

ရှိပါသည်။ ဖန်ခါးပင် ကျောင်းဆရာတော် ဦးရေဝတသည်လည်း ဓမ္မာစရိယအောင်သည်ဟု မကြားမိ။ သို့သော် ရပ်ကွက်က ကြည်ညိုသည်။ ဝါတွင်းကာလများတွင် သီလပေးခြင်း၊ တရားဟောခြင်းများအား ဆရာတော် ပြုလုပ်လေ့ရှိသည်။ စာသင်တိုက် မဟုတ်သောကြောင့် သံဃာအများအပြား မရှိသော်လည်း ကိုရင်ငယ်လေးများမှာတော့ လေးငါးပါးရှိတတ်ပါသည်။ ကျောင်းပေါ်တွင် တရားဟောပလ္လင်ဟောင်း တစ်ခု၊ တိုင်ကပ်နာရီတစ်လုံး၊ ဆရာတော်နေ့လယ်နေ့ခင်းထိုင်လေ့ရှိသော သစ်သားပက်လက်ကုလားထိုင်တစ်လုံးနှင့် စားပွဲသေးသေးတစ်လုံးသာ ရှိပါသည်။ ကျောင်းပေါ်တွင် မည်သည့်အဆောင်အယောင်မှ မတွေ့ရ။ ကျောင်းတံခါးလည်း မည်သည့်အခါမှ ပိတ်မထား။ အဘယ်ကြောင့်ဆိုသော် သူခိုးခိုးစရာ အဖိုးတန်ပစ္စည်း ဘာမျှမရှိသောကြောင့် ဖြစ်ပါသည်။

ဆွမ်းကွမ်းပိုလျှံသမျှအားကျောင်းသားများအပါအဝင်ရပ်ကွက်ထဲရှိကလေးငယ်များအားစွန့်ကြဲတတ်ပါသည်။ ကျောင်းဝင်းအတွင်းရှိ သီးပင်စားပင်များအား ရပ်ကွက်ထဲမှလူများ လာရောက်ခူးကြသောအခါတွင်လည်း ခူးခွင့်ပေးထားပါသည်။ ကျောင်းဝင်းအတွင်းရှိ အတောင်နှစ်ဆယ်ခန့် နက်သော ရေတွင်းတွင်လည်း တစ်ရပ်ကွက်လုံးမှ ရေလာခပ်ကြရန်ခွင့်ပြုထားသည်။ ငယ်ဖြူဘုန်းတော်ကြီးတစ်ပါးဖြစ်ပြီး ကွမ်းလေးတမြုံ့မြုံ့နှင့် ရိုးရှင်းစွာ နေထိုင်တတ်သော ဆရာတော် ဖြစ်ပါသည်။ ကျွန်တော့်တို့နှင့် ဆော့ကစားသော ကိုရင်ဥတ္တရမှာ ယင်းဖန်ခါးပင်ကျောင်းမှ ဖြစ်ပါသည်။

ကျွန်တော်ငယ်စဉ်က ကိုရင်ဝတ်ခဲ့သော ဇေယျာသီရိကျောင်းဆရာတော် ဦးသာသနသည်လည်း ကွမ်းကြိုက်သော ဘုန်းကြီး ဖြစ်ပါသည်။ အနေအထိုင် ရိုးကုပ်ရုံမျှမက ဝိပဿနာတရားအားထုတ်သော ဆရာတော်လည်း ဖြစ်ပါသည်။ ကိုရင်မဝတ်ခင် သင်္ကန်းတောင်း သွားရောက်ကျက်ခဲ့ရပြီး ကိုရင်ဝတ်ဖြင့် ငါးရက်ခန့် နေထိုင်ဖူးခဲ့သည်အတွက် ဆရာတော့်အကြောင်းကို သိရှိခြင်း ဖြစ်ပါသည်။ အသံချဲ့စက်များ ဖွင့်ခြင်း၊ တီးမှုတ်ကခုန်ခြင်းများကို ကျောင်းဝင်းထဲတွင် လုံးဝလက်မခံ။ ရှင်လောင်းလှည့်လာသောအခါတွင်လည်း ကျောင်းနားရောက်လျှင် မတီးမမှုတ်ရ။ ဥပုသ်နေ့များ တရားဟောသောအခါတွင်လည်း မိုက်မပါဘဲ ပင်ကိုအသံဖြင့် ဟောကြားလေ့ ရှိပါသည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက ဆရာတော် ပျံလွန်တော်မူသည့်သတင်းကို ကြားရသောအခါ အံ့သြမိပါသည်။ ဆရာတော်ဦးသာသနသည် ဘုရားဝတ်တက်နေရင်း လက်အုပ်ချီလျက် ပျံလွန်တော်မူသည်ဟု ကြားသိရပါသည်။

နယ်က မစိုးရိမ်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ကြီးသည် ခန့်ညားသောဥပမိရုပ်နှင့် စာတတ်ကိုယ်တော်ကြီး ဖြစ်ပါသည်။ သို့သော် သူ၏ကံအကျိုးပေးကြောင့် တစ်ခါတစ်ရံတွင် စိတ်ဖောက်ပြန်တတ်သော ရောဂါ ရှိပါသည်။ ပုံမှန်အချိန်များတွင် ရဟန်းတစ်ပါး၏ ဝိနည်းနှင့် လျော်ညီစွာ နေထိုင်သော်လည်း စိတ်ဖောက်ပြန်သောအခါတွင် တောင်ဝှေး တစ်ချောင်းကိုဆွဲကာ ဆိုက်ကားတစ်စီးပေါ်တက်၍ သူ၏ ဒကာရင်းများ အိမ်သို့ ကြွခြင်း၊ ရံဖန်ရံခါ ဆိုက်ကားသမားများအား ခေါ်၍ရိုက်တတ်ခြင်း တို့ကြောင့် စိတ်ဖောက်ပြန်ချိန်တွင် ဆရာတော်နှင့်ဝေးရာ ရှောင်ရှားကြရပါသည်။ ထိုကဲ့သို့ ရောဂါရှိသော်လည်း ဆရာတော်ကြီးအား မြို့ခံလူထု


မှာ အကြည်ညိုမပျက်ကြ။ ရောဂါဝင်နေချိန်တွင် အန္တရာယ်ပြုမည်စိုး၍ ရှောင်ရှားကြသော်လည်း ကောင်းနေချိန်တွင် ကျောင်းတွင် ဥပုသ်သီလ စောင့်သူများဖြင့် ပြည့်နှက်နေတတ်ပါသည်။ ကျွန်တော်တို့ မြန်မာလူမျိုး များ၏ သံဃာကို ကြည်ညိုမှုကား ထူးခြားလှပေစွ။

လွန်ခဲ့သော သုံးနှစ်ခန့်က ဇာတိမြေတွင် ဒုလ္လဘအဖြစ် ရဟန်းဝတ် ခဲ့ပါသည်။ ကျွန်တော်ငယ်စဉ်က ဆော့ကစားခဲ့ရာ ရပ်ကွက်လေးထဲသို့ ရောက်တုန်းရောက်ခိုက် လှည့်လည်ကြည့်ရှုမိပါသည်။ ရွယ်တူမိတ်ဆွေ သူငယ်ချင်းများကို တွေ့ရသော်လည်း အချို့သောလူကြီးများမှာမူ ကွယ် လွန်ကုန်ကြလေသည်။ ထို့အတူ ဖန်ခါးပင်ကျောင်းဆရာတော် ဦးရေဝတ သည်လည်း ပျံလွန်တော်မူခဲ့လေပြီ။ ထိုကျောင်းတွင် ကျောင်းထိုင်အဖြစ် ဆရာတော်ဦးဥတ္တရက ကျောင်းကို ထိန်းသိမ်းစောင့်ရှောက်လျက် ရှိ သည်။ ထိုဆရာတော် ဦးဥတ္တရသည် ရပ်ကွက်ထဲတွင် ဆဲ၍ ကျွန်တော့် အဖေ ကျောင်းပေါ်ထိ ကြိမ်ဆော်ခဲ့သော ကိုရင်လေး ဖြစ်ပါသည်။ ကျွန် တော့်တူနှင့် ဆော့ကစားရင်း ရန်ဖြစ်ခဲ့သော ကိုရင်လေး ဖြစ်ပါသည်။

အချိန်ကာလသည် ရင့်ကျက်မှုတစ်ခုအဖြစ် ပြောင်းလဲပေးလိုက် သည့်အတွက် အငြိမ်မနေဘဲ ဆော့ကစားခဲ့သော ကိုရင်လေးမှာ ယခု ကျောင်းထိုင်ဆရာတော် ဖြစ်နေလေပြီ။ ကလေးဘဝက သဘာဝအတိုင်း ဆော့ကစားခဲ့ကြသော်လည်း ယခုအခါမူ ထေရ်ကြီးဝါကြီး ကိုယ်တော် တစ်ပါးပီပီ ရပ်ကွက်ကလည်း ကြည်ညိုကြသည်ကို သိရှိရပါသည်။

ကိုရင်ဘဝက ဆော့ရင်းကစားရင်းစာသင်ရင်းဖြင့် သာသနာ့ဘောင်တွင် မွေ့လျော်ကာ အသက်ထက်ဆုံး ရဟန်းပြုကာနေသော ပုဂ္ဂိုလ်များစွာရှိပါသည်။ မဟာဂန္ဓာရုံဆရာတော်ကြီး ကိုယ်တိုင်ကလည်း ယင်းကိုရင်ငယ်လေးများ ဆော့ကစားခြင်းအပေါ် အပြစ်မတင်ခဲ့ဘူးပါ။ ထို့ကြောင့် သံဃာအပေါ်ကြည်ညိုစိတ်ဖြင့် ဝေဖန်ကြသူများအနေဖြင့် အပြစ်မယူလောက်သော ကိစ္စလေးများအပေါ်တွင် မဝေဖန်သင့်ပါ။ မကောင်းသော စိတ်ထားစေတနာဆိုးဖြင့် သံဃာကိုဝေဖန်လျှင် သံဃာကို ပြစ်မှားကံများ ပြန်လည်ခံစားရမည်မှာ မလွဲပါ။

ကိုရင်ဘဝက ဆော့ကစားခဲ့ရုံမျှဖြင့် တိပိဋက ဆရာတော် မဖြစ်ဟု မည်သူမျှ ကြိုတင်မမှန်းနိုင်ပါ။ Online တွင် ဝေဖန်ကြသူအများစုမှာ ဘာသာခြားများလည်း ဖြစ်နိုင်ပါသည်။ လက်ရှိနိုင်ငံရေးအခြေအနေအရ သံဃာတော်များအပေါ်အသုံးချသူများလည်းဖြစ်နိုင်ပါသည်။ဗုဒ္ဓဘာသာဝင် စစ်စစ်များအဖို့ သံဃာကို ကြည်ညိုစိတ်သည် တစ်စိုးတစ်စိမျှ လျော့ပါးသွားမည် မဟုတ်ပေ။



# ကျိန်စာ

တစ်ညက သမီးငယ် ဆုပြည့်စုံထွန်း စာကျက်သံကို အမှတ်တမဲ့ နားစိုက်လိုက်မိသည်။ ကိုးတန်းမြန်မာစာ ပြဋ္ဌာန်းစာအုပ်မှ ရာဇကုမာရ ကျောက်စာကို ကျက်နေခြင်းပင် ဖြစ်သည်။ ရာဇကုမာရကျောက်စာ (ခေါ်) မြစေတီကျောက်စာတွင် ကျန်စစ်သားမင်းကြီးအား သားတော် ရာဇကုမာရမင်းသား၏ မွေးကျေးဖူးဆပ်သည့်အနေဖြင့် လှူဒါန်းသော အလှူကို ကျောက်စာအဖြစ် ရေးထိုးထားကြောင်း အားလုံးသိကြပြီး ဖြစ်ပါသည်။ သမီး၏စာကျက်သံမှသည် ကျိန်စာနှင့်ပတ်သက်သော အကြောင်းအရာများက ကျွန်တော့်ခေါင်းထဲသို့ ဝင်ရောက်လာပါသည်။

မြစေတီကျောက်စာတွင် နာမကျန်းဖြစ်နေသော ဖခင် ကျန်စစ်သားမင်းကြီးအား ရည်စူး၍ ရာဇကုမာရမင်းသားက ရွှေဘုရားတစ်ဆူ သွန်းလုပ်၍ ရဟန်းသံဃာများရှေ့မှောက်တွင် ရေစက်သွန်းချ အမျှဝေ ဆုတောင်းခဲ့ပါသည်။ "ဤသို့ လှူဒါန်းရသောအမှုကြောင့် သဗ္ဗညုတဉာဏ်ရအံ့သောအကြောင်းဖြစ်စေသတည်း" ဟူသော ဆုတောင်းပါရှိပါသည်။ ဆုတောင်း၏ နောက်ဆက်တွဲတွင် သူ လှူဒါန်းခဲ့သော ဘုရားနှင့် ကျေးကျွန်တို့အား တစ်စုံတစ်ယောက်က ဖျက်ဆီးခဲ့ပါက ဘေးအန္တရာယ် ကျရောက်စေရန် ကျိန်စာသဘောမျိုးလည်း ရေးသားခဲ့ပါသည်။ "ငါ့နောင်ငါ့သား လည်းကောင်း၊ ငါ့မြေး လည်းကောင်း၊ ငါ့အဆွေ လည်းကောင်း၊ သူတစ်ထူး လည်းကောင်း ဤဘုရားအား ငါလှူခဲ့သော ကျွန်အနှိပ်အစက်တည်းမူမုကား အရိမေတ္တယျ ဘုရားသခင် အဖူးရစေ" ဟု ရေးထိုးခဲ့ပါသည်။

သာမန်အားဖြင့် ဆုတောင်းစာဟု မှတ်ထင်ခဲ့သော်လည်း ကျိန်စာကဲ့သို့သော ပုဂံခေတ်ကျောက်စာများကို ပုဂံဘုရားပုထိုးများရှိ ကျောက်စာများတွင် တွေ့မြင်နိုင်ပါသည်။ မြန်မာစာဦးစီးဌာနမှ ပြုစုသော မြန်မာအဘိဓာန်တွင်လည်း ကျိန်စာဆိုသည်မှာ "မည်သို့ပြုလျှင် မည်သို့ဖြစ်ပါစေ" ဟု ကျိန်ဆိုထားသည့် စကား၊ စာဟု ပါရှိပါသည်။ ယနေ့ခေတ် တရားရုံးများတွင်လည်းကောင်း၊ လွှတ်တော်ထဲတွင်လည်းကောင်း ကျမ်းကျိန်ခြင်း၊ သစ္စာပြုခြင်းစသော ကိစ္စရပ်များ လုပ်ဆောင်နေကြပါသည်။ တရားရုံးတွင် ကျမ်းစာအုပ်အား ခေါင်းပေါ်တင်လျက် တရားသူကြီးရှေ့မှောက်၌ "ဤအဖြစ်အပျက်အား မှန်မှန်ကန်ကန် မထွက်ဆိုပါက ဤကျမ်းတွင် ပါဝင်သော အကြောင်းအရာများ စူးရောက်ပါစေသား" ဟု ကျိန်ဆိုရခြင်း

ဖြစ်ပါသည်။ အကယ်၍ မှန်မှန်ကန်ကန် မဆောင်ရွက်ခဲ့ပါကလည်း ဤကျမ်းပါ ကျိန်စာအမျိုးမျိုးတို့ မိမိကို ထိခိုက်ကာ စူးရောက်မည်ဟု အများစုက ယုံကြည်ကြပါသည်။

ထို့အတူ ဆရာဝန်များ၏ ဆေးပညာကျင့်ဝတ်တွင်လည်း ဟစ်ပိုကရေးတီးစ်၏ အဓိဋ္ဌာန်ပြုချက်ကို သစ္စာပြုကြရပါသည်။ မိမိ၏ ဆရာသခင်များနှင့် လူနာများအပေါ် ထားရှိလိုက်နာရမည့် ဝတ္တရားများ၊ ကျင့်ဝတ်များအား စောင့်ထိန်းမည့်အကြောင်း ဖြစ်ပါသည်။ "အကယ်တန္တု မထိန်းနိုင်၊ မသိမ်းနိုင်၊ အဓိဋ္ဌာန်ကျိုးပေါက် မစောင့်ရှောက်နိုင်သည် ဖြစ်သော်ငြားအံ့၊ မကောင်းသောဘေး၊ မကောင်းသော အန္တရာယ်၊ ရန်စွယ်အသွယ်သွယ်နှင့် ရင်ဆိုင်တွေ့ကြုံရလျက် နတ်မိစ္ဆာတို့၏ ကျိန်စာအသင့်ခံရပါစေသား" ဟု ပါရှိပါသည်။

ကျိန်စာနှင့်ပတ်သက်၍ ဗုဒ္ဓဘုရားရှင် ဟောကြားသည့် အထောက်အထားများ မရှိပါ။ ဗုဒ္ဓအလိုတော်နှင့် ဆန့်ကျင်သည့် အယူအဆတစ်ခုဖြစ်သော်လည်း ရှေးခေတ်အိန္ဒိယပြည်ရှိ ဗြဟ္မဏဝါဒီများ လက်ထက်ကပင်ကျိန်ဆိုခြင်းမျိုးရှိခဲ့ကြပါသည်။ကာလီဒါသ၏သကုန္တလာပြဇာတ်တွင် ဒုဗ္ဗာသရသေ့ကြီး၏ ကျိန်စာကြောင့် သကုန္တလာဒုက္ခ တွေ့ရှိရပုံမျိုး ပါရှိခဲ့သည်။ ၎င်းအပြင် ကဿပဘုရားမြတ်စွာလက်ထက်က ကျိန်ဆိုခြင်းကြောင့် ပြိတ္တာဖြစ်၍ ချေးစားခံရသော ကဏ္ဏမုဏ္ဍပေတဝတ္ထုကို ပေတဝတ္ထုများတွင် အကျယ်ဖတ်ရှုနိုင်ပါသည်။ ကျိန်စာဟု တိတိပပဆိုမထားသော်လည်း မိမိအတွက် ကောင်းသောဆုတောင်းနှင့် မိမိ၏ ကောင်းမှုကို ဖျက်ဆီးသောသူများအတွက် မကောင်းသော ဆုတောင်းများသည်လည်း ကျိန်စာသဘောများပင် ဖြစ်သည်ဟု ယူဆမိပါသည်။ ၎င်းအပြင်

အချို့သစ္စာပြုခြင်းများတွင်လည်း ကျိန်ဆိုခြင်းသဘောများ ပါရှိနေသည်ကို တွေ့ရှိရပါသည်။

ဤသို့ ကျိန်ဆိုခြင်းများကို ကမ္ဘာအရပ်ရပ်တွင်လည်း တွေ့မြင်နိုင်ပါသည်။ အီဂျစ်ရှိ ပိရမစ်အဆောက်အအုံများတွင်လည်း ကျိန်စာရေးထိုးထားခြင်းများကို အများအပြား တွေ့မြင်နိုင်ပါသည်။ ၎င်းနိုင်ငံများရှိ ရှေးဟောင်းအဆောက်အအုံများ၊ ဖာရိုဘုရင်အုတ်ဂူများ၊ မံမီများ၊ ဂူသချိုင်းများတွင် သေဆုံးသူနှင့်အတူ မြှုပ်နှံထားသည့် ရတနာပစ္စည်းများအားသွားရောက်ရှာဖွေသူများ ဒုက္ခရောက်ကြပုံများကို ရေးဖွဲ့ထားသည့် ဇာတ်လမ်းများ၊ ရိုက်ကူးထားသည့် ရုပ်ရှင်အများအပြားကိုလည်း တွေ့မြင်နိုင်မည် ဖြစ်ပါသည်။ ကမ္ဘာအရပ်ရပ်တွင် လူကြိုက်များ နာမည်ကြီးသည့် MUMMY (မံမီ) ဇာတ်ကား၊ အင်ဒီယာနာဂျုံး ဇာတ်ကားများမှာ လူကြိုက်များလွန်းသဖြင့် ဇာတ်လမ်းတွဲများအဖြစ် ဆက်လက်ရိုက်ကူးကြရပါသည်။ တစ်ခါတစ်ရံ မိမိဉာဏ်ဖြင့် မမီနိုင်သော ဖြစ်ရပ်ဆန်းကြယ်ကိစ္စအများအပြားကိုလည်း ထိုကျိန်စာများနှင့်အတူ ဖတ်ရှုကြရပါသည်။

ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးဒဂုန်ရွှေမျှား အပါအဝင် လျှို့ဝှက်သည်းဖို စာရေးဆရာများ ရေးသားသည့် စာအုပ်များတွင်လည်း အများအပြား ဖတ်ရှုနိုင်ပါသည်။ အိန္ဒိယပြည်ရှိ ဆာဒူးကြီးများမှာ ကျိန်စာဆိုတတ်ကြပုံနှင့် ယင်းကျိန်စာအတိုင်းလည်း အမှန်တကယ် ဖြစ်တတ်ကြသည့်အတွက် ဟိန္ဒူပြဇာတ်ကားဘာသာဝင်များကလည်း ကျိန်စာနှင့် ပတ်သက်လျှင် အထူးကြောက်ရွံ့တတ်ကြပါသည်။ မိမိလုပ်ရပ်မှန်နေလျှင် မကြောက်လန့်ကြသော်လည်း တစ်စုံတစ်ရာ မိမိဘက်က ရိုးသားမှုမရှိပါက ထိခိုက်မည်ကို ကြောက်တတ်ကြသည်မှာ လူတိုင်းပင် ဖြစ်ပါသည်။

အင်းဝခေတ်စာဆို တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းတစ်ပုဒ်၌ မိမိ၏ ချစ်သူနှင့် ကွေကွင်းစေလိုသောကြောင့် နှောင့်ယှက်သူများအား ကျိန်ဆိုသော ကဗျာတစ်ပိုဒ်မှာလည်း "တို့များ ချစ်ခြင်း၊ ကွေကွင်းရအောင်၊ × × × နေ့တိုင်းမွှေတဲ့၊ သက်ကြီးဝန်တို၊ မြင်တိုင်းမုန်းစရာ၊ ဂုံးမအို၊ ရေလိုခန်းခြောက်ပါစေသား" ဟူသော စာသားများကိုလည်း တွေ့ရှိရပါသည်။ ၎င်းအပြင် ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင်လည်း စူဠသုဘဒ္ဒါ၏ အမျက်ဒေါသနှင့် တောင်းခဲ့သောဆုမှာလည်း ကျိန်စာနှင့် အလားတူပါသည်။ ယင်းမှား ယွင်းသော ဆုတောင်းကြောင့်လည်း ဆင်မင်းအား နောက်ဘဝ၌ ပြန်လည်လုပ်ကြံသည့် အဖြစ် အပျက် ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

သေချာတွေးကြည့်ရသော် သစ္စာပြုခြင်း၊ ဆုတောင်းခြင်းနှင့် ကျိန်စာဆိုသည်မှာ အတန်ငယ်ဆက်စပ်နေကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် ကာယကံရှင်၏ စိတ်ဓာတ်ပေါ်မူတည်၍ သစ္စာပြုခြင်းလား၊ ဆုတောင်းလား၊ ကျိန်စာလားဟူ၍ ကွာခြားသွားခြင်းမျိုးသာဖြစ်ပါလိမ့်မည်။

ယခုခေတ်ကာလတွင် သတင်းစာဂျာနယ်များအား ဖတ်လိုက်လျှင် ကျိန်စာတိုက်ပွဲများကျင်းပသည့် သတင်းများကို ဖတ်ရှုနေရပါသည်။ လက်ပံတောင်းတောင် ကျိန်စာတိုက်ပွဲ၊ ထားဝယ်ရေနက်ဆိပ်ကမ်း ကျိန်စာတိုက်ပွဲ၊ မိမိလယ်မြေများ အသိမ်းခံရ၍ ကျိန်စာတိုက်ပွဲစသော အကြောင်းအရာများကို တွေ့မြင်နေရပါသည်၊ မတရားသဖြင့် မိမိပိုင်လယ်မြေပစ္စည်းဥစ္စာများသိမ်းဆည်းခံရသောကြောင့် ရင်ဆိုင်တိုက်ပွဲဝင်ခဲ့သော်လည်း တစ်ဖက်က အစိုးရဖြစ်နေခြင်း၊ စစ်တပ်ဖြစ်နေခြင်း၊ ငွေကြေးအင်အားကြွယ်ဝချမ်းသာသော ခရိုနီများဖြစ်နေခြင်းကြောင့် တရားဥပဒေက မှန်ကန်စွာ အကာအကွယ်မပေးနိုင်ကြချေ။ ထိုအခြေအနေ

ကြောင့် မိမိတို့လုပ်နိုင်သော ကျိန်ဆိုခြင်းအလုပ်ကို တစ်ဦးချင်းမဟုတ်ဘဲ ဒုက္ခရောက်သူအချင်းချင်းစုပေါင်းကာကျိန်စာတိုက်ပွဲများကျင်းပကြခြင်း ဖြစ်ပါသည်။

ယနေ့ခေတ် မြန်မာအစိုးရသည် ကျိန်စာအတိုက်ခံရဆုံးသော အစိုးရပင် ဖြစ်ပေလိမ့်မည်။ မတရားသော အမှုအခင်းများ အလွန်များပြားသလောက် တရားဥပဒေစိုးမိုးမှု မရှိသောကြောင့် ပြည်သူအများစုမှာ အစစအရာရာ ကျပ်တည်း၍ ဆင်းရဲဒုက္ခ ရောက်နေကြရပါသည်။ အားကိုးမရှိ၊ လက်နက်မရှိကြသော ပြည်သူများမှာ ကျိန်စာကို လက်နက်သဖွယ် အသုံးပြုလာကြခြင်းပင် ဖြစ်သည်။ သစ်ပင်သစ်တောများသာမက မြေပေါ်မြေအောက် သယံဇာတများသည်လည်း ပျက်စီးဆုံးရှုံးခဲ့ကြရပါသည်။ လက်ပံတောင်းတောင်၊ ကြေးစင်တောင် စသည့် တောင်အလုံးသုံးဆယ်ခန့်မှာလည်း ဝမ်ပေါင်နှင့် ဦးပိုင်ကုမ္ပဏီများကြောင့် တောင်တန်းများ ကွယ်ပျောက်ခဲ့ရပါသည်။ ထိုသို့ မိမိတို့၏ဒေသ၊ မိမိတို့၏ သယံဇာတများအား ပေးလိုက်ရသော်လည်း ဒေသခံလူထု၏ဘဝမှာ ဆင်းရဲမြဲ၊ ငတ်မွတ်မြဲ၊ ကျပ်တည်းမြဲပင် ဖြစ်ပါသည်။ ဤအခြေအနေကိုလည်း အစိုးရကိုယ်တိုင် လျစ်လျူရှုလျက် ခေါင်းဆောင်များ၏ အကျိုးစီးပွားအတွက်သာ ပေါင်းသင်းလုပ်ကိုင်နေသောကြောင့် ကျိန်စာတိုက်ပွဲများ ပေါ်ပေါက်ခဲ့ရခြင်းပင် ဖြစ်ပါသည်။ ယင်းကျိန်စာတိုက်ပွဲများတွင် အုန်း၊ ငှက်ပျောစသော ကန်တော့ပွဲများဖြင့် ကျကျနန ဆင်ယင်ထားပါသည်။ သက်ဆိုင်ရာ တောစောင့်နတ်၊ တောင်စောင့်နတ်၊ လယ်မြေ စောင့်နတ် စသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းကို တိုင်တည်သစ္စာဆိုကာ မတရား

လုပ်သူများအတွက် တန်ပြန်ဆိုးကျိုးသက်ရောက်စေရန် ရွာလုံးကျွတ် မြို့လုံးကျွတ် ဆုတောင်းကြခြင်းပင် ဖြစ်ပါသည်။

တကယ်တော့ ကျိန်ဆိုခြင်းများသည် လူတိုင်းနှင့် မကင်းကြချေ။ ကလေးများပင်လျှင် ကစားရင်း၊ ငြင်းခုံရင်း ကျိန်ဆိုတတ်ကြပါသည်။ ရပ်ကွက်ထဲတွင်လည်းကောင်း၊ အရောင်းအဝယ်လုပ်ရင်း လည်းကောင်း၊ အငြင်းပွားကျိန်ဆိုကြရသည်မှာလည်းမကြာခဏဆိုသလိုမျိုးတွေ့မြင်ရပါသည်။ ရှေးနှစ်ပေါင်းများစွာမှအစပြု၍ကျိန်ဆိုခြင်းများသည်ယခုအချိန်ထိ ရှိနေခြင်းကိုထောက်၍ ဘာသာမရွေး၊ လူမျိုးမရွေး ကျိန်စာအပေါ် ယုံကြည်အားထားကြကြောင်းတွေ့မြင်နိုင်ပါသည်။ ကျိန်ဆိုသူ၏မှန်ကန်မှု၊ သီလ သမာဓိရှိမှုပေါ် မူတည်၍ တစ်ဖက်သူအပေါ် စူးရောက်ကြောင်းကိုလည်း ယုံကြည်ကြရပါသည်။ တရားမျှတမှုကင်းသော ကာလဒေသများတွင် ကျိန်ဆိုခြင်းမျိုးကို ဆက်လက်မြင်တွေ့နေရဦးမည် ဖြစ်ပါသည်။

ကမ္ဘာ့အင်အားအကြီးဆုံး အမေရိကန်နိုင်ငံ၏ သမ္မတမှ အစပြု၍ နိုင်ငံတိုင်းရှိ သမ္မတများ၊ ဝန်ကြီးချုပ်များသည် မိမိတို့ ရာထူးလက်ခံရရှိသည့်နေ့တွင် ပြည်သူလူထု၏အကျိုးကို အပြည့်အဝ ထမ်းရွက်ပြီး မိမိနိုင်ငံနှင့်မိမိလူမျိုးအပေါ်သစ္စာရှိပါမည့်အကြောင်းကျမ်းသစ္စာကျိန်ဆိုကြရပါသည်။ ယင်းအခြေအနေကို ကြည့်ခြင်းအားဖြင့် ကျမ်းကျိန်ခြင်း၊ ကျိန်စာ စသော ကိစ္စရပ်များအပေါ် လူမျိုးမရွေး၊ ဘာသာမရွေး၊ နိုင်ငံမရွေး ယနေ့အချိန်ထိ လက်ခံယုံကြည်ကြကြောင်း သိရှိနိုင်ပါသည်။ ပြည်သူလူထုအပေါ် တာဝန်မဲ့စွာဖြင့် အုပ်ချုပ်၍ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားလုပ်၍ ကျိန်စာသင့်သွားကြသော ဆာဒမ်ဟူစိန်၊ ကဒါဖီ စသော အာဏာရှင်များကိုလည်း သင်ခန်းစာယူဖွယ် တွေ့မြင်နိုင် ပါသည်။

ကျွန်တော်တို့၏ မြန်မာပြည်တွင်လည်း ရာထူးလက်ခံစဉ်က ကျမ်းသစ္စာကျိန်ဆိုခဲ့သလို မဆောင်ရွက်ဘဲ မိမိ၏အာဏာနှင့် ကိုယ်ကျိုးစီးပွားအပေါ်သာ အသုံးချခဲ့သည့် တာဝန်ရှိလူကြီးမင်းများ၏ ကျိန်စာသင့်ကြမည့်အချိန်သည်ကား ကာလတစ်ခုတွင် ရောက်ရှိလာမှာ အမှန်ပင် ဖြစ်ပေသည်။

❀ ❀ ❀



# ပရဟိတလုပ်ငန်းဟူသည်

လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ကျွန်တော်တို့ ထုတ်ဝေသူတစ်စု ပန်းဆိုးတန်းရှိ လောကနတ်ပန်းချီပြခန်းတွင် စာအုပ်ဈေးပွဲတော် ကျင်းပခဲ့ပါသည်။ ယင်းစာအုပ်ဈေးပွဲတော်၏ ရရှိသောအကျိုးအမြတ်များအား ပရဟိတကျောင်းများသို့ ခွဲဝေလှူဒါန်းရန် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ စာအုပ်ဈေးပွဲတော်ကလည်း အထိုက်အလျောက် အောင်မြင်ခဲ့သည့်အတွက်ရရှိသော အကျိုးအမြတ်များအား မည်သည့်နေရာများတွင် လှူဒါန်းသင့်ကြောင်း ဆရာမသန်းမြင့်အောင်(ယခု နာရေးကူညီမှုအသင်း) ထံ အကူအညီတောင်းခဲ့ပါသည်။ ၎င်း၏အကြံပေးချက်အရ သာကေတရှိ

သီလရှင် ကျောင်းတစ်ခုနှင့် မြို့နယ်တစ်ခု၏ သချိုင်းကုန်းအနီးရှိ ပရဟိတ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် သွားရောက်လှူဒါန်းရန် စီစဉ်ခဲ့ပါသည်။

ထုတ်ဝေသူများစုစည်းပြီး တစ်နေ့ခင်းတွင် သာကေတရှိ ပရဟိတ သီလရှင်ကျောင်းထံ ပစ္စည်းနှင့်ငွေအချို့ကို ပထမဦးစွာ လှူဒါန်းခဲ့ပါသည်။ ၎င်းကျောင်း လှူပြီးသည်နှင့် ဒုတိယသွားရောက်ရမည့် ပရဟိတ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ခဲ့ကြပါသည်။ ထိုကျောင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးမှာ သက်တော် (၆၀) ကျော်ခန့်ရှိပြီး ကျောင်းသူကျောင်းသားလေးများမှာ (၂၀၀) ခန့် ရှိပါသည်။ ခနိမိုး၊ ထရံကာ၊ ဝါးကြမ်းခင်း တည်ဆောက်ထားသော ကျောင်းတွင် ကလေးငယ်များမှာ စာသင်နေကြပါသည်။ ကျွန်တော်တို့အဖွဲ့သည်လည်း ကလေးတွေ၏နေထိုင်စားသောက်ပုံများကို နေရာအနှံ့ သွားရောက်ကြည့်ရှုခဲ့ပါသည်။ ကျောင်းအောက်တွင်လည်း ရေပုပ်များ ခိုအောင်းနေသောကြောင့် အနံ့အသက်လည်းမကောင်းပါ။ ချက်သောပြုတ်သောနေရာများတွင်လည်းဖြစ်သလိုချက်ပြုတ် စားသောက်နေရသဖြင့် သန့်ရှင်းမှုလည်း မရှိပါ။ အာလူးဟင်းကိုသာ အဓိကထား၍ ငါးပိရည်ကျဲနှင့် အမြဲတမ်း စားသောက်နေရသည့်အတွက် စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။

၎င်းကျောင်းတွင် ကလေးငယ်များအား ပညာသင်ပေးသော ဆယ်တန်းအောင် ဆရာမလေးတချို့အားလည်း တွေ့ရှိခဲ့ရပါသည်။ သက်ကြီးရွယ်အို ဘိုးဘွားသုံးလေးဦးအား စောင့်ရှောက်ထားသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ ကျောင်းထိုင်ဘုန်းကြီးမှလွဲ၍ သံဃာသုံးလေးပါးသာရှိပြီး

အဆိုပါဆရာမလေးများသည် ရပ်ကွက်ထဲမှ အကူအညီတချို့ဖြင့်သာ ချက်ရေးပြုတ်ရေး၊ စားရေးသောက်ရေးများအား စီစဉ်နေသည်ကို တွေ့ရှိရပါသည်။ ကျွန်တော်တို့လည်း အဖွဲ့၏အလှူငွေအပြင် တစ်ဦးချင်း တတ်နိုင်သလောက် သဒ္ဓါ ပေါက်ကာ ထပ်မံလှူဒါန်းခဲ့ကြပါသေးသည်။

ကျောင်းတိုက်နာမည်ကို သေချာကြည့်သောအခါမှ ကျွန်တော်တို့ ဆိပ်ကမ်းသာလမ်းထိပ်မှာ မနက်ခြောက်နာရီထိုးဝန်းကျင်တွင် အသံချဲ့စက်နှင့် ကားတစ်စီးပေါ်တွင် ကလေးအချို့တင်၍ လာရောက်အလှူခံနေသော ကျောင်းဖြစ်မှန်း သိရပါသည်။ ထို့ကြောင့် ဘုန်းတော်ကြီးအား မေးမြန်းစုံစမ်းကြည့်သောအခါ တစ်ပတ်နှစ်ကြိမ် အလှူခံငွေနှင့်လည်း မလုံလောက်ကြောင်း၊ ဤကျောင်းသားလေးများ၏ စားဝတ်နေရေးအတွက် ပြင်ပအလှူရှင်များကိုပါ အားကိုးနေရကြောင်း ရှင်းပြပါသည်။ ကျွန်တော်တို့သည်လည်း မိမိရရှိသော အမြတ်အစွန်းများမှ အဖွဲ့လိုက်လှူဒါန်းဖြစ်ခဲ့သဖြင့် များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။

ထိုလှူဒါန်းမှုနောက်ပိုင်း (၈) လခန့်အကြာ ဆရာမသန်းမြင့်အောင်နှင့် စာပေပွဲတစ်ခုတွင် ထပ်မံတွေ့ဆုံခဲ့ပါသည်။ ထိုပရဟိတ စာသင်ဘုန်းတော်ကြီးကျောင်းလေးအား ထပ်မံလှူဒါန်းချင်ကြောင်း ကျွန်တော် ပြောမိသောအခါ ဆရာမက ထိုကျောင်းပျက်သွားပြီဖြစ်ကြောင်း ပြောပါသည်။ ကျွန်တော်လည်း အလွန်အံ့သြမိ၍ အကြောင်းရင်းကို မေးမြန်းမိပါသည်။ ဖြစ်ကြောင်းကုန်စင်မှာ အဆိုပါကျောင်းထိုင်ဘုန်းကြီးမှာ စာသင်ပြသော ဆရာမကလေးများအား အကြိမ်ကြိမ်ကျူးလွန်မှု ပြုလုပ်ခဲ့ကြောင်း၊ ကျောင်းဆရာမကလေးများမှာ ဆရာမသန်းမြင့်အောင်ထံ ဆက်သွယ်

အကြောင်းကြားသည့်အတွက် သွားရောက်စုံစမ်းနေစဉ်အတွင်း ဘုန်းကြီးမှာ ထွက်ပြေးသွားကြောင်း၊ အလှူငွေအချို့နှင့် ပစ္စည်းများအားယူ၍ ကလေးများနှင့်ကျောင်းအား ဒီအတိုင်းထားခဲ့ကြောင်း ပြောပါသည်။

ထို့ကြောင့် ဆရာမသန်းမြင့်အောင် ဦးစီး၍ အချို့ကလေးများအား မိဘရပ်ထံ ပြန်ပို့ခြင်း၊ အချို့ကလေးများ အခြားပရဟိတဂေဟာများသို့ ပြောင်းရွှေ့ပေးပို့ခြင်းလုပ်ငန်းများကိုပါ လုပ်ခဲ့ရကြောင်းပြောပြပါသည်။ လောကကြီးသည် ဆန်းကြယ်လေစွ။ ကရုဏာရှင်၊ ကယ်တင်ရှင်အဖြစ် ထင်မှတ်ထားသော်လည်း ဖွတ်ထွက်မှ တောင်ပို့မှန်း သိခဲ့ရပါသည်။

ကျွန်တော်တို့ငယ်စဉ်က ကျွန်တော်တို့မြို့လေးတွင် အာဖျံသိန်းထွန်း ဆိုသော လူတစ်ယောက် ရှိခဲ့ပါသည်။ ၎င်းသည် ကျွန်တော်တို့ရပ်ကွက် ထိပ်ရှိ ဘုရားပျက်ကလေးအား ပြုပြင်ရန် နေ့စဉ်အလှူခံဌာနဖွင့်၍ အလှူခံခဲ့ပါသည်။ နှစ်ပေါင်းများစွာ အလှူခံခဲ့သော်လည်း ဘုရားအား ထုံးပင် မသုတ်ဖြစ်ခဲ့ပါ။ အလှူခံရရှိသောငွေများအား ထင်သလိုသုံးစွဲပြီး တစ်မြို့လုံး၏ မေတ္တာကို မရှက် မကြောက် ခံယူခဲ့ပါသည်။

ပရဟိတအယောင်ပြ၍ မျောက်ပြဆန်တောင်းသော အဖွဲ့အစည်းပေါင်းမြန်မာနိုင်ငံတွင် များစွာရှိနေပါသည်။ နိုင်ငံတကာမှ အကူအညီများ ပေးကြသည့် NGOs, INGOs အဖွဲ့အစည်းတချို့၏ မသမာမှုများမှာလည်း နားနှင့်ပင် မဆံ့တော့ပေ။ မကြာသေးခင်ကပင် ဗိုလ်ချုပ်ဟောင်း တစ်ဦးအိမ်အား တစ်လလျှင် ဒေါ်လာ ၉၀၀၀၀ (မြန်မာငွေသိန်း ၁၀၀၀) ကျော်ပေး၍ငှားရမ်းသော NGO တစ်ခု၏သတင်းသည်လည်း ဂျာနယ်များတွင် သတင်းထူးအဖြစ် ကျော်ကြားခဲ့ပါသည်။ ထိုဗိုလ်ချုပ်က ဘာကြောင့်ဤမျှချမ်းသာသနည်း၊ ထို NGO ကကော ဒီလောက်ပိုက်ဆံများ

ကို ဘာကြောင့် ငှားရမ်းခတစ်ခုတည်းအတွက် သုံးစွဲခဲ့သနည်းဟူသော အဖြေမရှိသည့် မေးခွန်းများလည်း ထွက်ပေါ်ခဲ့ပါသည်။

အမှန်အကန် ဆောင်ရွက်နေသော ပရဟိတအဖွဲ့များစွာကလည်း ရှိနေသလို ပရဟိတအယောင်ပြ၍ လုပ်စားနေသော အဖွဲ့အစည်းများက လည်း နေရာအနှံ့မှာ မြင်တွေ့နေရပါသည်။ မြန်မာနိုင်ငံတွင် ပရဟိတကို တစ်နိုင်လုပ်ဆောင်သော အဖွဲ့အစည်းမှစ၍ ဒေါ်လာသန်းနှင့်ချီကာ လုပ် ကိုင်နေကြသော အဖွဲ့အစည်းပေါင်းမြောက်မြားစွာ ရှိပါသည်။ အမှန်ဆို လျှင် အစိုးရ၏ စီမံခန့်ခွဲမှု ပြည့်စုံကောင်းမွန်သောနိုင်ငံများတွင် ပညာရေး နှင့်ပတ်သက်သော ဖောင်ဒေးရှင်းများ၊ ဘာသာရေးနှင့်ပတ်သက်သော ဖောင်ဒေးရှင်းများသာ အနည်းအကျဉ်း ရှိကြပါသည်။ မြန်မာနိုင်ငံတွင် ကား ဘက်စုံထောင့်စုံ လိုအပ်ချက်များ ရှိနေသောကြောင့် အကြောင်း အရာအမျိုးမျိုး၊ အမည်အမျိုးမျိုးဖြင့် အဖွဲ့အစည်းများ မမှတ်မိလောက် အောင် များပြားခဲ့ရခြင်း ဖြစ်ပါသည်။

ပြီးခဲ့သည့် နာဂစ်မုန်တိုင်းကာလအတွင်း ဧရာဝတီတိုင်းရှိ နာဂစ် ဒေသတွင်းမှလူများ သန်းချီ၍ ဒုက္ခရောက်ကြရပါသည်။ ထိုအခြေအနေ တွင် ပြည်တွင်းမှ ကုသိုလ်ရှင်များက မိမိတို့ကိုယ်တိုင်ဖြစ်စေ၊ တစ်ပိုင် တစ်နိုင် အဖွဲ့အစည်းများဖြင့်ဖြစ်စေ ထိုဒေသများသို့ သွားရောက်၍ တတ် နိုင်သလောက် ကူညီကြပါသည်။ ထိုသို့ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ရချိန်တွင် အစိုးရ၏အကူအညီဖြင့် လုံလောက်မည်မဟုတ်ပါ။ ထို့ ကြောင့် နိုင်ငံတကာမှ အကူအညီများကိုလည်း လက်ခံခဲ့ရပါသည်။ ဒုက္ခ ရောက်နေသော ဒေသခံများသည် ထိုအကူအညီများကြောင့် ထိုက်သင့် သလောက် အဆင်ပြေသွားသော်လည်း အချို့သော NGO အဖွဲ့အစည်း

များတွင် ဝင်ရောက်လုပ်ကိုင်သူများမှာ ဒုက္ခသည်များကိုအကြောင်းပြုပြီး အတော်ချမ်းသာသွားကြသည်ကိုလည်း တွေ့မြင်ကြားသိနေရပါသည်။ ဒုက္ခသည်များ၏ ထမင်းလုတ်အား လုယက်ယူငင် စားသောက်ရဲသော သတ္တိကိုပင် အံ့ဩမိခဲ့ရပါသည်။

ပရဟိတလုပ်ငန်းဟူသည် အလွန်မွန်မြတ်သန့်စင်သော လုပ်ငန်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်များအတွက်သာမက မည်သည့်ဘာသာ၊ မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံအတွက်မဆို အမွန်အမြတ်တန်ဖိုးထားသော လုပ်ငန်းလည်း ဖြစ်ပါသည်။ မိမိ တစ်နိုင်တစ်ပိုင်လုပ်ရင်း ကမ္ဘာကျော်သွားကြသော မာသာထရီဇာ၊ အဲလ်ဖရက်ရှိုင်ဇာ …စသော မဟာကရုဏာရှင်များမှအစ ကမ္ဘာ့အချမ်းသာဆုံးဖြစ်ပြီး မိမိပိုင်ဆိုင်ချမ်းသာသော ငွေအများစုကို ဘီလ်ဂိတ်ဖောင်ဒေးရှင်းဟုထူထောင်၍ ကျန်းမာရေးလုပ်ငန်းများကို လုပ်ကိုင်နေသော ဘီလ်ဂိတ်ကဲ့သို့ ကမ္ဘာကျော်သူဌေးကြီးများလည်းရှိကြပါသည်။မြန်မာနိုင်ငံမှလူမှုအဖွဲ့အစည်းများနှင့် လာရောက်တွေ့ဆုံခဲ့ဖူးသည့် ကမ္ဘာကျော်ကွန်ဖူးမင်းသား ဂျက်ကီချန်းဆိုလျှင်လည်း သူကွယ်လွန်ခဲ့ပါက သူ၏ပိုင်ဆိုင်မှုများ အားလုံးအား အဖွဲ့အစည်း အသီးသီးသို့ လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။ အချို့သော ဟောလီဝုဒ်ရုပ်ရှင် မင်းသား၊ မင်းသမီးများကလည်း စစ်ဘေးဒဏ်သင့် တိုင်းပြည်များ၊ ငတ်မွတ်နေသည့် တိုင်းပြည်များသို့ အမြဲလိုလို လှူဒါန်းတတ်ကြပါသည်။ ၎င်းတို့အထဲတွင် ဆန်ဒရာဘူးလော့ခ်၊ အိန်ဂျလီနာဂျိုလီ စသည်တို့သည်လည်း အလှူအတန်းတွင် ဒေါ်လာသန်းနှင့်ချီ၍ လှူဒါန်းတတ်ကြပါသည်။ နာမည်ကျော် ဟောင်ကောင်အက်ရှင်မင်းသား ဂျက်လီဆိုလျှင် ဝမ်းဒေါ်လာဖောင်ဒေးရှင်း ထူထောင်ထားပါသည်။ သူ့ဘဏ်အကောင့်ထဲသို့ သူ

၏ပရိသတ်များမှ တစ်ဒေါ်လာစီလှူသော အလှူငွေကို မ,တည်၍ အကျိုးပြုလုပ်ငန်းများကို စာရင်းဇယားအတိအကျဖြင့် မြင်သာထင်သာစွာ ကမ္ဘာသိ ဖွဲ့စည်းထားသော ဖောင်ဒေးရှင်း ဖြစ်ပါသည်။

၎င်းကို အားကျပြီး မြန်မာနိုင်ငံတွင်လည်း စာပေနယ်မှ ဆရာမောင်သာချို၊ ဆရာ အောင်ပီကျယ်၊ ကိုပြည်သွေးနိုင်တို့ ဦးစီးသော One more ဖောင်ဒေးရှင်းဟူသောအဖွဲ့ရှိပါသည်။ ထိုအဖွဲ့သည်လစဉ်လူတစ်ဦးလျှင် တစ်ထောင်ကျပ်နှုန်းဖြင့် နီးစပ်ရာ အလှူခံခြင်းဖြင့် စတင်ခဲ့ရာ ယခုအခါ အလှူရှင်များလာသည့်အတွက် လစဉ် သိန်းတစ်ရာခန့် ရရှိလာပါသည်။ ၎င်းအလှူငွေအားအမှန်တကယ် လိုအပ်သော နေရာများသို့ ကိုယ့်စရိတ်ကိုယ်စား၍ အလှူငွေများအားလုံးကို မပွန်းမပဲ့စေဘဲ လစဉ်ချက်ချင်း သွားရောက်လှူဒါန်းသောကြောင့် ပြဿနာအရှုပ်အရှင်း တစ်စုံတစ်ရာ မတွေ့ဘဲ အောင်မြင်နေသောအဖွဲ့ ဖြစ်ပါသည်။ ၎င်းအပြင် မကြာသေးခင်ကမှ လူထုဂုဏ်ရည်အထူးဆု ရရှိခဲ့သော စာရေးဆရာကြည်မင်း၏ သမီး ဖြစ်သူမခင်နှင်းကြည်သာသည်လည်းတစ်ကိုယ်တော်ပရဟိတကွန်ရက်အား ထူထောင်လုပ်ကိုင်နေသူလေး ဖြစ်သည်။ လူငယ်ပီပီ ကိုယ်ကျိုးမဖက်ဘဲဝေးလံသောဒေသများသို့သွားရောက်၍ပညာရေး၊ကျန်းမာရေး ကိစ္စများကို ဆောင်ရွက်နေသူ ဖြစ်ပါသည်။ သူမ၏အကြောင်းကို ဒေါက်တာရဲမြင့်ကျော် (စာရေးဆရာ လင်္ကာရည်ကျော်)က ပန်းဒေါင်းဟူသော လုံးချင်းဝတ္ထုရေး၍ပင် ဂုဏ်ပြုခံရသူလေး ဖြစ်ပါသည်။

ပြည်သူအများစုမှာ အမှန်တကယ် ပရဟိတလုပ်ကိုင်နေသူများနှင့် ဟန်ပြလုပ်ကိုင်နေသူများကို ခွဲခြားသိမြင်လာပြီဖြစ်သောကြောင့် အမှန်တကယ် လုပ်ကိုင်နေသော အဖွဲ့အစည်းများကို ဝိုင်းကြဝန်းကြပါသည်။

ထို့အတူ သီတဂူဆရာတော် အရှင်ဉာဏိဿရ၊ ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ၊ ဓမ္မဒူတ ဒေါက်တာ အရှင်ဆေကိန္ဒ၊ ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိကမှ အစပြု၍ ရဟန်းသံဃာများထဲတွင်လည်း ပရဟိတလုပ်ငန်းများအားတစိုက်မတ်မတ်လုပ်ဆောင်နေသည့်ဆရာတော်များ၊ သံဃာတော်များအား အားရဖွယ် တွေ့မြင်နေရပါသည်။ မြန်မာနိုင်ငံတွင်လည်း ပရဟိတလုပ်ငန်းများမှာ ကုန်ဆုံးနိုင်ဖွယ်ရာ မမြင်သေးပေ။ လိုအပ်ချက်များက နေရာဒေသအသီးသီး၊ နယ်ပယ်အသီးသီးတွင် ရှိနေကြပါသေးသည်။ အမှန်တကယ်တော့ ယင်းလုပ်ငန်းများအားလုံးသည် အစိုးရက ဖြည့်ဆည်းပေးရမည့်ကိစ္စများသာ ဖြစ်ပါသည်။ ကျွန်တော်တို့ လူမျိုးများမှာ ပရဟိတဟူသော ခေါင်းစဉ်မတတ်ဘဲ ရပ်ရေးရွာရေး၊ လူမှုရေး၊ ဘာသာရေးများတွင် မည်သည့်နိုင်ငံသားများနှင့်မျှမတူအောင် ဆောင်ရွက်လိုစိတ်များက မွေးကတည်းကပင် ပါဝင်ခဲ့ကြပါသည်။ ထို့ကြောင့် ဘုရားကျောင်းကန်များ၊ ရပ်ရေးရွာရေးများတွင် သာရေးနာရေးကိစ္စတစ်ခုပေါ်ပေါက်ပြီဆိုလျှင်မည်သူ့ကိုမျှခေါ်ယူဖိတ်ကြားစရာမလိုဘဲ သွားရောက်ကူညီလုပ်ကိုင်သည့် ဓလေ့ကြီးက တစ်နိုင်ငံလုံးတွင် ရှိနှင့်နေပြီးသား ဖြစ်ပါသည်။ ဤအချက်သည် နိုင်ငံနှင့် လူမျိုးအတွက် အလွန်ဂုဏ်ယူဖွယ် ကောင်းသောအချက်ဟု ထင်မြင်မိပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏မိခင်ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှမိုဘိုင်းစာကြည့်တိုက်များထူထောင်၍ ကျေးလက်များတွင် အသိပညာဖြန့်ဝေလျက် ရှိပါသည်။ အမေ့အိမ်ကဲ့သို့သော ပညာရေးသင်တန်းကျောင်းများ၊ ဦးဝင်းတင်ဖောင်ဒေးရှင်းမှ နိုင်ငံရေးအကျဉ်းသားများကို ကူညီစောင့်ရှောက်သောလုပ်ငန်းများ၊ သရုပ်ဆောင် ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ နိုင်

သင်းကြည်တို့ ဦးစီးသည့် မေတ္တာသင်္ဂဟာအဖွဲ့ကလည်း လစဉ်လှူဒါန်းမှုများ ပြုလျက်ရှိပါသည်။

မြန်မာတို့၏ ကောင်းသောစိတ်၊ ကောင်းသော အပြု အမူများသည် ယခုကာလတွင် အတန်အသင့် ပျက်စီးစပြုလာပြီ ဖြစ်ပါသည်။ ပရဟိတလုပ်ငန်းသည် မွန်မြတ်သော လုပ်ငန်းဖြစ်သော်လည်း ၎င်းလုပ်ငန်းကို အမှီပြု၍ မိမိအတွက် ကိုယ်ကျိုးရှာ အလွဲသုံးစားမှုများက ပိုမိုများပြားလာသည့်ကာလ ရောက်ရှိလာပြီ ဖြစ်ပါသည်။ ပို၍ဆိုးသည်မှာ အလှူခံယဉ်ကျေးမှုတစ်ရပ် တိုးပွားဖြစ်ထွန်းလာနေပြီ ဖြစ်ပါသည်။ မည်သည့်ရပ်ကွက်၊ မည်သည့်နေရာ၊ မည်သည့်မြို့နယ်မဆို ခေါင်းစဉ်တစ်ခုအောက်တွင် အသံချဲ့စက် အသံကုန်ဖွင့်၍ စာရင်းမရှိ အင်းမရှိ အလှူခံနေကြသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား အချိန်တိုင်း တွေ့မြင်လာရသောအခါ ပရဟိတအပေါ် သံသယစိတ်များ ဖြစ်ထွန်းလာနေသည်ကိုလည်း ခံစားရပါသည်။ ကိုယ်က သူ့ကို အလှူခံ၊ သူက ကိုယ့်ကို အလှူခံဟူသော ဘောက်ချာစာအုပ်ကိုယ်စီဖြင့် အလှူခံနေကြသည်မှာလည်း နေ့စဉ် နေ့တိုင်းပင် ဖြစ်ပါသည်။

ကျွန်တော်တို့ထုတ်ဝေသူအများစု ခံစားရသည့် အလှူခံမှာ စာအုပ်အလှူခံပင် ဖြစ်သည်။ ဘုန်းကြီးဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ စာကြည့်တိုက်များ ထူထောင်လာကြပါသည်။ ထိုသို့ထူထောင်လျှင်လည်း အလှူခံဖို့ သတိရကြသည်မှာ ထုတ်ဝေသူများသာလျှင် ဖြစ်ပါသည်။ စာအုပ်တစ်အုပ်လျှင် (၁၅၀၀) ကျပ် အနိမ့်ဆုံးဈေးရှိနေသည့် ကာလတွင် စာအုပ်များအားလာရောက်အလှူခံနေသူများမှာ နေ့စဉ်နေ့တိုင်းတွေ့ကြုံနေရသော ဒုက္ခတစ်ရပ် ဖြစ်ပါသည်။ ဝန်ကြီးတစ်ဦး၏ ရှုနမ်းစွာ ထူထောင်ခဲ့သော

ကျေးရွာစာကြည့်တိုက်ပေါင်း (၅၅၅၅၅) ဆိုသည်မှာလည်း မည်သည့် နိုင်ငံတွင်မှ မရှိ။ အောင်မြင်အောင် လုပ်ဆောင်နိုင်သည်ဟူ၍ နိုင်ငံပိုင် သတင်းစာကြီးတွင် မရှက်မကြောက် ရေးသားခဲ့သည့် နောက်ပိုင်းတွင် တကယ်တမ်း တည်ရှိနေသော စာကြည့်တိုက်များမှာ ရာဂဏန်းမျှသာ ရှိပါသည်။ ၎င်းတို့ထဲမှ အမှန်တကယ် လည်ပတ်နေသော စာကြည့်တိုက် မှာ ဆယ်ဂဏန်းမျှသာ ဖြစ်ပါသည်။ ထိုကဲ့သို့ ဟန်ပြလုပ်ဆောင်ခဲ့၍ လူ့ ဒါန်းငွေများ အလဟဿ ဆုံးရှုံးခဲ့ရသော ဖောင်ဒေးရှင်းပေါင်း မည်မျှ ရှိမည်ကိုမရေတွက်နိုင်တော့ပါ။လုပ်စား၍ကောင်းသည့်လုပ်ငန်းတစ်ရပ် အနေဖြင့် ဆက်လက်ပေါ်ပေါက်နေဆဲ ဖြစ်ပါသည်။

မြန်မာတစ်ပြည်လုံး အတိုင်းအတာသိရှိပြီး ကျေနပ်မှု အရဆုံးသော ပရဟိတအဖွဲ့အစည်းကြီးမှာ ရုပ်ရှင်သရုပ်ဆောင် ကျော်သူ ဦးဆောင် သည့် နာရေးကူညီမှုအသင်းကြီးပင် ဖြစ်ပါသည်။ ကျော်သူရှိနေလျှင် သေ ရမှာ မပူတော့ဟု ဆိုရလောက်အောင်ပင် သေရေးအတွက် စရိတ်တစ် ပြားမှမကုန်ဘဲ နာရေးရှင်တိုင်း စိတ်ချမ်းသာရသည့် အဖွဲ့အစည်းတစ်ခု ပင် ဖြစ်ပါသည်။ ပုံမှန်အားဖြင့် ရန်ကုန်မြို့ပေါ်ရှိ လူတစ်ယောက်သေလျှင် သချိုင်းလက်မှတ်မှစ၍ နာရေးမြေကျသည်အထိ ကားခ၊ အခန်းငှားခ၊ သင်္ဂြိုဟ်ခ စသည့် စရိတ်ပေါင်းများစွာအား နာရေးအသင်းကြီးမှ ကျခံပြီး မည်သည့်ဘာသာ၊ မည်သည့်လူမျိုးကိုမဆို ကူညီဆောင်ရွက်ပေးနေပါ သည်။ ၎င်းအပြင် ကျန်းမာရေးနှင့် ပတ်သက်၍လည်း ထပ်မံတိုးချဲ့ထား သော ဆေးရုံဆေးခန်းများလည်း ရှိပါသေးသည်။


ဆရာမသန်းမြင့်အောင်၏ အောင်ဖောင်ဒေးရှင်း၊ ဆည်းဆာရိပ်၊ ဆရာချစ်စံဝင်းတို့ ဦးစီးခဲ့သော ရေနံ့သာ အနာကြီးရောဂါ ကူညီစောင့်

ရှောက်ရေးအသင်း စသော အမှန်တကယ် လုပ်ဆောင်နေသည့် အသင်းများကလည်း များစွာဂုဏ်ယူဖွယ် အောင်မြင်ဖြစ်ထွန်းလျက် ရှိပါသည်။ ၎င်းအပြင် နယ်မြို့လေးများတွင်လည်း ပရဟိတလူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များကလည်း မြို့နယ်တိုင်းတွင် သူ့နည်းသူ့ဟန်နှင့် ဖွဲ့စည်းကာ ပြည်သူများ၏ လိုအပ်ချက်များကို ကူညီစောင့်ရှောက်လျက် ရှိကြပါသည်။ နိုင်ငံ့၏လိုအပ်ချက်အရ အမြောက်အမြား ပေါ်ထွက်လာသော ပရဟိတအဖွဲ့ အစည်းများ၊ အသင်းအဖွဲ့များနှင့်ပတ်သက်၍ နိုင်ငံတော်မှ လုပ်ငန်းပိုင်းဆိုင်ရာများအား ကူညီရန် လိုအပ်ပါသည်။ ယခင်ကာလက ပင်မကူညီသည့်အပြင် ပရဟိတလုပ်ကိုင်သူများအပေါ်အနှောင့်အယှက်များပင် များစွာပေးခဲ့ကြသည်မှာလည်း အံ့သြဖွယ်ရာ ကိစ္စတစ်ရပ်ပင် ဖြစ်ပါသည်။

ထို့ကြောင့် ပရဟိတအဖွဲ့အစည်းများ၏ ဂုဏ်ကျက်သရေကို ဆုတ်ယုတ်စေမည့် ပရဟိတအမည်ခံ အဖွဲ့အစည်းများကို သတိပြုရှောင်ရှားရမည် ဖြစ်ပါသည်။ ပရဟိတအသင်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ရန် ဆန္ဒရှိမည်ဆိုကတည်းက မိမိ၏ စိတ်စေတနာကို ဖြူစင်အောင် ထားနိုင်ရမည် ဖြစ်ပါသည်။ လူအား၊ ငွေအား၊ အကြံဉာဏ်အားများလည်း စိုက်ထုတ်နိုင်စွမ်းရှိပြီး အလေအလွင့် နည်းအောင် စီမံခန့်ခွဲနိုင်ဖို့လည်း ဖြစ်ရပါမည်။ စေတနာ သဒ္ဓါတရားနှင့် ဖွဲ့စည်းလုပ်ကိုင်သည်ဆိုသော်လည်း စီမံခန့်ခွဲမှု ညံ့ဖျင်းပါက ဆင်ဖိုးထက် ချွန်းဖိုးကြီးဆိုသလို လှူတာက နည်းနည်း၊ မိမိအသုံးစရိတ်က များများဖြစ်နေတတ်ပါသည်။ ပရဟိတလုပ်ပြီဆိုကတည်းက မွန်မြတ်ပြီး ကျက်သရေရှိသော လုပ်ငန်းကြီးတစ်ရပ်ဖြစ်သောကြောင့် ဦးဆောင်သူများ၊ အဖွဲ့ဝင်များ၏အတ္တပုဂ္ဂိုလ်တွင် ပြင်ရာဖျက်

ရာများဖြင့် ညစ်ပေစွန်းထင်းသော သမိုင်းကို မရေးမိစေရန် လိုအပ်လှပေသည်။

အများအကျိုးကို အမှန်တကယ်ဆောင်ရွက်လိုသူများများ ပေါ်ပေါက်ပါစေ ...။



# ဆရာ့ကျေးဇူး

ကျွန်တော် ခုနစ်တန်းနှစ်က ဖြစ်ပါသည်။ တန်းခွဲ (C) တွင် တက်ခဲ့ရစဉ် အတန်းပိုင်ဆရာကြီးမှာ ဆရာကြီး ဦးသန်းရွှေဖြစ်ပါသည်။ အသက် (၆၀) ပြည့် ပင်စင်ယူခါနီး လူပျိုဆရာကြီးလည်း ဖြစ်ပါသည်။ ဆရာကြီး သင်ကြားသော ဘာသာမှာ မြန်မာစာဘာသာရပ် ဖြစ်ပါသည်။ မြန်မာစာနှင့် ပတ်သက်၍လည်း အထူးဖတ်မှတ်လေ့လာထားသူဖြစ်ရာ ကျွန်တော့်အဖို့ ဆရာကြီး၏ အသင်အပြများကို အထူးနှစ်သက်မိပါသည်။ ဖုန်တက်နေသော ကျောင်းစာကြည့်တိုက်၏ သော့ခလောက်ကို ဖွင့်လှစ်ကာ ကျွန်တော့်အား စာကြည့်တိုက်ထဲမှ ရှားပါးစာအုပ်များ၊ ဖတ်သင့်သော စာအုပ်

များကိုလည်း ငှားရမ်းပေးသူဖြစ်ပါသည်။ ၎င်းအပြင် စာစီစာကုံးအား တစ်ပတ်တစ်ကြိမ် ရေးခိုင်းသော ဆရာကြီးလည်း ဖြစ်ပါသည်။ ကျွန်တော် ရေးသားသော စာစီစာကုံးအား အတန်းထဲတွင် အသံထွက်ကာ တစ်တန်းလုံးကြားအောင် ရွတ်ဖတ်ခိုင်းပါသည်။ ထို့ကြောင့် ကျွန်တော် စာစီစာကုံးရေးလျှင် အကိုးအကားရှာရသောဒုက္ခ၊ စကားပြေအရေးအသားမကောင်းမှာ ပူပန်ရသောဒုက္ခ စသည်တို့နှင့် ကြုံခဲ့ရသော စာသင်နှစ်လည်း ဖြစ်ခဲ့ရပါသည်။ တကယ်တော့ ဆရာကြီးသည် ကျွန်တော် မြန်မာစာပေကို ဝါသနာပါ၍ ကဗျာများ၊ စာတိုပေစများ ရေးနေသည်ကိုလည်း သတိထားမိသူဖြစ်ပါသည်။ ထို့ကြောင့် စာသင်ခန်းအတွင်းရှိ သင်ခန်းစာ သင်ယူနေသော ဘောင်အတွင်းမှ မြန်မာစာပေနှင့်ပတ်သက်၍ အရည်အသွေးတိုးတက်လာစေရန် ဆောင်ရွက်ပေးခဲ့သော ဆရာကြီးလည်း ဖြစ်ပါသည်။

နယ်မြို့လေးဖြစ်သောကြောင့် စာအုပ်စာပေ အလွန်ရှားပါးပါသည်။ စာအုပ်အငှားဆိုင်နှစ်ဆိုင်ခန့်သာရှိ၍ စာအုပ်အရောင်းဆိုင်တစ်ဆိုင်မျှ မရှိပါ။ မြို့ထဲရှိ ထီရောင်းသော ဦးဒါနဆိုသူ မှာယူရောင်းချပေးသော ရွှေသွေး၊တေဇ၊တို့ကျောင်းသားစာစောင်များသာရှိပါသည်။ဆရာကြီးသည် ထိုစာစောင်များအား လစဉ်ဝယ်ယူပြီး ကျွန်တော့်အား ပေးဖတ်လေ့ ရှိပါသည်။ ထိုစဉ်ကတည်းက ရွှေသွေးစာစောင်တွင် ပါဝင်ရေးသားကြသော ဆရာကြီးဦးဘကြည်၊ဦးစိန်၊ဦးသန်းကြွယ်စသော ဆရာကြီးများ၏ပန်းချီနှင့် စာပေလက်ရာများကို အကျွမ်းတဝင် ဖြစ်ခဲ့ရပါသည်။ တို့ကျောင်းသားစာစောင်ထဲရှိလစဉ်ဆုရစာစီစာကုံးရှင်များ၏လက်ရာများကိုလည်း ဖတ်ရှုခဲ့ရသည့်အတွက် ၎င်းတို့၏အမည်နာမများကို ယနေ့ထက်တိုင်

သတိရနေဆဲ ဖြစ်ပါသည်။ အချို့ဆိုလျှင် နာမည်ကြီး အထူးကုဆရာဝန်ကြီးများ၊ အင်ဂျင်နီယာကြီးများပင် ဖြစ်လျက်နေပါသည်။

ကျွန်တော်သည် ခုနစ်တန်းစာသင်နှစ်အထိ သနပ်ခါးလိမ်း၍ ကျောင်းတက်သော ကျောင်းသားတစ်ဦး ဖြစ်ခဲ့ပါသည်။ ကျွန်တော့်အမေသည် သနပ်ခါးကိုအလွန်နှစ်ခြိုက်သောကြောင့် မနက်တိုင်း သူကိုယ်တိုင် သနပ်ခါးလိမ်းပေးလေ့ ရှိပါသည်။ ထိုစဉ်ကာလ ယောကျ်ားလေးဖြစ်သော်လည်း သနပ်ခါးလိမ်းကျောင်းတက်သော ကျောင်းသားများရှိသည့်အတွက် အခြောက်ဟုလည်း မည်သူမျှ မထင်ကြပါ။ မိမိကိုယ်တိုင်လည်း ယောကျ်ားစစ်စစ်တစ်ယောက်အနေဖြင့်သာ ရပ်တည်ခဲ့သူ ဖြစ်ပါသည်။ ဆရာကြီးသည် ထိုသနပ်ခါးလိမ်းသည့်အချက်ကိုလည်း နှစ်သက်ပုံ ရပါသည်။ ကျောင်းသားများကြားထဲ ကျွန်တော့်ကိုလည်း ပိုပြီးအလေးပေး၍ ကူညီပံ့ပိုးပေးသော ဆရာကြီး ဖြစ်ပါသည်။ သူ ကန်တော့ခံ ရရှိထားသော ကျောင်းစိမ်းလုံချည်အချို့ကို ကျွန်တော်နှင့်ရွယ်တူ သူ၏တူများရှိလျက်နှင့်ပင် ကျွန်တော့် ကို ပေးဖူးပါသည်။ သူ၏မှတ်တမ်းစာအုပ်များအား ဖြဲ၍ ကျန်လွတ်နေသော စာမျက်နှာများကို စာအုပ်ချုပ်၍ စာအုပ်များ၊ ခဲတံများ ပေးကာ ကူညီခဲ့ဖူးပါသည်။

ထိုနှစ်သီတင်းကျွတ်လပြည့်နေ့က ကျွန်တော်အပါအဝင် သူငယ်ချင်းလေးငါးဦး စုစည်းကာ ဆရာကြီးထံ သွားရောက်ကန်တော့ခဲ့ပါသည်။ ကျွန်တော်အမှတ်ရနေမိသည်မှာ ကန်တော့ပစ္စည်းမဝယ်နိုင်၍ ကျွန်တော့်အမေ လက်ဆောင်ရထားသော တဘက်တစ်ထည်အားကန်တော့ခဲ့ပါသည်။ ဆရာကြီးသည် ကန်တော့ခံပစ္စည်းအားလုံးအား လက်ခံခဲ့ပါသည်။ ဆုများလည်း ချီးမြှင့်ကာ ဆုံးမစကားများလည်း ပြောကြားခဲ့ပါ

သည်။ သို့သော် နောက်နေ့ရောက်သောအခါ ကျွန်တော်ကန်တော့ခဲ့သောတဘက်အားကျွန်တော့်အိမ်သို့ပြန်လာ၍ပေးခဲ့ပါသည်။ဒီတဘက်က တန်ဖိုးနည်းနည်းကြီးသည့်အတွက် နောက်ပိုင်း မင်းတို့ အလုပ်ဝင်တဲ့အခါကျမှသာ ကန်တော့ပါဟု ပြောကြားခဲ့သည်ကို ယနေ့တိုင် အမှတ်ရနေဆဲ ဖြစ်ပါသည်။

တစ်ခါကလည်း မြို့တော်ခန်းမတွင် ဦးမောင်မောင်ဆပ်ကပ်ပွဲ ဖျော်ဖြေပါသည်။ ကျွန်တော်တို့ ကျောင်းသားလေးများနှင့် ဆရာကြီးက ဆပ်ကပ်ပွဲကို သွားရောက်ကြည့်ရှုခဲ့ပါသည်။ ထိုဆပ်ကပ်ပွဲ၌ပင် နေရာလုရင်း ကျွန်တော်တို့ ကျောင်းသားတစ်စုနှင့် အခြားသူတစ်စု ရန်ဖြစ်ကြပါသည်။ ကျွန်တော်တို့ဘက်ကမှန်နေသောကြောင့်အုပ်စုလည်းကောင်းနေသောကြောင့် တုံ့ပြန်ရန်ဖြစ်မည်ကို ဆရာကြီး မကြိုက်ပါ။ တစ်ဖက်လူစုအားတောင်းပန်၍ သူကိုယ်တိုင် ကျွန်တော်တို့အား ထိန်းသိမ်းပြီး ပြန်ခေါ်သွားသည်ကိုလည်း သတိရမိပါသည်။

ဆရာကြီးသည် လူပျိုလူလွတ်တစ်ဦးပီပီ သူ၏ညီမတစ်ဝမ်းကွဲ နေအိမ်၌နေထိုင်ရင်းစာသင်နေသူဖြစ်ပါသည်။အခြားသောတာဝန်ဝတ္တရားများလည်း မရှိအောင်နေသူ ဖြစ်ပါသည်။ သူ၏ငယ်စဉ်ဘဝကို ကျွန်တော်တို့ မသိပါ။ ကျွန်တော်တို့သိသော အသက်အရွယ်တွင် အသက်ခြောက်ဆယ်ပြည့်ရန် တစ်နှစ်အလို ဖြစ်နေပါသည်။ ကျွန်တော်တို့ ရှစ်တန်းရောက်သည့်နှစ်တွင် ကျောင်းမှ ဆရာကြီး အငြိမ်းစားယူပါသည်။ အငြိမ်းစားဆရာကြီးအား နှုတ်ဆက်သည့်ပွဲတွင် ဆုံးမစကားများနှင့်အတူ မျက်ရည်လည်နေသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ ဆရာကြီးသည် တစ်ခါတစ်ရံ သူ့အကြောင်းကိုတစ်စွန်းတစ်စ ပြောလေ့ရှိပါသည်။ ကျွန်တော်တို့

မြို့လေးနှင့် မိုင် ၂၀ ကျော်ဝေးသော ရွာလေးတစ်ရွာတွင် မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်ပါသည်။ ကျွန်တော့်အား နက္ခတ်ဗေဒင်ပညာ သင်ကြားရန် ထူးထူးခြားခြား တိုက်တွန်းခဲ့သော ဆရာကြီးလည်း ဖြစ်ပါသည်။ ထိုဗေဒင်ပညာတော့ ကျွန်တော် မသင်ဖြစ်ခဲ့ပါ။ သူ ပင်စင်ယူသွားချိန်တွင် သူ ဝတ်ခဲ့သော ကျောင်းစိမ်းလုံချည်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်များအပြင် ဆယ်နှစ်နီးပါးမျှ စုဆောင်းထားသော တေဇ၊ တို့ကျောင်းသား စာစောင်အတွဲများကို ကျွန်တော့်အား အမွေအဖြစ် ပေးခဲ့ဖူးပါသည်။ ဆရာကြီးသည် စာရေးဆရာ၊ ကဗျာဆရာ မဟုတ်သော်လည်း စာကဗျာနှင့်ပတ်သက်သော စာပေများစွာကိုလည်း ဖတ်ရှုလေ့လာသူ ဖြစ်ပါသည်။

ဝေဖန်ရေးဆရာ ဝင်းလတ်၊ မောင်စွမ်းရည် စသော ဆရာများ၏ ဝေဖန်ရေးစာအုပ်များကို ထိုစဉ်ကတည်းကပင် ပေးဖတ်ခဲ့ပါသည်။ ထိုဝေဖန်ခံရသော စာအုပ်များအား ရှာဖွေဖတ်ရှုစေခဲ့သူလည်း ဖြစ်ပါသည်။ ဆရာကြီးဇော်ဂျီ၊ ဆရာကြီးမင်းသုဝဏ်တို့၏ စာကဗျာများနှင့်လည်း ထိတွေ့ရင်းနှီးစေရုံသာမက အချို့ကို အလွတ်ပင် ကျက်မှတ်ခိုင်းခဲ့သူဖြစ်ပါသည်။ ရန်ကုန်ဘဆွေ၏ သီကုံးပန်းသွင် ရေးဖွဲ့ချင်သော်၊ ပန်းသွင်သီကုံး ရေးနည်းထုံး၊ ပုဂံဝန်ထောက်မင်းဦးတင်၏ကဗျာဗန္ဓသာရကျမ်း၊ ဝေါဟာရတ္ထပကာသနီကျမ်း၊ ဝေါဟာရလိနတ္ထ ဒီပနီကျမ်း၊ စလေဦးပုည၏ ဝတ္ထုလေးပုဒ်၊ မေတ္တာစာများ၊ ကျည်းကန်ရှင်ကြီး၏ မေတ္တာစာများ၊ ဆရာဦးအေးမောင်၏ သေသည်၏ အခြားမဲ့၌ စသော မြန်မာစာပေနှင့်ပတ်သက်သော စာအုပ်ပေါင်းမြောက်မြားစွာကို ထိတွေ့ပေးခဲ့သူ ဖြစ်ပါသည်။ ငယ်စဉ်ကတည်းက ကဗျာပိုးပါသူပီပီ ထိုကာလကတည်းက ကဗျာများ၊ စာတိုပေစများကို လက်တည့်စမ်း ရေးသားခဲ့ဖူးပါသည်။ မှတ်မှတ်ရရ အသက် (၁၃)

နှစ်အရွယ်တွင် ထိုစဉ်က လမ်းစဉ်လူငယ်များ ဦးဆောင်ထုတ်ဝေသော လူငယ်စာစောင်တွင်ကဗျာများရေးသားဖြစ်ခဲ့ပါသည်။ပထမဦးဆုံးသော ရေးသားခဲ့သည့် ကဗျာလေးမှာ "ခေါင်းဆောင်"ဟူသော ကဗျာလေးဖြစ်ပါသည်။

"နောက်လိုက်ငယ်သား

လူအများကို

ကြိုးစားရှေ့ဆောင်

လမ်းမှန်ဘောင်သို့

ဦးဆောင်ပြသ ပေးသောသူ" ဟူသော ကဗျာတိုလေး ဖြစ်ပါသည်။

ထိုကဗျာလေးအပြီးတွင် လွတ်လပ်ရေးနေ့၊ အာဇာနည်နေ့ အထိမ်းအမှတ်ထုတ်ဝေသည့် စာစောင်များ၊ လက်ကမ်းစာစောင်များတွင် ကဗျာလေးများ စတင်ရေးဖြစ်ခဲ့ပါသည်။ ဆရာကြီး မြှင့်တင်ပေးလိုက်သည့် စာဖတ်အားကလည်းတော်တော်ကောင်းလှသည့်အတွက်စာအုပ်စာပေရှားပါးသော နယ်မြို့တွင် တွေ့ရာစာအုပ်မှန်သမျှ ဖတ်ရှုခဲ့ပါသည်။ တရုတ်သိုင်းဝတ္ထုများမှအစ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံ၊ ဆရာမကြီးဒဂုန်ခင်ခင်လေး၏ စာဆိုတော်၊ လယ်တီဆရာတော်ဘုရားကြီး၏ယမိုက်ကျမ်းများကိုပါနားမလည်ဘဲနှင့်ဖတ်ရှုခဲ့ဖူးပါသည်။တရုတ်ပြည်ပေါ်မှ ကြယ်နီ(The Red Star in the China) စာအုပ်ကြီးကို ဖတ်ရှုနေစဉ် ကျွန်တော့်အစ်ကိုအကြီးမှ လာရောက်သိမ်းဆည်းသွားပါသည်။ နောက်မှသိရသည်မှာ ကျွန်တော်တို့မြို့နယ်တွင် ကွန်မြူနစ်ယူဂျီတစ်ယောက်အား ဖမ်းမိသည့်အချိန်တွင် ထိုစာအုပ်ကိုပါ သက်သေခံပစ္စည်း

အဖြစ် သိမ်းဆည်းသွားခဲ့သည့် သာဓကရှိသဖြင့် ကျွန်တော့်အစ်ကိုမှ တားမြစ်ခြင်း ဖြစ်ပါသည်။

ဆရာ၏ပံ့ပိုးမှုနောက်တွင် ကျွန်တော့်အစ်ကို အကြီးဆုံးဖြစ်သော ကိုဉာဏ်ထွန်း၏ ပံ့ပိုးမှုများကိုလည်း ချန်လှပ်ခဲ့၍ မရနိုင်ပါ။ ထိုစဉ်ကာလ ကတည်းကပင် သူသည် မြို့နယ်၏ စာပေစာနယ်ဇင်းအသင်းဝင်တစ်ယောက်ဖြစ်ရုံမက ကဗျာစာအုပ်နှစ်အုပ်ခန့်လည်း ထုတ်ဝေပြီးသူ ဖြစ်နေပါသည်။ မိုးဝေ၊ ရှုမဝ၊ တိုင်းရင်းမေ၊ ပေဖူးလွှာ စသော မဂ္ဂဇင်းကြီးများတွင် ကဗျာများကို ဝင်ရောက်ရေးသားနေသူ ဖြစ်ပါသည်။ သူစုဆောင်းထားသော စာအုပ်များမှာလည်း ကျွန်းသေတ္တာကြီးတစ်လုံးအပြည့် ဖြစ်ပါသည်။ လျှပ်စစ်မီးမရှိ၊ တယ်လီဗေးရှင်းမရှိ၊ ကက်ဆက်မရှိသော ကျွန်တော်တို့အိမ်တွင်ထိုကျွန်းသေတ္တာကြီးမှာတန်ဖိုးအကြီးဆုံးသောရတနာသေတ္တာကြီးပင် ဖြစ်ပါသည်။ ဆရာကြီး၏စာဖတ်ကျင့်ပျိုးပေးလိုက်သည့် အမှုအကျင့်ကောင်းများကို ထိုစာအုပ်သေတ္တာကြီးက ဆွဲဆောင်သိမ်းသွင်းသွားပါသည်။ ယနေ့ ကျွန်တော်ထုတ်ဝေသူ ဖြစ်နေခြင်းမှာလည်း ထိုသို့သော နောက်ခံအကြောင်းတရားများကြောင့်သာ ဖြစ်ပါသည်။

၁၉၈၃ ခုနှစ်တွင် ကျွန်တော့်အစ်ကိုနှင့် ဇလွန်လွမ်းကျော်တို့ ပူးပေါင်းကာ လဝန်းရိပ်စာပေဟူသော စာအုပ်အငှားဆိုင်လေးကို ဖွင့်လှစ်ခဲ့ဖူးပါသည်။ စာအုပ်များ မပြည့်တင်းနိုင်၍ စာအုပ်ဆိုင်လေးမှာ ကာလတစ်ခုအထိသာ သက်တမ်းရှိခဲ့ပါသည်။ ကျွန်တော် ဆယ်တန်းအောင်မြင်ချိန်တွင် ထိုစာအုပ်ဆိုင်လေးမှာ ဖွင့်တစ်ရက်၊ မဖွင့်တစ်ရက် ဖြစ်နေသည်။ ထို့ကြောင့် ထိုစာအုပ်ဆိုင်လေးအား ကျွန်တော်ဆက်လုပ်ခွင့်အား တောင်းခဲ့ရပါသည်။ ရန်ကုန်စာပေတိုက်များမှ စာအုပ်အသစ်များကို VPP စနစ်ဖြင့်

မှာယူခဲ့ရပါသည်။ ကျွန်တော်အထင်ကြီး အားကျခဲ့သော စာပေတိုက်ကြီး များ၏ပိုင်ရှင်များမှာ ယခုအခါတွင် ကျွန်တော်နှင့် အလွန်ခင်မင်ရင်းနှီး ကြသော မိတ်ဆွေကြီးများ ဖြစ်နေကြလေပြီ။

ထိုစဉ်ကာလက ကျွန်တော် အလွန်နှစ်သက်ခဲ့သော မျက်နှာဖုံးပန်း ချီဆရာကြီးများမှာလည်း ကျွန်တော့်စာအုပ်တိုက်ထုတ် စာအုပ်များတွင် ရေးဆွဲပေးကြပါသည်။ ကျွန်တော့်၏စာမူဝတ္ထုတိုကို ပထမဦးဆုံး စတင် ဖော်ပြပေးခဲ့သည့် ဆရာများဖြစ်ကြသော ဆရာမောင်စိန်ဝင်း(ပုတီး ကုန်း)၊ ဆရာနွမ်ဂျာသိုင်းတို့နှင့်လည်း အလွန်ခင်မင်ရင်းနှီးသော စာပေ မိတ်ဆွေများ ဖြစ်နေကြပါသည်။ အချို့သော ခရီးများ၊ ဟောပြောပွဲများ တွင်လည်း အတူတူသွားရောက်ခဲ့ကြသည်အထိ ရင်းနှီးခင်မင်နေကြပြီ ဖြစ်ပါသည်။ စာပေနှင့်စိတ်ဓာတ်က ကျွန်တော်ရောက်ချင်သော နေရာ အထိ တွန်းပို့ခဲ့ကြခြင်း ဖြစ်သည်။

ထိုတွန်းအားကို ရရှိစေသည့် အကြောင်းခံမှာ ငယ်ဘဝက ပြုစုပျိုး ထောင်ကာ ကောင်းမွန်သောစိတ်ဓာတ်များ သွင်းပေးခဲ့ကြသည့် ဆရာ/ ဆရာမများ၏ကျေးဇူးပင် ဖြစ်ပါသည်။ အထူးသဖြင့် စာပေဝါသနာမျိုးစေ့ ကို ချပေးခဲ့သူမှာ ဆရာကြီးဦးသန်းရွှေသာ ဖြစ်ပါသည်။

ဆရာကြီးသည် ကျွန်တော့်အားနက္ခတ်ဗေဒပညာကိုမဟာသာပက် တန်းဘုန်းကြီးထံတွင် သင်ယူစေရန် ဆန္ဒရှိခဲ့ပါသည်။ ထိုဘုန်းကြီးမှာ သမ္ဘတကြီးဦးနေဝင်းတည်ခဲ့သော မဟာဝိဇယစေတီ၏ ကြယ်လနက္ခတ် တာရာ အစီအရင်များအား စီရင်ခဲ့သူ ဖြစ်ပါသည်။ နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် သာသနာသန့်ရှင်းရေးထဲ ပါဝင်ခဲ့ပြီး ဤပက် တန်းရွာကလေးတွင် ကျောင်းသေးလေးဆောက်ကာ ဗေဒင်ပညာကို

ဆက်လက်ဟောပြောလေ့လာနေသော ဘုန်းကြီး ဖြစ်ပါသည်။ အကယ်၍သာ ဆရာကြီးသင်ခိုင်းခဲ့စဉ်က သင်ယူခဲ့မည်ဆိုလျှင် ယခုအခါတွင် ထုတ်ဝေသူတစ်ယောက် ဖြစ်လာလိမ့်မည်ဟု မထင်ပါ။ ဗေဒင်ဆရာတောင် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဆရာကြီးကိုယ်တိုင်လည်း ဗေဒင်လက္ခဏာပညာကို ယုံကြည်ပုံ ရပါသည်။ သူ့အသက် (၇၃) နှစ်တွင် သေမည်ဖြစ်ကြောင်း ဗေဒင်ဆရာနှစ်ယောက်က သီးခြားစီ ဟောဖူးသည့် အကြောင်းကျွန်တော့်အားပြောပြခဲ့ဖူးပါသည်။တစ်ဦးကလက္ခဏာဆရာဖြစ်၍ အသက်လမ်းကြောင်းကို ကွန်ပါချွန်ဖြင့် ထောက်ကာ အတိအကျဟောကြားခဲ့ကြောင်း၊ နောက်တစ်ဦးမှာ နက္ခတ်ဗေဒင်ပညာဖြင့် ကွယ်လွန်မည့်နေရက်အချိန်အခါအားအတိအကျဟောပြောကြောင်း၊ယေဘုယျအားဖြင့် နှစ်ယောက်လုံး၏ ဟောပြောချက်မှာ သူ၏အသက် (၇၃) နှစ်တွင် ကွယ်လွန် မည်ဖြစ်ကြောင်း ကျွန်တော့်အား ပြောပြခဲ့ဖူးပါသည်။

တကယ်တော့ ဗေဒင်ဟောထားခဲ့သလို မဟုတ်ဘဲ အသက် (၇၃) နှစ်အရွယ်မရောက်ခင် (၆၈) နှစ်၌ပင် ဆရာကြီး ကွယ်လွန်ခဲ့ပါသည်။ မကွယ်လွန်မီ လေဖြတ်ရောဂါဝေဒနာကို ဆရာကြီး ခံစားသွားရပါသည်။ ထိုအချိန်တွင် ကျွန်တော်တို့သည်လည်း ဆယ်တန်းများအောင်၍အလုပ်အသီးသီး၊ နယ်အသီးသီးတွင် တစ်ကွဲတစ်ပြားစီဖြစ်၍ ဆရာကြီး၏ သတင်းကို အမြဲတမ်း နားမစွင့်နိုင်သောအချိန် ဖြစ်ပါသည်။ လေဖြတ်နေစဉ်ကာလကတစ်ကြိမ်လူနာမေးသွားရောက်ခဲ့ဖူးပါသည်။တပည့်များကို မြင်သည်နှင့် မျက်ရည်များကျဆင်းကာ ဇရာနှင့် ရောဂါဒုက္ခကို ခံစားနေသော ဆရာကြီးကို အားပေးနှစ်သိမ့် စိတ်မကောင်းရုံကလွဲ၍ ဘာမျှ မတတ်နိုင်ခဲ့ပါ။ ဆရာကြီးကွယ်လွန်သည်ဟု သတင်းကြားသည်နှင့်

ဆရာကြီး၏ရွာသို့ သူငယ်ချင်းအချို့နှင့်စုကာ စက်ဘီးကိုယ်စီဖြင့် သွားရောက်ခဲ့ပါသည်။ ဆရာကြီး၏ရွာမှာ နဲကြိုးကျေးရွာဖြစ်ပါသည်။ အသုဘချမည့်နေ့တွင် သွားရောက်ခဲ့ပါသည်။ နဲကြိုးရွာသည် ရွာကြီးဖြစ်သည်နှင့်အညီ ရှေးဟောင်းတိုင်တစ်ရာကျောင်းကြီးများဖြင့် နဲကြိုးဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့သောရွာကြီး ဖြစ်ပါသည်။ နဲကြိုးဆရာတော်ဘုရားကြီး၏ ဝဋ္ဋဘေဒနီကျမ်းကို စာပေလေ့လာလိုက်စားသော ရဟန်းသံဃာများ မသိသူရှိမည်မထင်ပါ။ ထိုရွာလေးတွင် ဆရာကြီး နောက်ဆုံးခေါင်းချခဲ့ပါသည်။

ဆရာကြီးနှင့်ပတ်သက်၍ ရေးစရာများ၊ တွေးစရာများ ကျန်ရှိနေသေးသော်လည်း များများစားစား ရေးဖြစ်မည် မထင်။ ကျွန်တော့်အားဂရုစိုက်ခဲ့သော၊ကူညီခဲ့သောဆရာကြီးအားဖြစ်မြောက်အောင်ပြန်လည်ကျေးဇူးပြုနိုင်စွမ်း မရှိခဲ့သည့်အတွက် ယနေ့တိုင် စိတ်မကောင်းဖြစ်ရပါသည်။ ဤစာမူသည် မဆပ်ဖြစ်ခဲ့သော ဆရာကြီး၏ ကျေးဇူးကို ရေးဖွဲ့ညွှန်းဆိုသော စာမူလည်း ဖြစ်ပါသည်။

ဆရာ့ကျေးဇူး  
ဂုဏ်အထူးကို  
ချီးကျူးဖွဲ့နွှန်း  
စာဖြင့်ကုံးလည်း  
ဆုံးနိုင်တော့မည်မထင်ပါ။ ။



# ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှုဝတ်

ပြီးခဲ့သည့်တစ်လလုံးက နတ်မောက်မြို့တွင်ကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့်မွေးနေ့ အထိမ်းအမှတ်ပွဲအတွက် စာအုပ်ပေါင်းမြောက်မြားစွာကို ကူညီလုပ်ကိုင်ပေးခဲ့ရပါသည်။ နတ်မောက်မြို့မှ မဂ္ဂဇင်းကော်မတီက ထုတ်ဝေသော ရာပြည့်မော်ကွန်းစာအုပ် အပါအဝင် ပြက္ခဒိန်များ၊ ကဗျာစာအုပ်များနှင့် အခြားစာအုပ်တိုက်မှ စီစဉ်သော စာအုပ်ပေါင်းမြောက်မြားစွာ ထုတ်ဝေဖြစ်ခဲ့သည့်အတွက် တစ်လလုံး မအားလပ်အောင်ပင် အလုပ်များခဲ့ရပါသည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံးဗိုလ်ချုပ်အောင်ဆန်း၏အတ္ထုပ္ပတ္တိရုပ်ပြနှင့်ကာတွန်းစာအုပ်ကိုလည်း

စီစဉ်ထုတ်ဝေ ဖြစ်ခဲ့ပါသည်။ ကျွန်တော့်စာပေတိုက်နည်းတူ အခြားသော စာပေတိုက်များမှလည်း ဗိုလ်ချုပ်နှစ်တစ်ရာပြည့်အတွက် စာအုပ်များကို ထုတ်ဝေခဲ့ရာ ထိုလအတွင်း၌ပင် အမျိုးအစားပေါင်း ရာနှင့်ချီ၍ စာအုပ်များ ထွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

ဗိုလ်ချုပ်နှင့်ပတ်သက်သော စာအုပ်များသည် ကာလအတန်ကြာ တားဆီးပိတ်ပင်ခံခဲ့ရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းဟူသော စကားလုံးကိုပင် စာပေစိစစ်ရေးမှ ဖြတ်တောက်ခဲ့သည့်နှစ်ပေါင်းမှာ နှစ်ဆယ်ခန့် ရှိခဲ့ပါသည်။ ယခုအခါ စာပေစိစစ်ရေး မရှိသောကာလ ရောက်တော့မှပင် ဗိုလ်ချုပ်နှင့်ပတ်သက်သော ရေးသားခဲ့သည့် စာအုပ်ဟောင်းများ၊ အသစ်များအား အားပါးတရ ထုတ်ဝေခွင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ဆရာကြီးဒဂုန်ရွှေမျှား၏ လူရည်ချွန်ဟူသော စာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိအကျဉ်းအပါအဝင် မြန်မာနှင့် အခြားနိုင်ငံတကာမှ ထူးချွန်ထင်ရှားသော သူများအကြောင်း ရေးသည့်စာအုပ်လည်း ယခင်ကာလက ခွင့်မပြုခဲ့ပါ။ ယခုကာလမှပင် ပြန်လည်ထုတ်ဝေခွင့် ရရှိခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော့်စာအုပ်တိုက်အနေဖြင့် ဗိုလ်ချုပ်၏စာအုပ်များကို အားပါးတရ စီစဉ်ထုတ်ဝေခဲ့ရာ အမျိုးအစားပေါင်း ဆယ်မျိုးခန့်ပင် ထွက်ရှိဖြစ်ခဲ့ပါသည်။ ၎င်းအပြင် လစဉ်ထုတ်မဂ္ဂဇင်းများဖြစ်သော ပုံပြင်ကမ္ဘာ ကလေးရုပ်စုံစာစောင်နှင့် Happy Time ကလေးရုပ်စုံစာစောင်တို့တွင်လည်း ဗိုလ်ချုပ်နှစ်တစ်ရာပြည့် အထူးထုတ်အဖြစ် စီစဉ်ထုတ်ဝေဖြစ်ခဲ့ပါသည်။

စာပေတိုက်ရှိ အယ်ဒီတာများအပါအဝင် တစ်ဖွဲ့လုံးက ဗိုလ်ချုပ်နှင့် ပတ်သက်သော အကြောင်းအရာများတည်းဖြတ်ဖတ်ရှုဖြစ်ခဲ့ကြပါသည်။ နတ်မောက်မြို့မှ အစချီ၍ တစ်နိုင်ငံလုံးအတိုင်းအတာ ဗိုလ်ချုပ်ရာပြည့်

အထိမ်း အမှတ်ပွဲများလည်း စီစဉ်ဖြစ်ခဲ့သည်ကို တွေ့ရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအား နှစ်တစ်ရာကြာမြင့်သည့်တိုင် ပြည်သူလူထုကြီးတစ်ရပ်လုံးက မည်သည့်အတွက်ကြောင့် မမေ့နိုင် ဖြစ်နေကြရသနည်း။ အသက်သုံးဆယ့်နှစ်နှစ်သာသာလူရွယ်တစ်ယောက်အားအဘယ်ကြောင့်ကြည်ညိုလေးစားနေကြပါသနည်း။ နိုင်ငံအတွင်း၌ရှိသော တိုင်းရင်းသားများ၊ လူမျိုးဘာသာမရွေးက အရူလိုက်သည်းလိုက် အဘယ်ကြောင့် လေးစားဂုဏ်ယူနေကြပါသနည်း။

ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ မေးခွန်းပေါင်းမြောက်မြားစွာမည်မျှပင်မေးစေကာမူ အဖြေမှာ တစ်ခုတည်းပင် ဖြစ်သည်။ တစ်နိုင်ငံလုံးက အစစ်ဆေးခံနိုင်လောက်သည့် ရိုးသားခြင်းဂုဏ်တစ်ခုကြောင့်ဆိုလျှင်မည်သူမျှငြင်းမည်မထင်ပေ။ရိုးသားခြင်းသည်သီလပင်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းစသော အလုပ်များကို လုပ်ဆောင်သွားသည်ကို မတွေ့ရှိခဲ့ရ။ ထို့အတူ တရားဘာဝနာ အားထုတ်ခြင်း၊ ကျင့်ကြံခြင်းစသော အလုပ်များကိုလည်း လုပ်ဆောင်မသွားခဲ့။

သို့သော် သူ့၏ မူလဗီဇစိတ်ဓာတ်ကပင်လျှင် သူတစ်ပါး၏ဥစ္စာကို ခိုးယူရန်မဆိုထားနှင့် အလကားပင်မယူချင်ပေ။ မိသားစုဝင်များထဲမှ မိခင်ဖြစ်သူကိုယ်တိုင် ပဲဈေး၊ နမ်းဈေးများ ဈေးတင်ထားသည်ကို ကလေးဘဝထဲကပင် အများရှေ့တွင် ပြောင်ပြောတတ်သူ ဖြစ်ပါသည်။ ထို့အတူ ဖဆပလတွင် လုပ်ကိုင်နေစဉ်ကာလကပင် ရှမ်းအမျိုးသားကြီးတစ်ဦး လာရောက်၍ သူ့အတွက် သီးသန့်လှူဒါန်းသော ရွှေများကိုပင် ကျေနပ်အောင် လက်ခံ၍ အဖွဲ့သို့ လက်လွှဲလှူဒါန်းခဲ့သောပုဂ္ဂိုလ် ဖြစ်ပါသည်။

မုသားစကားကိုလည်း မည်သည့်အခါမျှ ပြောဆိုခဲ့ခြင်းမရှိပေ။ ကလေးဘဝထဲကပင် ဘုန်းတော်ကြီး ဦးသောဘိတက ကလေးများအား အိပ်ခိုင်း၍ မောင်အောင်ဆန်းအား "အိပ်ချင်သလား" ဟု မေးရာ "မအိပ်ချင်ကြောင်း" မလိမ်မညာဘဲ ပြန်လည်လျှောက်ထားဝံ့ခဲ့သူ ဖြစ်ပါသည်။ ထိုသို့သော အကျင့်စရိုက်သည် ဂျပန်များကို တိုက်ထုတ်ရာတွင်လည်းကောင်း၊ အင်္ဂလိပ်များကို တိုက်ထုတ်ရာတွင်လည်းကောင်း မိမိ၏ရန်သူကိုပင် ပွင့်လင်းရိုးသားစွာ ပြောဆိုမှုကြောင့် ရန်သူကပင် လေးစားကြည်ညိုရသူ ဖြစ်ခဲ့ပါသည်။

ထိုအဖြစ်အပျက်များကို ဂျပန်များအား ပြန်လည်တိုက်ထုတ်ရန် ပြင်ဆင်နေကြောင်းဗိုလ်မိုးကြိုး(ကာနယ်ဆူဇူကီး)အားပွင့်လင်းစွာပြောကြားခဲ့ပုံများနှင့် အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုခဲ့စဉ်က အဖြစ်အပျက်များကို ကြည့်လျှင် သိရှိနိုင်ပါသည်။ တစ်ခါကလည်း သံဃာတော်များ၏ပွဲတစ်ခုတွင် ဗိုလ်ချုပ်တက်ရောက်၍ စကားပြောရာ၌ "ဒီပွဲကို တပည့်တော်အနေဖြင့် အခုမှရောက်လာတာ နားလည်ပေးစေချင်ပါတယ်။ တပည့်တော်အနေဖြင့်ရွေးကောက်ပွဲနားနီးသည့်အချိန်တွင်ဘုန်းတော်ကြီးများကို မှီ၍ မဲဆွယ်သည့်အထင်ခံရမည်စိုး၍ မလာချင်ပါ" ဟု လျှောက်ထားခဲ့ပါသည်။ ၎င်းအပြင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ဆက်ဆံရေးများ၊ နတ်မောက်မြို့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းများအား ပြန်ကြည့်လျှင် ဗိုလ်ချုပ်၏ မလိမ်မညာတတ်မှုအား တွေ့ရှိရမည် ဖြစ်ပါသည်။

ဗိုလ်ချုပ်၏လူငယ်ဘဝတွင်လည်း သူတစ်ပါးအိမ်ရာ ပြစ်မှားခြင်းနှင့် ပတ်သက်၍ကျူးလွန်ခဲ့ခြင်းမျိုးလည်းမတွေ့ရှိခဲ့ရပါ။ ရဲဘော်သုံးကျိပ်ဘဝ

ဖြင့် ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ကြားနေစဉ်ကာလကပင် ဂျပန်များက မိန်းမကိစ္စနှင့်ပတ်သက်၍ စည်းရုံးသော်လည်း ရှောင်ကြဉ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ တစ်ခါက စည်းရုံးရေးဆင်းရင်း ရွှေဘိုဘက်သို့ ရောက်ရှိခဲ့ရာ ညဘက်၌ ဧည့်ခံဖျော်ဖြေသော အငြိမ့်ပွဲအား ကြည့်ခဲ့ရပါသည်။ ဗိုလ်ချုပ်အား စနောက်ချင်သော ပုဂ္ဂိုလ်တစ်ဦးက အငြိမ့်မင်းသမီး ညိုညိုစိမ့်အား တီးတိုးမှာကြားကာ ဗိုလ်ချုပ်ကို နှုတ်ဆက်ရင် လက်ကို ဆွဲနိုင်းပါသည်။ ဗိုလ်ချုပ်ကလည်း ထိုအကြောင်းကို ရိပ်မိပုံရလိမ့်မည်။ ထို့ကြောင့် အငြိမ့်မင်းသမီးအား (ကျုပ်မှာ ကာမပိုင်ရှိတယ်ဗျ၊ မခင်ကြည်ဟာ ကျုပ်မိန်းမပဲ) ဟူ၍ ပြောခဲ့သော ဆောင်းပါးကိုလည်း ဖတ်ရှုခဲ့ရဖူးပါသည်။

၎င်းအပြင် သေရည်သေရက်များ သောက်သုံးခြင်းဟူသော အကြောင်းအရာမှတ်တမ်းများလည်း ရှာမတွေ့ခဲ့ရပါ။ စစ်သားဖြစ်ခဲ့သည့်အတွက် ပါကာတိပါတာ ကံကိုတော့ ကျူးလွန်ကောင်း ကျူးလွန်ခဲ့ရနိုင်ပါသည်။ နှစ်ပေါင်းတစ်ရာခန့် အုပ်စိုးနေသော နေမဝင်အင်ပါယာကြီးကို လက်နက်ကိုင်၍ တော်လှန်ခဲ့ရပါသည်။ မိမိနိုင်ငံလွတ်လပ်ရေးအတွက် အကူအညီတောင်းခံခဲ့ရသော ဖက်ဆစ်ဂျပန်များကိုလည်း ပြန်လည်တိုက်ထုတ်ခဲ့ရသည့်အတွက် မလွှဲမကင်းသာသော ဤကံတစ်ခုကိုဖြင့် တိမ်းရှောင်ဖို့ ခက်ကောင်းခက်နိုင်ပါသည်။ သို့သော်လည်း လူတစ်ယောက်အား မုန်းတီးစိတ် နာကြည်းစိတ်မျိုးမဟုတ်ဘဲ တရားသောစစ်အတွက်၊ ပြည်သူလူထုအတွက် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါသည်။

မြန်မာပြည်တွင် ဗိုလ်ချုပ်အဆင့်သာမက ဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်မှူးကြီး စသည်ဖြင့် အဆင့်မြင့်ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ရသူများ

မရေမတွက်နိုင်အောင် ရှိခဲ့ကြသော်လည်း ပြည်သူအားလုံး၏ ရင်ထဲတွင် ဗိုလ်ချုပ်အောင်ဆန်းတစ်ယောက်ကိုသာ စွဲစွဲမြဲမြဲ လေးစားကြည်ညိုနေကြပါသည်။ လူမသမာတို့၏ လုပ်ကြံခံရချိန်တွင် အသက်သုံးဆယ့်နှစ်နှစ်ငါးလ ခြောက်ရက်သာ ရှိခဲ့သေးသော်လည်း ယနေ့ခေတ်ကာလ နှစ်ပေါင်းတစ်ရာကြာသည့်တိုင် မမေ့နိုင်ကြသေးပေ။ တိုင်းပြည်၏ အခက်အခဲ အကျပ်အတည်း ဖြစ်ပေါ်လာချိန်တိုင်း ဗိုလ်ချုပ်ကဲ့သို့ ခေါင်းဆောင်မျိုးကို တသကြပါသည်။ ဗိုလ်ချုပ်သည် တိဟိတ်လူမျိုး ဖြစ်သည်။ အတိဇာတသား ဖြစ်သည်။ လွတ်လပ်ရေးရရန်ဟူသော စိတ်တစ်ခုတည်းကိုမွေး၍ မိမိအတွက် ဘာကိုမျှဂရုမစိုက်သူ ဖြစ်သည်။ စားရေး သောက်ရေး နေရေး ထိုင်ရေး အရာအားလုံး မစဉ်းစားခဲ့။ တိုင်းပြည်၏ ကြွယ်ဝသော သယံဇာတများကို အိတ်ထဲထည့်ရန် စဉ်းပင်မစဉ်းစားခဲ့။ ငယ်ငယ်ရွယ်ရွယ်နှင့် ရရှိခဲ့သော အမြင့်ဆုံးသော ရာထူးကို အသုံးချ၍ အခွင့်အရေးရယူရန်လည်း ဘယ်သောအခါမှ စိတ်မကူးခဲ့။ လွတ်လပ်ရေးရရန် မည်သည့်နည်းနှင့် ဆောင်ရွက်ရမည်ကိုသာ အချိန်ရှိသ၍ တွေးတောလုပ်ဆောင်နေသူ ဖြစ်သည်။

ထို့ကြောင့်ပင် လုပ်ကြံခံရသည့်အချိန်တွင် အဝတ်အစား သုံးစုံသာ ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ အောင်ဆန်းအက်တလီစာချုပ်ချုပ်စဉ်ကလည်း မစ္စတာနေရူး လက်ဆောင်ပေး၍သာ ကုတ်အင်္ကျီတစ်ထည် ရရှိခဲ့ခြင်းဖြစ်ပါသည်။ ချိတ်ထဘီ တပြောင်ပြောင်၊ ခေါင်းပေါင်းစ တလူလူနှင့် ပြည်သူ့ဘဏ္ဍာနှင့် နိုင်ငံတော်၏ သယံဇာတများအား လက်ညှိုးထိုးရောင်းစား အိတ်ထဲထည့်နေသော ဗိုလ်ချုပ်များနှင့် မနှိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်ပင် ဖြစ်ပါသည်။

ထကြွနိုးကြားသနားသည်းခံဝေဖန်ထောက်ရှုဉာဏ်ခြောက်ခုကြီးသူ့ ကျင့်ဝတ်တာဟုဆိုသောနာယကဂုဏ်ခြောက်ပါးထက်မကပြည့်စုံသော် လည်း သေဆုံးချိန်တွင် လူရှုယ်လူလတ်ပိုင်းသာ ရှိသေးပါသည်။ ဤသို့ သော လူမျိုးသည်လည်း နှစ်ပေါင်း ၅၀၀ အတွင်း တစ်ယောက် ပေါ်နိုင်ခဲ သည်ဟု နေရှုး၏မှတ်ချက်ကိုလည်း သတိရမိပါသည်။ ဗိုလ်ချုပ်အောင် ဆန်းအကြောင်းအား ရေးသားသော စာအုပ်ပေါင်းလည်း များလှပေ သည်။ ဆက်၍လည်း ရှုထောင့်ပေါင်းစုံက ရေးနေကြဆဲပင် ဖြစ်ပါသည်။ ရေးသား၍လည်း ကုန်နိုင်ဖွယ် မမြင်ပါ။

ဗိုလ်ချုပ်သည် ငယ်စဉ်ကပင် ဒီပင်္ကရာဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးသောဘိတထံမှ ပညာသင်ကြားခဲ့ရသည်ဟု သိရှိခဲ့ရသော ကြောင့်ဘာသာရေးအဆုံးအမနှင့်နီးစပ်ထိတွေ့ခဲ့ရသူတစ်ယောက်ဖြစ်ပါ သည်။ဗုဒ္ဓဘာသာအဆုံးအမတရားများလည်းနှလုံးသားတွင်ခိုဝင်နေသူ တစ်ယောက် ဖြစ်ပါသည်။ ဗုဒ္ဓတရားတော် အဆီအနှစ်များအား အပြင် ပန်းတွင် ဟန်ဆောင်ပန်ဆောင် လုပ်ပြနေသူတစ်ဦးမဟုတ်ဘဲ နှလုံးသား ဝယ် ဘုရားတည်ထားသူ ဖြစ်ပါသည်။ ထို့ကြောင့်ပင် ၎င်း၏ နေထိုင်ပြုမူ ပြောဆိုပုံများနှင့် အကျင့်စာရိတ္တသည် ခိုင်မြဲသောဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်၏ အမူအကျင့်များပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်နှင့်ပတ်သက်သော စာအုပ်များကို အများကြီးဖတ်ရှုဖြစ်ခဲ့ပါ သည်။ ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့်ပွဲနှင့်လည်း ပတ်သက်၍ စာအုပ်တချို့အား ထုတ်ဝေဖြစ်ခဲ့ပါသည်။ နတ်မောက်တွင်ကျင်းပခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှစ်တစ်ရာပြည့်ပွဲအား သွားရောက်ခဲ့ရာ ဗိုလ်ချုပ် ငယ်စဉ်က ဖြတ်သန်းခဲ့ရာ ပတ်ဝန်းကျင်ကို ထိတွေ့လေ့လာခွင့်လည်း

ရရှိခဲ့ပါသည်။ထို့ကြောင့်ပင်ဗိုလ်ချုပ်၏ကိုယ်ကျိုးမဖက်သောရိုးသားခြင်း ဂုဏ်အား မည်သည့်အခါမျှ မြေမြှုပ်သင်္ဂြိုဟ်ပစ်၍ ရရှိမည်မဟုတ်ပေ။

ယခုနှစ်သည် မြန်မာပြည်၏ နိုင်ငံရေးအခြေအနေအရ များစွာရှုပ်ထွေးသော နှစ်တစ်နှစ် ဖြစ်ပါသည်။ အထွေထွေရွေးကောက်ပွဲ ကျင်းပရမည့်နှစ်ဖြစ်သလို ပြည်တွင်းငြိမ်းချမ်းရေးအပါအဝင် ပညာရေး၊ ကျန်းမာရေး၊အလုပ်သမားများအရေးစသောအရေးကိစ္စပေါင်းမြောက်မြားစွာဖြစ်ပွားနေသောကာလလည်းဖြစ်ပါသည်။ပြည်သူများမှာလည်းအဖက်ဖက်က စိတ်ဖိစီးမှုများ များပြားနေသည့် အချိန်လည်း ဖြစ်ပါသည်။

ဤသို့သော အခက်အခဲပေါင်း မြောက်မြားစွာအား ရိုးသားခြင်းဟူသော လက်နက်တစ်ခုတည်းဖြင့်သာ ဖြေရှင်း၍ရမည် ထင်ပါသည်။ ရိုးသားမှုမရှိလျှင် မည်သည့်ကိစ္စပင် ဖြစ်စေကာမူ အောင်မြင်မည်မဟုတ်ပေ။ ထို့ကြောင့် နိုင်ငံခေါင်းဆောင်များအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ကျိုးမဖက်သောပွင့်လင်းရိုးသားမှုအားအတုယူ၍နိုင်ငံကိုတိုးတက်ငြိမ်းချမ်းအောင် ရှက်ဆောင်ကြပါဟု တိုက်တွန်းလိုက်ရပါသည်။

# နာမည်နှင့် နိမ္မာန်

အပါအဝင်

## ဓမ္မရသစာတမ်းများ

ကိုမြင့်ထွန်း (Quality)



[ ဒုတိယအကြိမ် ]

QUALITY POCKET SERIES